# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ခန္ဓာငါးပါးကို မပြတ်ရှုမြင်**

ခန္ဓာငါးပါးတို့၏ အဖြစ်အပျက်ကို မရှုမမြင်ဘဲ အနှစ်တစ်ရာ ပတ်လုံး အသက်ရှည်ရခြင်းထက် ခန္ဓာငါးပါးတို့၏ အဖြစ်အပျက်ကို မပြတ်ရှုမြင်ရသောပုဂ္ဂိုလ်၏ တစ်ရက်မျှ အသက်ရှည်ရခြင်းသည် မြတ်၏။

**သဟဿဝဂ်(ဓမ္မပဒ - ၁၁၃)**


၁၃၇၉ ခုနှစ်၊ ဝါဆိုလပြည့်နေ့ ၂၀၁၇ ခုနှစ်၊ ဇူလိုင် ၈ ရက်၊ စနေနေ့၊ အတွဲ (၅၆)၊ အမှတ်(၂၇၈)


# နှစ်စဉ်စီမံကိန်းများအတွက် ဦးစားပေးအစီအစဉ်များ၊ လုပ်ငန်းများနှင့် လုပ်နည်းစနစ်များကို ညှိနှိုင်းဖော်ထုတ်ချမှတ်ရန် လိုအပ်နေသေးကြောင်း နိုင်ငံတော်သမ္မတ ဦးထင်ကျော် ပြောကြား



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အမျိုးသားစီမံကိန်းကော်မရှင်အစည်းအဝေး ကျင်းပစဉ် (သတင်းစဉ်)

**နေပြည်တော် ဇူလိုင် ၇**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အမျိုးသားစီမံကိန်းကော်မရှင် (၂/၂၀၁၇) အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတ အိမ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ အမျိုးသားစီမံကိန်းကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးထင်ကျော် တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ အမျိုးသားစီမံကိန်းကော်မရှင် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် ဦးဟင်နရီဗန်ထီးယူ၊ စီမံကိန်းကော်မရှင်အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ဒေသဦးစီးဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်သမ္မတက စီမံကိန်းကော်မရှင်၏ ပထမအကြိမ် အစည်းအဝေးကို ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၉ ရက်တွင် ကျင်းပခဲ့ပါကြောင်း၊ အဆိုပါအစည်းအဝေးသည် မိမိတို့အစိုးရပထမဆုံးရေးဆွဲထားသည့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေ(မူကြမ်း)ကို ပြည်ထောင်စုလွှတ်တော်သို့ မတင်သွင်းမီ ကော်မရှင်တွင် ချပြညှိနှိုင်းပြီး အတည်ပြုချက်ရယူရန် ဆောင်ရွက်ခဲ့သည့် အစည်းအဝေးဖြစ်ပါကြောင်း။

စီမံကိန်းရေးဆွဲရာတွင် ပြည်သူများ၏ လတ်တလောလိုအပ်ချက်များနှင့် တိုင်းပြည် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များကို နိုင်ငံတော်က ခွင့်ပြု


*စာမျက်နှာ ၃ ကော်လံ ၁* ❋


## တည်ဆောက်ရေး၊ ပစ္စည်းဝယ်ယူရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုက်နာရမည့် တင်ဒါလုပ်ထုံးလုပ်နည်းများနှင့်အညီ ပွင့်လင်းမြင်သာမှုရှိရှိ ဆောင်ရွက်ရန်နှင့် အစစ်ဆေးခံနိုင်ရန်လိုကြောင်း နိုင်ငံတော်သမ္မတ ပြောကြား


*စာမျက်နှာ - ၄*


## မှတ်သားဖွယ်ရာ မိုးရေချိန်များ

၇-၇-၂၀၁၇

| | | | |
|---|---|---|---|
| | | လပွတ္တာမြို့ | ၃ ဒသမ ၃၅ လက်မ |
| | | လှိုင်းဘွဲ့မြို့ | ၂ ဒသမ ၆၀ လက်မ |
| ဟိုင်းကြီးကျွန်းမြို့ | ၈ ဒသမ ၀၇ လက်မ | ရန်ကုန်(ကမ္ဘာအေး) | ၂ ဒသမ ၄၈ လက်မ |
| ကော့သောင်းမြို့ | ၄ ဒသမ ၃၃ လက်မ | စစ်တွေမြို့ | ၂ ဒသမ ၁၆ လက်မ |
| ခရမ်းမြို့တွင် | ၄ ဒ သမ ၀၆ လက်မ | တောင်ကုတ်မြို့ | ၁ ဒသမ ၉၇ လက်မ |
| မောင်တောမြို့ | ၃ ဒသမ ၉၀ လက်မ | ရန်ကုန်(မြို့လယ်) | ၁ ဒသမ ၈၉ လက်မ |
| မြိတ်မြို့ | ၃ ဒသမ ၃၉ လက်မ | ကျောက်တော်မြို့ | ၁ ဒသမ ၈၅ လက်မ |




**မြန်မာ့အလင်း**

# လူထုအပေါ် ဖိစီးနေသော ဝန်ထုပ်ဝန်ပိုးတို့အား ဖျက်သိမ်းခြင်း

ပြည်သူလူထုတို့သည် မိမိတို့နေအိမ်၌ အစဉ်သဖြင့် နေထိုင်ကြရသည် မဟုတ်ပါ။ စီးပွားရေးအတွက်ဖြစ်စေ၊ လူမှုရေးအရဖြစ်စေ၊ တာဝန်ဝတ္တရား အရဖြစ်စေ တခြားဒေသ မြို့ရွာများသို့ ညအိပ်ညနေ ခရီးထွက်ကြရပါသည်။ တစ်ခေတ်တစ်ခါက ညအိပ်ညနေခရီးထွက်ရပါက လက်ခံရသော အိမ်ရှင်တို့သည် မိမိတို့အိမ်သို့ လာရောက်ကြသော ဧည့်သည်တို့အတွက် သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေး အာဏာပိုင်တို့ထံ မဖြစ်မနေ ဧည့်စာရင်းတိုင်ကြရပါသည်။ ဧည့်စာရင်းတိုင်ကြားရခြင်း၏ ရည်ရွယ်ချက်သည် မိမိတို့ ရပ်ရွာသို့ လာရောက်တည်းခိုကြသော ဧည့်သည်တို့၏စာရင်းကို ရယူနိုင်ရန်ဖြစ်ပါသည်။ ထိုကဲ့သို့ ဧည့်စာရင်းရယူခြင်းသည် လုံခြုံရေးရှုထောင့်မှ စဉ်းစားဆောင်ရွက်သည်မှာ အထူးရှင်းလင်းရန် မလိုအပ်သောကိစ္စရပ်ဖြစ်ပါသည်။

သို့သော် ထိုကဲ့သို့ ဧည့်စာရင်းရယူခြင်းသည် တိုင်းပြည်လုံခြုံရေးအတွက် မည်မျှအထောက်အကူပြုသည်မှာ အလေးအနက်ထားသုံးသပ်သင့်သောကိစ္စဖြစ်ပါသည်။ နိုင်ငံတစ်ဝန်း သန်းနှင့်ချီသော ဧည့်သည်အဖြစ် တည်းခိုမှုတို့ကို စောင့်ကြပ်စစ်ဆေးရန်မှာမူ လက်တွေ့ဆောင်ရွက်နိုင်သောကိစ္စရပ်မဟုတ်ပါ။ သမိုင်းကို ပြန်ကြည့်ပါက ဤကဲ့သို့ စောင့်ကြပ်စစ်ဆေးနိုင်သော အဖွဲ့အစည်းဟူ၍လည်း မရှိခဲ့ပါ။ လက်တွေ့ကျကျ သုံးသပ်ပါက သက်ဆိုင်ရာရပ်ကွက်အာဏာပိုင်တို့က ဧည့်စာရင်းတို့ကို မည်သည့်အတိုင်းအတာအထိ စနစ်တကျ မှတ်တမ်းတင်ထိန်းသိမ်းထားနိုင်သည်ဆိုသည်မှာလည်း မေးခွန်းထုတ်ရမည့်ကိစ္စရပ်ဖြစ်ပါသည်။ အတိတ်ကာလ အတွေ့အကြုံအရ ဖမ်းဆီးစစ်ဆေးရန် အကြောင်းကိစ္စရပ်ရှိမှသာ သက်ဆိုင်ရာ အာဏာပိုင်တို့က ဧည့်စာရင်းစစ်ဆေးခြင်းကို အကြောင်းပြချက်အဖြစ် အသုံးချဆောင်ရွက်ခဲ့ကြသည်ကို တွေ့ရှိရပါသည်။ ဧည့်စာရင်းတို့ကို စောင့်ကြပ်စစ်ဆေးရာမှ ဖမ်းဆီးစစ်ဆေးရန် အကြောင်းကိစ္စတို့ ပေါ်ထွက်လာခြင်း မဟုတ်သည်ကို လက်တွေ့သမိုင်းဖြစ်ရပ်တို့က သက်သေပြပြီးဖြစ်ပါသည်။

အခြားတစ်ဖက်မှ စဉ်းစားကြည့်ပါကလည်း ဧည့်စာရင်းတိုင်ကြားရခြင်းသည် နေ့စဉ် စားဝတ်နေရေးအတွက် ရုန်းကန်လှုပ်ရှားနေကြရသော ပြည်သူလူထုအတွက် ဝန်ထုပ်ဝန်ပိုးတစ်ရပ်ဖြစ်နေပါသည်။ စောင့်ကြပ်စစ်ဆေးနိုင်ခြင်းမရှိသော ဧည့်စာရင်းတို့အတွက် ပြည်သူလူထုက တာဝန်ဝတ္တရားတစ်ရပ်အဖြစ် တိုင်ကြားရခြင်းသည် မလိုလားအပ်သော ကိစ္စရပ်ဖြစ်သကဲ့သို့ အပိုဝန်ထုပ်ဝန်ပိုးတစ်ရပ်ဖြစ်ပါသည်။ တိုင်းပြည်ကိုယ်စားပြု အာဏာပိုင်အဖွဲ့အစည်းတို့၏ တာဝန်သည် ပြည်သူလူထုအပေါ် မလိုလားအပ်သော ဝန်ထုပ်ဝန်ပိုးတို့ကို ဖန်တီးရန်မဟုတ်၊ ပြည်သူလူထုအပေါ် ဖိစီးနေသော အပိုဝန်ထုပ်ဝန်ပိုးတို့ကို လျှော့ချဖျက်သိမ်းရန်သာ ဖြစ်ပါသည်။

နိုင်ငံတော်လုံခြုံရေးဆိုသည်မှာ နိုင်ငံတိုင်း နိုင်ငံတိုင်းအတွက် အခြေခံလိုအပ်ချက်ဖြစ်ပါသည်။ သို့သော် နိုင်ငံတော်လုံခြုံရေးကို စနစ်တကျ ထိထိရောက်ရောက် အကောင်အထည်ဖော်နိုင်ရန် အရေးကြီးပါသည်။ စနစ်တကျထိထိရောက်ရောက် အကောင်အထည်ဖော်ခြင်းဟူသည် လက်တွေ့ရလဒ်က သုံးစွဲရသော တိုင်းပြည်ဘဏ္ဍာငွေကို ထင်ဟပ်ဖော်ဆောင်နိုင်စွမ်းရှိရမည်ဖြစ်သကဲ့သို့ ပြည်သူလူထုအပေါ် မလိုလားအပ်သော ဝန်ထုပ်ဝန်ပိုး ဖိစီးစေခြင်းမျိုးကိုလည်း ရှောင်ရှားနိုင်ရမည်ဖြစ်ပါသည်။ သို့ဖြစ်၍ နိုင်ငံတော်လုံခြုံရေးအား စနစ်တကျ ထိထိရောက်ရောက်အကောင်အထည်ဖော်ခြင်းရှုထောင့်မှ သုံးသပ်ပါက ဧည့်စာရင်းတိုင်ကြားရခြင်းသည် မဖြစ်မနေ ဖျက်သိမ်းရမည့်ကိစ္စရပ်ဖြစ်ပါသည်။ ဤကဲ့သို့ ဖျက်သိမ်းရမည့် ကိစ္စရပ်အား ဖျက်သိမ်းပေးခဲ့သော လွှတ်တော်အစိုးရ သစ်၏လုပ်ရပ်ကို ဂုဏ်ပြုကြောင်း လေးစားစွာတင်ပြအပ်ပါသည်။ ။




၂၀၁၆-၂၀၁၇ ခုနှစ် ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း အောင်မြင်သူများအား ရွှေကူ နှစ်ခြင်းအသင်းတော်မှ သိက္ခာတော်ရ သင်းအုပ်ဆရာ ဦးဇင်ဝါတောင်လာက ဇူလိုင် လပထမပတ်က ဆုများပေးအပ်ချီးမြှင့်စဉ် လဘန်အောင် (ကချင်မြေ)

# ရင်သားကင်ဆာ ဂရုပြုပါ၊ မိမိကိုယ်ကို ဂရုစိုက်ပါ ဆွေးနွေးပွဲ ကျင်းပမည်

**နေပြည်တော် ဇူလိုင် ၇**

၂၀၁၇ ခုနှစ် အရှေ့တောင်အာရှ ဒေသဆိုင်ရာ ရင်သားကင်ဆာ ဆွေးနွေးပွဲကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ရွှေရောင်နှင်းဆီကင်ဆာဖောင်ဒေးရှင်း၊ ပန်းရောင်နှင်းဆီ ရင်သားကင်ဆာ စောင့်ရှောက်သူများအဖွဲ့က ကြီးမှူးကျင်းပမည့် "ရင်သားကင်ဆာ ဂရုပြုပါ၊ မိမိကိုယ်ကို ဂရုစိုက်ပါ" ဆွေးနွေးပွဲကို ဇူလိုင် ၁၃ ရက် နံနက် ၉ နာရီ မှ ၁၂ နာရီအထိ ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ သူနာပြုတက္ကသိုလ်ခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါဆွေးနွေးပွဲတွင် အမေရိကန်နိုင်ငံမှ ရင်သားကင်ဆာအထူးပြု ဧည့်ဆရာဝန်ကြီးများ၊ ပညာရှင်များနှင့်အတူ ရင်သားကင်ဆာရောဂါ ဆွေးနွေးခြင်း၊ မိမိရင်သားမိမိစမ်းသပ်နည်း သင်ပြခြင်း၊ ရင်သားကင်ဆာကုသအောင်မြင်ထားသူများနှင့် မြန်မာ့ရိုးရာထုပ်ဆီးတိုးယှဉ်ပြိုင်ခြင်း စသည့် အစီအစဉ်များ ပါဝင်မည်ဖြစ်ပြီး စိတ်ပါဝင်စားသူများ တက်ရောက်နိုင်ကြသည်။

ဆွေးနွေးပွဲနှင့်ပတ်သက်ပြီး အသေးစိတ် သိရှိလိုပါက ရွှေရောင်နှင်းဆီ ကင်ဆာဖောင်ဒေးရှင်း ဖုန်း-၀၉-၇၃၁၅၄၉၇၄၊ အီးမေးလ် htun-rose@ gmail.com သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

# လ, ဝါဆို

❁ တိမ်ရောင်မျှင် တိမ်တစ်ပွေ့
လေငွေ့လို့ လာပြီဆို. . . .။
❁ မြေသင်းရနံ့ရယ်နှင့်
လေညင်းရာ ဖြန့်ကြက်ဖို့
ပုန်းညက်က ကြို. .။
❁ "ပြုဗ္ဗာသာဠ်" ကြယ်စင်ပျို
မေးစက်ခို လ,နံဘေး. . .။
❁ တောထွက်အခါ၊
ဟောမြွက်ရှာ ဓမ္မစက်နှင့်
ဝမ်းကြာတိုက် သန္ဓေယှဉ်တယ်
လ, မြတ်ကွဲ့လေး. . . .။ ။

**လင်းညို**

# သံတမန်နှင့် အထူး/ဝန်ထမ်း နိုင်ငံကူးလက်မှတ် ကိုင်ဆောင်သူများအတွက် ပြည်ဝင်ဗီဇာ ကင်းလွတ်ခွင့်သဘောတူစာချုပ် ချုပ်ဆို

**နေပြည်တော် ဇူလိုင် ၇**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရနှင့် မော်ရိုကိုဘုရင်နိုင်ငံအစိုးရတို့အကြား သံတမန်နှင့် အထူး/ဝန်ထမ်း နိုင်ငံကူးလက်မှတ် ကိုင်ဆောင်သူများ အတွက် ပြည်ဝင်ဗီဇာ ကင်းလွတ်ခွင့် သဘောတူစာချုပ် ချုပ်ဆိုနိုင်ခဲ့ကြောင်း သိရသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် မော်ရိုကိုဘုရင်နိုင်ငံတို့သည် နှစ်နိုင်ငံအကြား သမိုင်းဝင်ချစ်ကြည်ရင်းနှီးမှုဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတို့အား ထည့်သွင်းစဉ်းစား၍ သံတမန်ရေးရာနယ်ပယ်၌ ယင်းအဆက်အသွယ်များအား ပိုမိုတိုးမြှင့်ခိုင်ခံ့စေလိုခြင်းကို တွန်းအားပေးထောက်ခံသည့်အနေဖြင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်နှင့် မော်ရိုကိုနိုင်ငံ နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mrs. Mounia Boucetta တို့သည် ဇူလိုင် ၃ ရက်တွင် ရာဘတ်မြို့ မော်ရိုကိုနိုင်ငံ၌ နှစ်နိုင်ငံ၏ သံတမန်နှင့် အထူး/ဝန်ထမ်း နိုင်ငံကူးလက်မှတ်ကိုင်ဆောင်သူများအတွက် ပြည်ဝင်ဗီဇာကင်းလွတ်ခွင့်သဘောတူစာချုပ်ကို အင်္ဂလိပ်၊ မြန်မာ၊ အာရေဗျ သုံးဘာသာဖြင့် လက်မှတ်ရေးထိုးခဲ့ကြသည်။

ယင်းသဘောတူ စာချုပ်အရ နှစ်နိုင်ငံ၏ သံတမန်နှင့် အထူး/ဝန်ထမ်း နိုင်ငံကူးလက်မှတ်ကိုင်ဆောင်သူများ အတွက် ရက် ၉၀ ထက် မကျော်လွန်သည့် နေထိုင်ခွင့်ရရှိမည်ဖြစ်ပြီး နှစ်နိုင်ငံ သံတမန်နှင့် အထူး/ဝန်ထမ်းနိုင်ငံကူး လက်မှတ်ကိုင်ဆောင်သူများအကြား ခရီးသွားလာရေးကိုလည်း အဆင်ပြေလွယ်ကူချောမွေ့စေမည်ဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

# ထူးချွန်စွာအောင်မြင်သည့် ဝန်ထမ်းများ၏ သားသမီးများအား ဂုဏ်ပြု

**ပြည် ဇူလိုင် ၇**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့တည်ဆောက်ရေး(၂) ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန စက်မှုလုပ်ငန်း လက်ထောက်ညွှန်ကြားရေးမှူးရုံးမှ ၂၀၁၆-၂၀၁၇ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးသုံးဘာသာနှင့်အထက် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် စက်မှုဝန်ထမ်းများ၏ သားသမီးများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်းကို ပြည်မြို့စက်မှုလုပ်ငန်းရုံး(တည်ဆောက်ရေး-၂) စက်ပြင်အလုပ်ရုံ အစည်းအဝေးခန်းမ၌ ဇူလိုင် ၆ ရက် နံနက် ၉ နာရီခွဲက ကျင်းပခဲ့သည်။

အခမ်းအနားတွင် လက်ထောက်ညွှန်ကြားရေးမှူး(စက်မှု) ဦးဌေးဝင်းက ထူးချွန်ကျောင်းသားများအား အမှာစကားပြောကြားပြီး ငါးဘာသာဂုဏ်ထူးရှင် မောင်စိုင်းဆန်းလွင်ထူး၊ လေးဘာသာဂုဏ်ထူးရှင်များဖြစ်သော မောင်ဘုန်းပိုင်မင်းနှင့် မောင်အောင်ကိုကိုထက်တို့အား ဂုဏ်ပြုဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်စျေးနှုန်း

**ခင်ရတနာ-စုစည်းသည်။**

၇-၇-၂၀၁၇

**ရွှေစျေးနှုန်း(အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၉၂၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၄၀၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၉၃၀၀၀ |

**စက်သုံးဆီစျေးနှုန်း (စက်သုံးဆီအသင်း)**

| | |
|---|---|
| ဒီဇယ် | ၆၅၀/၆၇၀ ကျပ် (လက်လီစျေး) |
| အောက်တိန်း ၉၂ | ၆၅၀/၆၇၅ ကျပ် (လက်လီစျေး) |
| အောက်တိန်း ၉၅ | ၇၀၅/၇၂၀ ကျပ် (လက်လီစျေး) |
| ပရီမီယံဒီဇယ် | ၆၇၀/၆၉၅ ကျပ် (လက်လီစျေး) |

**နိုင်ငံတကာ ငွေကြေးစျေးနှုန်း (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၂ . ၀ |
| ဥရောပ | တစ်ယူရို | ၁၅၄၉ . ၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၈၅ . ၇၄ |
| ထိုင်းဘတ် | တစ်ဘတ် | ၄၀ . ၀၄ |
| အိန္ဒိယ | တစ်ရူပီး | ၂၁ . ၀၀ |
| တရုတ် | တစ်ယွမ် | ၂၀၀ . ၂၇ |
| မလေးရှား | တစ်ရင်းဂစ် | ၃၁၆ . ၈၅ |

**မြန်မာ့အလင်း**

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

**Myanma Alinn Daily**

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်းမှူး | - | မြင့်ဆွေ(သတင်းထောက်ချုပ်) |
| စာတည်းမျာ: | - | မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချူးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ခင်ရတနာ၊သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ) |
| အငယ်တန်းသတင်းထောက်များ | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။



# နိုင်ငံရေးနှင့် စည်းကမ်းကို ခွဲခြားနားလည်

**နိုင်ငံရေးနှင့်စည်းကမ်းကို ခွဲခြားနားလည်ပါ။ စည်းကမ်းမရှိရင် အလုပ်မဖြစ်ဘူး။ စည်းကမ်းတစ်ခု ဖောက်ဖျက်ချင်တယ်ဆိုရင် ဒီစည်းကမ်းဖောက်ဖျက်လို့ ခံရမယ့်အပြစ်ကို နားလည်စေရမယ်။ အမိန့်ပြင်အောင် စည်းကမ်းနဲ့ ကြိုးစားပါ။ မပြင်ခင် ဒီအမိန့်အတိုင်း လိုက်နာနေပါ။ နိုင်ငံရေးနှင့်စည်းကမ်း ခွဲခြားနားလည်ခြင်းဖြစ်တယ်။**

(ဗိုလ်ချုပ်အောင်ဆန်း၏ ၁၉၄၇ခုနှစ်၊ မတ်လ ၂၅ ရက်နေ့ နတ်မောက်မြို့အမှုထမ်းပေါင်းစုံသမဂ္ဂနှင့် ညစာစားပွဲတွင် ပြောကြားခဲ့သည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

✻ ရှေ့ဖုံးမှ

ပေးနိုင်သည့် ဘတ်ဂျက်ဘောင်နှင့် ပေါင်းစပ်၍ ချမှတ်ထားသည့် နိုင်ငံတော် စီးပွားရေးမူဝါဒများနှင့်အညီ ရေးဆွဲခဲ့ခြင်းဖြစ်ပါကြောင်း၊ ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်၊ စတုတ္ထပုံမှန်အစည်းအဝေး ၁၅ ရက်မြောက်နေ့တွင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကို နောက်ဆက်တွဲများနှင့်အတူ အတည်ပြုခဲ့ပြီးဖြစ်ပါကြောင်း။

ယနေ့ကျင်းပသည့် ဒုတိယအကြိမ်မြောက် အမျိုးသားစီမံကိန်းကော်မရှင် အစည်းအဝေး(၂/၂၀၁၇)ကို ပထမအချက်အနေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တွေ့ကြုံခဲ့ရသည့်အားသာချက်နှင့် အားနည်းချက်များကို စိစစ်လေ့လာသုံးသပ်ရန် ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏စီးပွားရေးကို နိုင်ငံတကာအဖွဲ့အစည်းများဖြစ်ကြသည့် ကမ္ဘာ့ဘဏ်(WB)က ၆ ဒသမ ၅ ရာခိုင်နှုန်း၊ အာရှဖွံ့ဖြိုးရေးဘဏ်(ADB)က ၆ ဒသမ ၄ ရာခိုင်နှုန်း၊ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့(IMF)က ၆ ဒသမ ၃ ရာခိုင်နှုန်းနှင့် AMRO အဖွဲ့က ၆ ရာခိုင်နှုန်း တိုးတက်မည်ဟု ခန့်မှန်းကြပါကြောင်း၊ ဒုတိယအချက်မှာ ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းအတည်ပြုပေးခဲ့သည့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းကို ပြည်ထောင်စု၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များက အချိန်နှင့်တစ်ပြေးညီ ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် လုပ်ငန်းစီမံချက်များကို ဖော်ထုတ်ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း၊ တတိယအချက်မှာ လာမည့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း ရေးဆွဲသည့်အခါ နိုင်ငံတော်နှင့်နိုင်ငံသားတို့၏ အကျိုးစီးပွားနှင့် နိုင်ငံတော်က ချမှတ်ထားသည့် စီးပွားရေးမူဝါဒများကို ချိတ်ဆက်ပေါင်းစပ်ဆောင်ရွက်နိုင်ရန် ဖြစ်ပါကြောင်း။

နိုင်ငံတော်၏ စီးပွားရေးမူဝါဒ မျှော်မှန်းချက်၊ ရည်မှန်းချက်များနှင့် မူဝါဒတစ်ရပ်ချင်းအလိုက် အကောင်အထည်ဖော်ဆောင်ရွက်ရမည့် အကြောင်းအရာများကို ချမှတ်ပြီးဖြစ်ပါကြောင်း၊ နှစ်စဉ်စီမံကိန်းများအတွက် ဦးစားပေးအစီအစဉ်များ၊ ဦးစားပေးလုပ်ငန်းများနှင့် အကောင်အထည်ဖော် ဆောင်ရွက်ကြမည့် လုပ်နည်းစနစ်များကို ညှိနှိုင်းဖော်ထုတ်ချမှတ်ရန် လိုအပ်နေသေးသည်ကို တွေ့ရှိရပါကြောင်း၊ အမျိုးသားစီမံကိန်းရေးဆွဲဆောင်ရွက်သည့်အခါ တိုင်းရင်းသား စည်းလုံးညီညွတ်ရေး၊ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေး၊ လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းရပ်များကိုပါ ထည့်သွင်းရေးဆွဲရမည်ဖြစ်ပါကြောင်း၊ ထို့ပြင် အမျိုးသားစီမံကိန်းတွင် ထည့်သွင်းမည့် လုပ်ငန်းစီမံကိန်းများ (Projects)နှင့် လုပ်ငန်းများ (Works)သည် ဖြစ်မြောက်နိုင်စွမ်း ရှိ၊ မရှိ၊ စီးပွားရေးအရ တွက်ခြေကိုက်မှု ရှိ၊ မရှိ၊ ပြည်သူများအတွက် အကျိုး ရှိ၊ မရှိ၊ ဒေသဖွံ့ဖြိုးရေးကို အထောက်အကူပြု၊ မပြု၊ ပတ်ဝန်းကျင်ထိခိုက်မှု ရှိ၊ မရှိ စသည်တို့ကို ဘက်စုံလေ့လာဆန်းစစ်ရန် လိုအပ်ပါကြောင်း၊ ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးအကြံပြုတင်ပြချက်များကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းရေးဆွဲရာတွင် အလေးထားသုံးသပ်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းကို ယခင်နှစ်စီမံကိန်း အကောင်အထည်ဖော်ခဲ့စဉ်က တွေ့ကြုံခဲ့ရသည့်အားသာချက်များကို ဆက်လက်ထိန်းသိမ်းပြီး ဖြစ်ပေါ်ခဲ့သည့် အားနည်းချက်များကို စိစစ်သုံးသပ်ပြုပြင်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ အလားတူ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အထိ နှစ်အလိုက် စီမံကိန်းများအတွက် လိုအပ်သည့် ဦးစားပေးအစီအစဉ်များ၊ လုပ်ငန်းရပ်များနှင့် လုပ်နည်းစနစ်များချမှတ်နိုင်ရေးအတွက် အလေးထား ဆွေးနွေးဖော်ထုတ်ပေးကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားစီမံကိန်းကော်မရှင်အတွင်းရေးမှူး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းက အမျိုးသားစီမံကိန်းများရေးဆွဲခြင်း၊ အကောင်အထည်ဖော်ခြင်း၊ ကြီးကြပ်ခြင်းများနှင့် ပတ်သက်၍ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်၊ ဦးသန့်စင်မောင်၊ ဒေါက်တာသန်းမြင့်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်တို့က လျှပ်စစ်ကဏ္ဍ၊ အထူးစီးပွားရေးဇုန်ကဏ္ဍ၊ ပို့ကုန်သွင်းကုန်ကဏ္ဍနှင့် ပို့ဆောင်ရေးကဏ္ဍများနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ထို့နောက် အမျိုးသားစီမံကိန်းကော်မရှင်ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ပြည်ထောင်စုအစိုးရနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များသည် ချိတ်ဆက်မှုများခိုင်မာစွာဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ တရားဥပဒေစိုးမိုးရန် အစိုးရအဖွဲ့သာမက ပြည်သူများ ဝိုင်းဝန်းပူးပေါင်းပါဝင်နိုင်ရန် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ နိုင်ငံ၏စီးပွားရေးတိုးတက်မှုကို ခန့်မှန်းထားသည်ထက် ပိုမိုတိုးတက်ရန် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ စီးပွားရေးဈေးကွက်နှင့်ပတ်သက်၍ လက်ရှိဈေးကွက်များအပြင် အခြားဈေးကွက်များကိုလည်း မိမိတို့တီထွင်ဖန်တီးနိုင်သည့် စွမ်းအားများဖြင့် ဖော်ဆောင်ကြရမည်ဖြစ်ကြောင်း၊ စီးပွားရေးဈေးကွက်အခြေအနေ မည်သို့ဖြစ်နေသည်၊ နောင်တွင်မည်သို့ဖြစ်နိုင်သည်တို့ကို ကြိုတင်တွက်ဆ၍ သူတစ်ပါးထက် ခြေတစ်လှမ်းသာရန် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ပြည်ထောင်စုအစိုးရနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများ အချိတ်အဆက်မိမိဆောင်ရွက်ရေးသည် လွန်စွာအရေးကြီးပါကြောင်း၊ ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုစနစ်တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏တာဝန်များ၊ ဝတ္တရားများနှင့် လုပ်ပိုင်ခွင့်များ မည်သို့ရှိမည်ကို ထည့်သွင်းစဉ်းစားပြီး အမျိုးသားစီမံကိန်းကို ချဉ်းကပ်ရမည်ဖြစ်ကြောင်း၊ ရပိုင်ခွင့်များ၊ လုပ်ပိုင်ခွင့်များနှင့်အတူ တာဝန်နှင့်ဝတ္တရားများ ပါလာမည်ဖြစ်ကြောင်း၊ တာဝန်ယူမှု၊ တာဝန်သိမှုနှင့် တာဝန်ခံမှုတို့သည် များစွာအရေးကြီးပါကြောင်း၊ စိန်ခေါ်မှုဆိုသည်မှာ အမြဲရှိနေမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများ၏ စီမံကိန်းများနှင့် ပတ်သက်၍ စိန်ခေါ်မှုများနှင့် ရင်ဆိုင်ရမည့်ပြဿနာရပ်များကို ဖြေရှင်းနိုင်ရန် အဘက်ဘက်မှ အားထုတ်ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

**ယနေ့ကျင်းပသည့် ဒုတိယအကြိမ်မြောက် အမျိုးသားစီမံကိန်းကော်မရှင် အစည်းအဝေး (၂/၂၀၁၇)ကို ပထမအချက်အနေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တွေ့ကြုံခဲ့ရသည့် အားသာချက်နှင့် အားနည်းချက်များကို စိစစ်လေ့လာသုံးသပ်ရန် ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏စီးပွားရေးကို နိုင်ငံတကာအဖွဲ့အစည်းများဖြစ်ကြသည့် ကမ္ဘာ့ဘဏ် (WB)က ၆ ဒသမ ၅ ရာခိုင်နှုန်း၊ အာရှဖွံ့ဖြိုးရေးဘဏ်(ADB) က ၆ ဒသမ ၄ ရာခိုင်နှုန်း၊ အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့ (IMF) က ၆ ဒသမ ၃ ရာခိုင်နှုန်းနှင့် AMRO အဖွဲ့က ၆ ရာခိုင်နှုန်း တိုးတက်မည်ဟု ခန့်မှန်းကြပါကြောင်း**



နိုင်ငံတော်သမ္မတ ဦးထင်ကျော်

ယင်းနောက် အမျိုးသားစီမံကိန်းကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးထင်ကျော်က စီမံကိန်းများ ဆောင်ရွက်ရာတွင် ပြည်ထောင်စု၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဟူ၍ မခွဲခြားဘဲ၊ ကွင်းဆက်မပြတ်စေဘဲ လိုအပ်ချက်များကို အပြန်အလှန်ဆွေးနွေးညှိနှိုင်း ချိတ်ဆက်အဖြေရှာ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် သတ်မှတ်ထားသည့် မူဘောင်များကို မကျော်လွန်စေရေးသည် အရေးကြီးပါကြောင်း၊ အချိတ်အဆက်ရှိရှိဖြင့် အချိုးညီညီ ဖွံ့ဖြိုးတိုးတက်အောင် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း။

ဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းများ ရေးဆွဲရာတွင် နိုင်ငံတော်မှ ချမှတ်ထားသည့် စီးပွားရေးမူဝါဒများနှင့် လိုက်လျောညီထွေအကောင်အထည်ဖော်နိုင်မည့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှု ပန်းတိုင်များ၏ ရည်မှန်းချက်များကို ပေါင်းစပ်ထည့်သွင်းရေးဆွဲကြရမည်ဖြစ်ကြောင်း၊ စီမံကိန်းလုပ်ငန်းများအောင်မြင်ရန် တစိုက်မတ်မတ် ကြီးကြပ်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ဦးစားပေးလုပ်ငန်းများကို ရွေးချယ်ဆောင်ရွက်နိုင်ရေးသည် အထူးအရေးကြီးပါကြောင်း၊ မိမိတို့ဆောင်ရွက်သည့် လုပ်ငန်းများသည် အမှန်တကယ် အကျိုးပြုမည်၊ စီးပွားရေးတွက်ခြေကိုက်မည်၊ တိုင်းပြည်အတွက် မည်မျှအကျိုးပြုနိုင်မည် စသည်တို့ကို စဉ်းစားဆောင်ရွက်နိုင်ရေးသည် အရေးကြီးပါကြောင်း၊ နိုင်ငံတော်၏ မျှော်မှန်းချက်အတိုင်း ရေရှည်တည်တံ့ခိုင်မြဲသည့် စီးပွားရေးပုံသဏ္ဌာန် အသွင်ကူးပြောင်းမှုနှင့် ကဏ္ဍအလိုက်၊ ဒေသအလိုက် အချိုးကျ မျှတစွာ ဘက်စုံဖွံ့ဖြိုးတိုးတက်ရန် ကြိုးပမ်းဆောင်ရွက်ကြပါဟု တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

(သတင်းစဉ်)

## သံအမတ်ကြီး ဦးမြင့်ဆွေအား ဂါနာသမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်

**နေပြည်တော် ဇူလိုင် ၈**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် တောင်အာဖရိကသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးမြင့်ဆွေအား ၎င်း၏ လက်ရှိတာဝန်ဝတ္တရားများအပြင် ဂါနာသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်သည်။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ပြည်ထဲရေးဝန်ကြီးဌာန၊ အထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ကျော်ကို အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၊ ဒုတိယအမြဲတမ်းအတွင်းဝန် ဦးချစ်ဝေကို သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

# တည်ဆောက်ရေး၊ ပစ္စည်းဝယ်ယူရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုက်နာရမည့် တင်ဒါလုပ်ထုံးလုပ်နည်းများနှင့်အညီ ပွင့်လင်းမြင်သာမှုရှိရှိ ဆောင်ရွက်ရန်နှင့် အစစ်ဆေးခံနိုင်ရန်လိုကြောင်း နိုင်ငံတော်သမ္မတပြောကြား

နေပြည်တော်  ဇူလိုင် ၇

**ပြည်ထောင်စုနှင့် တိုင်းဒေသကြီး ပြည်နယ်အစိုးရများအနေဖြင့် မိမိတို့ဆောင်ရွက်ရန်လိုအပ်သည့် လုပ်ငန်းများကို သေသေချာချာစဉ်းစားဆုံးဖြတ်ပြီး အမှန်တကယ် ပြည်သူ့အတွက် အကျိုးဖြစ်ထွန်းနိုင်မည့်လုပ်ငန်းများကို စီမံကိန်းလျာထားချက်နှင့်အညီ ဦးစားပေးအစီအစဉ်ချမှတ်ပြီး အမှန်တကယ်အကောင်အထည်ဖော်ဆောင်နိုင်မည့် လုပ်ငန်းများ၏ အသုံးစရိတ်များကိုသာ အရအသုံးခန့်မှန်းခြေငွေစာရင်းတွင် ရေးဆွဲရန်ဖြစ်ကြောင်း ဘဏ္ဍာရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးထင်ကျော်က ပြောကြားသည်။**



နိုင်ငံတော်သမ္မတ ဦးထင်ကျော် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဘဏ္ဍာရေးကော်မရှင် (၂/၂၀၁၇) အစည်းအဝေးတွင် အမှာစကားပြောကြားစဉ် (သတင်းစဉ်)

နိုင်ငံတော်သမ္မတအိမ်တော် အစည်းအဝေးခန်းမ၌ ယနေ့မွန်းလွဲ ၁ နာရီတွင် ကျင်းပသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဘဏ္ဍာရေးကော်မရှင် (၂/၂၀၁၇) အစည်းအဝေးတွင် နိုင်ငံတော်သမ္မတ ဦးထင်ကျော်က အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

**ကြိုတင်ညှိနှိုင်း**

ထို့ပြင် နိုင်ငံတော်သမ္မတက ဘဏ္ဍာရေးကော်မရှင် (၂/၂၀၁၇) အစည်းအဝေးသည် ၂၀၁၈-၂၀၁၉ ခု ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်းဆိုင်ရာ ကိစ္စရပ်များအတွက် ကြိုတင်ညှိနှိုင်းအစည်းအဝေးဖြစ်ကြောင်း။

ပြည်ထောင်စု ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများ၏ စီမံကိန်းလုပ်ငန်းများသည် လာမည့် ၂၀၁၈-၂၀၁၉ ခု ဘဏ္ဍာရေးနှစ်တွင် ပြောင်းလဲနိုင်သည့်အတွက် မိမိတို့ဆောင်ရွက်ရမည့် စီမံကိန်းများကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးနိုင်ရန်နှင့် ရှေ့လုပ်ငန်းစဉ် စီမံကိန်းရည်မှန်းချက်များနှင့်အညီ အရအသုံးခန့်မှန်းခြေငွေစာရင်းကို ရေးဆွဲရန်လိုအပ်ကြောင်း။

**မေခရိုစီးပွားရေးညွှန်ကိန်းများ**

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသည် ဘဏ္ဍာငွေအရအသုံး ခန့်မှန်းချက်များအတွက် နှစ်လတ်ဘဏ္ဍာရေးမူဘောင်(Medium Term Fiscal Framework)ကို ရေးဆွဲထားရှိပြီး ပြည်ထောင်စုအဆင့်ဌာန၊ အဖွဲ့အစည်းများအတွက် အသုံးစရိတ်ဘောင်များကို သတ်မှတ်ပေးကာ ရေးဆွဲနေကြောင်း၊ အလားတူ ပြည်ထောင်စုက တိုင်းဒေသကြီး၊ ပြည်နယ်များသို့ လိုငွေဖြည့်ဆည်းပေးခြင်းကို မေခရိုစီးပွားရေးညွှန်ကိန်းများ အသုံးပြု၍ သတ်မှတ်ပေးနေကြောင်း။

၂၀၁၇-၂၀၁၈ ခု ဘဏ္ဍာရေးနှစ် အရအသုံး ခန့်မှန်းခြေငွေစာရင်းကို ဘဏ္ဍာရေးကော်မရှင်က အတည်ပြုခဲ့ကာ ပြည်ထောင်စုလွှတ်တော်မှလည်း စိစစ်ပြီး လျှော့ချအတည်ပြုခဲ့ကြောင်း၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများက သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အတွင်း မိမိတို့ကောက်ခံရမည့် ရငွေများကို လျာထားချက်အတိုင်း ပြည့်မီအောင် ကောက်ခံရန်၊ အသုံးစရိတ်များကိုလည်း ခွဲဝေချထားပေးသည့်အတိုင်း အလေအလွင့်မရှိ ပြည့်မီအောင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် လိုအပ်ကြောင်း၊ တည်ဆောက်ရေး၊ ပစ္စည်းဝယ်ယူရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုက်နာရမည့် တင်ဒါလုပ်ထုံးလုပ်နည်းများနှင့်အညီ ပွင့်လင်းမြင်သာမှုရှိရှိဆောင်ရွက်ရန်နှင့် အစစ်ဆေးခံနိုင်ရန် မှာကြားလိုကြောင်း။

**ပူးပေါင်းဆောင်ရွက်**

ပြည်ထောင်စုဝန်ကြီးဌာနများအနေဖြင့်လည်း မိမိတို့ အကောင်အထည်ဖော်ဆောင်ရွက်ကြသည့် လုပ်ငန်းများသည် အခြားဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်နေသည့် လုပ်ငန်းများနှင့် ထပ်နေခြင်းမရှိရန်၊ အတူတကွ ပူးပေါင်းဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များရှိပါက တာဝန်ယူဆောင်ရွက်မည့် ဝန်ကြီးဌာနနှင့် နီးနွယ်ဝန်ကြီးဌာနများက တတ်နိုင်သမျှ ညှိနှိုင်းဆောင်ရွက်ရန် မှာကြားလိုကြောင်း။

**ဘတ်ဂျက်အကျိုးရှိ**

ထိုနည်းတူ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရက ဆောင်ရွက်ရမည့် လုပ်ငန်းများသည်လည်း ပြည်ထောင်စုဝန်ကြီးဌာနက ဆောင်ရွက်မည့်လုပ်ငန်းများနှင့် ထပ်နေခြင်းမရှိအောင် အထူးသတိပြုရန် မှာကြားလိုကြောင်း၊ သို့မှသာ ခွဲဝေချထားပေးသည့် ဘတ်ဂျက်မှာ အကျိုးရှိပြီး အလေအလွင့်မရှိမည်ဖြစ်ကြောင်း။

နိုင်ငံတကာတွင် ဘဏ္ဍာရေးနှစ်သုံးမျိုးကျင့်သုံးနေသည်ကို တွေ့ရကြောင်း၊ ပြက္ခဒိန်နှစ်အတိုင်း သတ်မှတ်ထားသည့် ဘဏ္ဍာရေးနှစ်၊ ဧပြီ ၁ ရက်မှ မတ် ၃၁ ရက်အထိ သတ်မှတ်ထားသည့် ဘဏ္ဍာရေးနှစ်၊ အောက်တိုဘာ ၁ ရက်မှ စက်တင်ဘာ ၃၀ ရက်အထိ သတ်မှတ်ထားသည့် ဘဏ္ဍာရေးနှစ်တို့ဖြစ်ကြောင်း။

**အဟန့်အတားဖြစ်စေ**

လက်ရှိ မြန်မာနိုင်ငံတွင် ကျင့်သုံးနေသည့် ဘဏ္ဍာရေးနှစ်မှာ ဧပြီ ၁ ရက်မှ မတ် ၃၁ ရက်အထိ ဖြစ်ကြောင်း၊ ဘဏ္ဍာရေးနှစ်သည် ဧပြီ ၁ ရက်တွင် စတင်သည့်အတွက် ဆောက်လုပ်ရေးလုပ်ငန်းအချို့သည် မိုးရာသီတွင် ဆောင်ရွက်ရသည့်အတွက် အခက်အခဲရှိစေနိုင်ကြောင်း၊ ပြက္ခဒိန်နှစ်ဆိုလျှင်လည်း ဘဏ္ဍာရေးနှစ်သည် ဇန်နဝါရီလတွင် စတင်ခြင်းဖြစ်သည့်အတွက် Project များကို လုပ်ကိုင်ရန်၊ ဆွေးနွေးရန်၊ တင်ဒါခေါ်ရန်၊ တင်ဒါခေါ်ပြီးသည့်နောက် မိုးရာသီနှင့် တိုက်ရိုက်တန်းတွေ့သည့်အခါ အလုပ်မလုပ်နိုင်ဘဲ လေးလလောက် ကုန်ဆုံးသွားသည့်အတွက် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတားဖြစ်စေကြောင်း။

**နည်းလမ်းရှာဖွေရမည်**

ပြက္ခဒိန်နှစ်နှင့် ယှဉ်လျှင် အောက်တိုဘာ-စက်တင်ဘာ ဘဏ္ဍာရေးနှစ်သည်ပို၍ ဆီလျော်သည့် အပိုင်းဖြစ်ကြောင်း၊ အဘယ့်ကြောင့်ဆိုသော် တစ်ဆက်တစ်စပ်တည်း လုပ်ကိုင်ရမည့် ပွင့်လင်းရာသီသည် ကာလအရှည်ဆုံးဖြစ်ကြောင်း၊ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပိုမိုအဆင်ပြေနိုင်သော်လည်း စတင်ဆောင်ရွက်သည့် အချိန်တွင် လက်ရှိကျင့်သုံးနေသည့် ဘဏ္ဍာရေးနှစ်နှင့် ပြင်ဆင်သတ်မှတ်လိုက်သည့် ဘဏ္ဍာရေးနှစ်တို့၏ ကာလအပိုင်းအခြား သတ်မှတ်ချက်မတူညီသဖြင့် စာရင်းပြုစုရာတွင် အနည်းငယ်အခက်အခဲရှိစေမည့်အပြင် မေခရိုစီးပွားရေးညွှန်ကိန်းများ တွက်ချက်ရာတွင်လည်း ပြောင်းလဲနိုင်ကြောင်း၊ မေခရိုညွှန်ကိန်းအပေါ်တွင် ခန့်မှန်းတွက်ချက်ရသည့် ရငွေနှင့် အသုံးစရိတ်များသည်လည်း ညွှန်ကိန်းများပြောင်းလဲသည်နှင့် ခန့်မှန်းတွက်ချက်မှုသည်လည်း ပြောင်းလဲနိုင်ပြီး အမှန်နှင့် နီးစပ်မှုမရှိနိုင်တော့ကြောင်း၊ ယင်းကို ဖြေရှင်းနိုင်ရန် အကောင်းဆုံးနည်းလမ်းကို ရှာဖွေရမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ မိမိတို့ ဘဏ္ဍာရေးနှစ် ပြင်ဆင်သတ်မှတ်ခြင်းကို ဝိုင်းဝန်းစဉ်းစားကြရန်၊ ဆွေးနွေးကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် ဘဏ္ဍာရေးကော်မရှင် အတွင်းရေးမှူး ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းက ၂၀၁၈-၂၀၁၉ခု ဘဏ္ဍာရေးနှစ် အရအသုံးခန့်မှန်းခြေငွေစာရင်း ရေးဆွဲနိုင်ရေး ကြိုတင်ပြင်ဆင်ရန်နှင့် ဘဏ္ဍာရေးမူဝါဒဆိုင်ရာ ကိစ္စရပ်များဖြစ်သည့် ဘတ်ဂျက်လိုငွေ တွက်ချက်နည်းလမ်းအား Accounting Method ဖြင့်သာ ဆက်လက်တွက်ချက်ရန်ကိစ္စ၊ မြန်မာနိုင်ငံ၏ ဘဏ္ဍာရေးနှစ်ပြင်ဆင်သတ်မှတ်ရေးကိစ္စ၊ ၂၀၁၇ ခုနှစ် ဧပြီ ၁ရက်တွင်ထုတ်ပြန်ခဲ့သော ဘဏ္ဍာရေးစီမံခန့်ခွဲမှုဆိုင်ရာစည်းမျဉ်းအား မှတ်တမ်းတင်ပေးနိုင်ရေးကိစ္စ၊ လတ်တလောရပ်ဆိုင်းထားသည့် စက်ရုံများနှင့်စပ်လျဉ်း၍ မဖြစ်မနေသုံးစွဲရမည့် အသုံးစရိတ်များအား ဆက်လက်သုံးစွဲနိုင်ရေးကိစ္စ၊ တိုင်းဒေသကြီး၊ ပြည်နယ်များ၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ကိစ္စရပ်များနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များတွင် Financial Projection ရေးဆွဲရန်ကိစ္စ၊ တင်ဒါခေါ်ယူခြင်းကိစ္စများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် ဘဏ္ဍာငွေရရှိမှုနှင့် ဆောင်ရွက်သွားမည့်လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

**အာဆီယံတွင် နှစ်နိုင်ငံရှိ**

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ဘတ်ဂျက်လိုငွေတွက်ချက်ရာတွင် Accounting Method ဖြင့် ဆက်လက်တွက်ချက်ရန် အများက သဘောတူသော်လည်း Analytical Method ဖြင့်လည်း တွက်ချက်ဖော်ပြရန် လိုအပ်ကြောင်း၊ ဘဏ္ဍာရေးနှစ် ပြင်ဆင်မှုနှင့် ပတ်သက်ပြီး လေ့လာသည့်အခါ မိမိတို့နိုင်ငံဘဏ္ဍာရေးနှစ်ကဲ့သို့ သတ်မှတ်ကျင့်သုံးနေသည့်နိုင်ငံမှာ အာဆီယံတွင် နှစ်နိုင်ငံရှိပါကြောင်း။

**ပြည်သူ့အကျိုးဆောင်ရွက်**

ဘဏ္ဍာရေးနှစ် ပြောင်းလဲခြင်းကို အများက သဘောတူသည့်အတွက် ဆွေးနွေးစရာမရှိကြောင်း၊ သို့သော်လည်း ပြည်ထောင်စုလွှတ်တော်နှင့် တိုင်ပင်ရန်လိုအပ်ကြောင်း၊ ဘဏ္ဍာရေးနှစ်ပြောင်းလဲမည်ဆိုပါက အမြန်ပြောင်းလဲစေလိုကြောင်း၊ တိုင်းဒေသကြီး အစိုးရများနှင့် တိုင်းဒေသကြီးလွှတ်တော်များအကြား သဘောထားရိုးရိုးဖြင့် မတူညီမှုများရှိသည်ကို နားလည်ကြောင်း၊ သို့သော်လည်း ညှိနှိုင်းဆောင်ရွက်ပြီး နိုင်ငံနှင့် ပြည်သူ့အကျိုးအတွက် ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

**တိုးတက်အောင် ကြံဆောင်ရမည်**

ထို့နောက် နိုင်ငံတော်သမ္မတ ဦးထင်ကျော်က ပြည်ထောင်စုနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများ အနေဖြင့် နိုင်ငံတော်၏ကြီးမားသည့် စိန်ခေါ်မှုဖြစ်သည့် ဘတ်ဂျက်လိုငွေပြမှုကို လျော့နည်းနိုင်ရန်အတွက် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ရာတွင် သုံးစွဲမည့်အသုံးစရိတ်ကို ထိထိရောက်ရောက်သုံးစွဲနိုင်ရန် စဉ်းစားရုံသာမက ရငွေများကိုလည်း မည်သို့ တိုးတက်ရရှိအောင် ရှာဖွေရမည်ကို ကြံဆောင်ရမည်ဖြစ်ကြောင်း။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်သည့်နေရာတွင် ပြည်သူ့အကျိုးပြုမည့် စီမံကိန်းများကို အကောင်အထည်ဖော်သည့်နေရာ၌ နိုင်ငံ့ဘဏ္ဍာငွေကို မှန်မှန်ကန်ကန် တိတိကျကျသုံးစွဲနိုင်ရန်အရေးကြီးကြောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်များအနေဖြင့် ပြည်ထောင်စုက ထောက်ပံ့ပေးသည့် အသုံးစရိတ်များကို ပြည်သူ့အတွက် ထိထိရောက်ရောက် အကျိုးရှိသော စီမံကိန်းများကိုသာ အကောင်အထည်ဖော်ကြရမည် ဖြစ်ကြောင်း။

**အကျိုးရလဒ်များဖော်ထုတ်**

ပြည်ထောင်စုနှင့် တိုင်းဒေသကြီး၊ ပြည်နယ်များအနေဖြင့် မိမိတို့အကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှုများ၏ ရလဒ်များကို စဉ်ဆက်မပြတ်သုံးသပ်အကဲဖြတ်ပြီး ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအတွက် မိမိတို့အမှန်တကယ်အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည့် လုပ်ငန်းစဉ်များကိုသာ ဦးစားပေးအစီအစဉ်ဖြင့် အသုံးစရိတ်များ ကျခံသုံးစွဲကြရန်နှင့် အနာဂတ်တွင် ခိုင်မာအားကောင်းသည့် အကျိုးရလဒ်များကို မလွဲမသွေ ဖော်ထုတ်ဆောင်ရွက်သွားကြရန် အလေးအနက်ပြောကြားလိုကြောင်း။

ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများအနေဖြင့် ကျစ်လျစ်ခိုင်မာပြီး ပွင့်လင်းမြင်သာသည့် ငွေကြေးစီမံခန့်ခွဲမှုနှင့် နိုင်ငံတော်နှင့် ပြည်သူ့အတွက် အကျိုးရှိထိရောက်အောင် ရငွေများကို စီမံကြီးကြပ်ကောက်ခံရန်နှင့် အသုံးစရိတ်များကို စီမံခန့်ခွဲသုံးစွဲရန် ဝင်ငွေရှာဖွေရာတွင်ဖြစ်စေ၊ အသုံးစရိတ်သုံးစွဲရာတွင်ဖြစ်စေ လျာထားချက်နှင့် လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်မှုသည်လည်း အနီးစပ်ဆုံး တစ်ထပ်တည်းဖြစ်အောင် အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

အစည်းအဝေးသို့ ဘဏ္ဍာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် ဦးဟင်နရီဗန်ထီးယူ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

# ဝါဆိုလပြည့်အခါသမယ၌ ဟောကြားတော်မူအပ်သော သဘာဝပတ်ဝန်းကျင်နှင့် လူ့ဘောင်အသိုင်းအဝိုင်းဆိုင်ရာ သဟဇာတဖြစ်စေရေး ဗုဒ္ဓ၏မိန့်ကြားချက်

**အောက်စ်ဖို့ဒ်ဆရာတော်**
**ပါမောက္ခဘဒ္ဒန္တ ဒေါက်တာ ဓမ္မသာမိ (DPhil, Oxford)**
**တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ် ဗုဒ္ဓတက္ကသိုလ်တည်ထောင်သူ**
**ဗုဒ္ဓစာပေလေ့လာသင်ကြားရေးဌာန၊ အောက်စ်ဖို့ဒ်တက္ကသိုလ်**

မြန်မာလူမျိုးတို့၏ အခေါ်အဝေါ်အားဖြင့် ဝါဆိုလပြည့်၊ တစ်နည်းအားဖြင့် ဇူလိုင်လ၏ လပြည့်အခါသမယသည် ဗုဒ္ဓဘာသာဝင်တို့၏ ပြက္ခဒိန်တွင် ယနေ့ခေတ်တိုင် အထွတ်အမြတ်ထားကြသည့် နေ့တစ်နေ့ပင်ဖြစ်သည်။ အကြောင်းမှာ လွန်ခဲ့သည့် နှစ်ပေါင်း ၂၆၀၅ ခုနှစ်၏ ဤနေ့တွင် ဗုဒ္ဓမြတ်စွာက တရားဦးဓမ္မစကြာကို ဟောကြားခဲ့ခြင်းဖြင့် တရားဓမ္မတို့ကို စတင်ဖြန့်ဝေတော်မူခဲ့ရုံမျှမက ဤလပြည့်နေ့သည် ထေရဝါဒ သာသနာ့ဝန်ထမ်း ရှင်ရဟန်းတို့အတွက် သတ်မှတ်ထားသည့် ဝါတွင်းကာလသုံးလ၏ အစလည်းဖြစ်ပြန်သောကြောင့်ပင် ဖြစ်သည်။

### မိမိတွင် အပြည့်အဝတာဝန်ရှိ

ဗုဒ္ဓဂယာရှိ ဗောဓိပင်အောက်တွင် သဗ္ဗညုတဉာဏ်တော်ကြီးကိုရရှိတော်မူပြီး နှစ်လအကြာ ပါဠိဘာသာဖြင့် 'အာသာဠ္ဍ' ဟုခေါ်ဝေါ်သည့် ဇူလိုင်(ဝါဆို)လ၏ လပြည့်ကာလ တွင် ဘုရားရှင်သည် ဗာရာဏသီမြို့အနီးရှိ မိဂဒါဝုန်တောသို့ ကြွချီတော်မူလာပြီး များမကြာမီက ရှာဖွေတွေ့ရှိ သိမြင်ခဲ့သည့် ဆင်းရဲဒုက္ခအပေါင်းကို လွန်မြောက်စေနိုင်သည့် မဇ္ဈိမပဋိပဒါ လမ်းစဉ်ကို ယခင်အတူတရားကျင့်ဖော်ငါးဦးတို့အား ချက်ချင်းပင် စတင်ဟောကြားတော်မူခဲ့သည်။ ထိုမဇ္ဈိမပဋိပဒါလမ်းစဉ်သည် ထိုခေတ်ကာလက အိန္ဒိယနိုင်ငံတွင် ရေပန်းစားလျက်ရှိသော ထာဝရမြဲသည်ဟူသည့် 'သဿတဝါဒ'၊ ယခုဘဝသေပြီးလျှင် ဘဝပြတ်သည်ဟူသည့် 'ဥစ္ဆေဒဝါဒ' တစ်နည်းအားဖြင့် မိမိကိုယ်ကို ဆင်းရဲပင်ပန်းစေသည့် 'အတ္တကိလမထ' အကျင့်၊ ကာမဂုဏ်အပျော်အပါးအလွန်အကြူးလိုက်စားသည့် 'ကာမသုခလ္လိကာနုယောဂ' အကျင့်တို့ကို ရှောင်ရှားရန်အတွက် ရွေးချယ်စရာ အယူဝါဒတစ်ခု ဖြစ်ခဲ့သည်။ ဤကဲ့သို့ တစ်ခုနှင့်တစ်ခု ဆန့်ကျင်ဘက်အယူဝါဒကျင့်စဉ်တို့သည် မပြောင်းလဲ တတ်ဟုဆိုသော ရုပ်လွန်ပညာ (metaphysical) နှင့် ရုပ်တရားပေါ် မှီတည်သည့် (physical) အတ္တတည်ရှိမှုအပေါ် အခြေခံလျက်ရှိကြောင်း ဗုဒ္ဓမြတ်စွာက သိမြင်တော်မူသည်။ ဘုရားရှင်၏ ကျင့်စဉ်သည်ကား မဂ္ဂင်(၈)ပါးအပေါ် အခြေခံ၍ မိမိတို့၏ နေ့စဉ်ဘဝအတွေ့အကြုံတို့သည် ရုပ်၊ နာမ် ဓမ္မတို့၏ ဖြစ်စဉ်မျှသာဖြစ်ပြီး အခြေခံသဘောတရားအားဖြင့်အကြောင်းတရားနှင့် အကျိုးတရားတို့၏ အပြန်အလှန် မှီတည်နေမှုသာ ရှိသဖြင့် ဖန်ဆင်းရှင်ဘုရားသခင် (သို့မဟုတ်) လျှို့ဝှက်ဆန်းကြယ်သည့်၊ ပဟေဠိဆန်သည့်ထာဝရတည်ရှိနေသူ မရှိကြောင်းကို ရှင်းလင်းဟောကြားတော်မူခဲ့သည်။ သစ္စာ(၄)ပါး အနေဖြင့်ဟောကြားခဲ့သည့် ဗုဒ္ဓ၏ အလယ်အလတ်လမ်းစဉ်သည် လူသားတို့၏ အဆင့်အတန်းကို လောကမှ လွန်မြောက်သည့် အမြင့်ဆုံးလောကုတ္တရာအဆင့်သို့ မြှင့်တင်ပေးပြီး တစ်ချိန်တည်းမှာပင် လူသားအားလုံး၏ စိတ်ပျော်ရွှင်မှုနှင့် စိတ်ဆင်းရဲမှုတို့သည် မိမိတို့လက်တွင်ရှိသဖြင့် မိမိတွင် အပြည့်အဝ တာဝန်ရှိကြောင်းကိုလည်း ရှင်းလင်းပြတော်မူခဲ့သည်။

### နည်းလမ်းရရှိစေနိုင်

ဘုရားရှင်၏တရားဦးသည် သစ္စဒေသနာတည်းဟူသော တရားစက်ဝန်းကို စတင်လှည့်လည်အလုပ်လုပ်စေခြင်း ဖြစ်သဖြင့် "ဓမ္မစကြာဒေသနာ" ဟု တင်စားခေါ်ဝေါ်ခြင်းဖြစ်သည်။ သစ္စာလေးပါးတရားတော်၏ အဓိကကျသည့် ကိုင်တွယ်နည်းသည်ကား မိမိတို့ဘဝတွင် ကြုံတွေ့ရသည့် စိတ်ပိုင်းဆိုင်ရာ သာမက ရုပ်ပိုင်းဆိုင်ရာပင်ပန်းမှုတို့ကို ရင်ဆိုင်တိုက်ခိုက်ခြင်း၊ ထိုအဆင်မပြေမှုတို့မှ ထွက်ပြေးခြင်းမပြုဘဲ၊ ထိုဆင်းရဲဒုက္ခ အခက်အခဲတို့ကို လက်ခံအသိအမှတ်ပြုခြင်းဖြင့် ရင်ဆိုင်ပြီး တည်ငြိမ်စွာ ဆင်ခြင်သုံးသပ်ခြင်းပင် ဖြစ်သည်။ ဤကဲ့သို့ ဉာဏ်ပညာဖြင့် ဆင်ခြင်သုံးသပ်ခြင်းဖြင့် မိမိတို့နေ့စဉ်ဘဝတွင် အနှောင့်အယှက်ဖြစ်စေသည့် အရာများကို ရှင်းလင်းစွာ သိမြင်သဘောပေါက်နားလည်လာနိုင်မည် ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် တည်ငြိမ်မှုသမာဓိနှင့် မိမိတို့အတွေ့အကြုံ အခြေခံနားလည်မှုမှရရှိသည့် အတွေ့အကြုံစွမ်းရည်တို့ကြောင့် လူသားတို့အနေဖြင့် ထိန်းချုပ်မှုကင်းမဲ့သည့် စိတ်ခံစားမှုအရိုင်းများကို ကိုင်တွယ်ဖြေရှင်းနိုင်ပြီး မှန်ကန်သည့်ဆုံးဖြတ်ချက်တို့ကို ပြုလုပ်နိုင်ခြင်းကြောင့် ဖြစ်သည်။ ထိုသို့ တရားဦးဓမ္မစကြာမှ ရရှိသော စွမ်းရည်ထက်မြက်သည့် အသိဉာဏ်တို့သည် လောကတွင် မလွဲမရှောင်သာ တွေ့ကြုံရမည့် ဆင်းရဲဒုက္ခတို့ကို လျှော့ချနိုင်ခြင်းနှင့် ဝါသနာစရိုက်ကြောင့် မလိုလားအပ်ဘဲ ဖန်တီးမိသော ထိုဆင်းရဲမှုကိုလွန်မြောက်စေနိုင်ရန် စိတ်ဓာတ်ခွန်အားနှင့် အထောက်အကူပြုနည်းလမ်းရရှိစေနိုင်သည်။

### အမြင်ရှုထောင့်သုံးမျိုး

တရားဦးဓမ္မစကြာဟူသော တရားခေါင်းစီးတွင် ပါရှိသည့် အတိုင်း ပါဠိဘာသာဖြင့် 'စက္က'၊ သက္ကတဘာသာဖြင့် 'စကြာ'၊ ဟုခေါ်ဝေါ်သည့် 'စက်ဝန်း (သို့) စက်ဘီး'မှာ မြတ်စွာဘုရားရှင်၏ တရားဓမ္မတို့ကို ရှင်းလင်းဟောပြောပြသရာ၌ တင်စားခေါ်ဝေါ်ခြင်းဖြစ်သည်။ ယေဘုယျအားဖြင့်ဆိုသော် 'စက်ဘီး' ကို သယ်ယူပို့ဆောင်ရေး၏ အမှတ်သင်္ကေတအဖြစ် အသုံးပြုကြပြီး မြတ်စွာဘုရားရှင်အနေဖြင့်လည်း မိမိ၏တရားတော်ကို ပြဿနာပဟေဠိမှ အဖြေမှန်သို့၊ စိတ်ဖိတ်စီးမှုများသော ဘဝမှ စိတ်ဖိစီးမှုကင်းသောဘဝသို့၊ အနှောင်အဖွဲ့မှ နှောင်ကြိုးကင်းမဲ့လွတ်မြောက်ရာသို့၊ အဖန်ဖန်နှိပ်စက်တတ်သော ဆင်းရဲဒုက္ခတို့မှ လွတ်မြောက်ရာနိဗ္ဗာန်သို့ သယ်ယူပို့ဆောင်ပေးခြင်းဖြင့် လူသားတို့ကောင်းကျိုးကိုဆောင်သည့် အဓိပ္ပာယ်ကို ဖော်ဆောင်သည်။ 'စက်ဘီး' ဟူသော ဝေါဟာရကို အမှန်စင်စစ်ဆန်းစစ်ကြည့်လျှင် အမြင်ရှုထောင့်သုံးမျိုးကို ကိုယ်စားပြုထားကြောင်း တွေ့ရှိနိုင်သည်။

(၁) သစ္စာ(၄)ပါးကို သိမြင်ခြင်းဖြင့် ဆင်းရဲဒုက္ခတို့ကို လွန်မြောက်နိုင်ခြင်း၊(လေးဒေါင့်စက်ဝိုင်း)

(၂) မဂ္ဂင်(၈)ပါးဟူသော အလယ်အလတ်လမ်းစဉ်ကို ပြီးပြည့်စုံအောင် လိုက်နာကျင့်သုံးခြင်းဖြင့် စိတ်ဖိစီးမှုကင်းသည့်ဘဝ သို့တည်းမဟုတ် လွတ်မြောက်မှုဟူသည့်အဖြေကို ရှာဖွေတွေ့ရှိစေနိုင်ခြင်း၊ (ရှစ်ဒေါင့်စက်ဝိုင်း)

(၃) ပြောင်းလဲနိုင်စွမ်းရှိသည့် အသိဉာဏ်ပညာကို ကိုယ်စားပြုသည့် အကန့်ဒေါက် (၁၂) ခုဖြင့် သင်္ကေတပြုထားပြီးရှုထောင့် ၁၂ မျိုးမှ သုံးသပ်နိုင်သည့် ထိုးထွင်းသိမြင်ခြင်းတို့ဖြစ်ပါသည်။

ထိုရှုထောင့်(၁၂)မျိုးသည် ထိုးထွင်းသိမြင်မှုအတွက် အမှန်ကျင့်စဉ်များကို ကိုယ်စားပြုထည့်သွင်းထားရာ ပြဿနာအခက်အခဲကို အမှန်အတိုင်းသိမြင်ခြင်း(သစ္စဉာဏ်)၊ ထိုပြဿနာအတွက် အဖြေရှာရန် မည်ကဲ့သို့ ဆောင်ရွက်ရမည်ကို သိခြင်း(ကိစ္စဉာဏ်)၊ ထိုပြဿနာကို အောင်မြင်စွာအဖြေရှာနိုင်ခြင်းကို မှန်ကန်ကြောင်း အတည်ပြုနိုင်ခြင်း(ကတဉာဏ်) တို့ ပါဝင်သည်။ သစ္စာလေးပါးတွင် တစ်ပါးချင်းစီ၌ ဤအဆင့် (၃)မျိုးစီရှိသဖြင့် တတိယစက်ဝန်း၌ အကန့်(၁၂)ခုပါဝင်ကာ ပထမ၌ (၄)ခု၊ ဒုတိယ၌ (၈)ခု အသီးသီးစီရှိကြသည်။

### လွတ်မြောက်စေခဲ့

ထိုသင်္ကေတအားလုံးက ကိုယ်စားပြုထားသည့် တူညီသောအချက်မှာ ထိုစက်ဝန်းတို့ကို လည်ပတ်စေမည်ဆိုပါက ဘဝ၏ပြဿနာအခက်အခဲတို့ကို ရင်ဆိုင်ဖြေရှင်းရာတွင် မိမိတွင်ရှိသည့် သမာဓိနှင့်ပညာစွမ်းအားတို့ကို အသုံးချနိုင်ခြင်းပင် ဖြစ်သည်။ ဆင်းရဲဒုက္ခနှင့် ထိုဆင်းရဲချုပ်ငြိမ်းရာနိရောဓကို ရှာဖွေရာတွင် ဤကဲ့သို့ ကရုဏာပြည့်ဝပြီး လက်တွေ့ကျသည့် ဘုရားရှင်၏ မိန့်ကြားချက်သည် ဘုရားရှင် (၄၅)ဝါကာလ ပတ်လုံးအဆင့်အလွှာမျိုးစုံမှ လူပုဂ္ဂိုလ်အားလုံးကို ရှင်းလင်းဟောကြားရာတွင် အဓိကကျပေသည်။ ဥပမာအားဖြင့်ဆိုသော် ကျွန်ုပ်တို့ ဗုဒ္ဓဘာသာဝင်များအနေဖြင့် ရင်းနှီးကျွမ်းဝင်ပြီး ဖြစ်သော အကြောင်းများဖြစ်သည့် ကံတရား၊ ဒါန၊ သီလ၊ ဝိနည်း တရားတော်၊ ဝိပဿနာနှင့် အဘိဓမ္မာတရားတော်တို့သည် အထက်၌ ဖော်ပြခဲ့သည့် ဤအဓိကကျသည့် မိန့်ကြားချက်ကိုသာ ရှင်းလင်းဖော်ဆောင်သော အဆုံးအမကျင့်စဉ်များ ဖြစ်သည်။ လူသားတို့ရင်ဆိုင်ကြုံတွေ့ရသည့် ဆင်းရဲဒုက္ခ၏ အဖြေကိုရှာခြင်းသည် ဗုဒ္ဓမြတ်စွာ၏ တရားတော်တို့တွင် လူ့ကျင့်ဝတ်ဆိုင်ရာ၊ လူမှုရေးဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ အရေးပါမှုများပါဝင်သည်။ အထက်ပါ ဆွေးနွေးချက်သည် ကံတရားကို နားလည်သဘောပေါက်ခြင်းကို လုံးဝပြောင်းလဲတော်လှန်ပစ်လိုက်ခြင်း၏ သာဓကပင်ဖြစ်သည်။ ဘုရားရှင်မပွင့်ပေါ်မီက ကံတရားကို ရိုးရာထုံးတမ်းဓလေ့ယဉ်တြာတစ်ခု အဖြစ်သာ နားလည် လက်ခံခဲ့ကြသည်။ ဘုရားရှင်က 'ကံတရားကို မိမိ၏ စိတ်စေတနာအလျောက် ပြုလုပ်ခြင်း' ဟု အဓိပ္ပာယ်အသစ် ပြန်လည်ဖွင့်ဆိုရှင်းလင်းဟောကြားခဲ့သည့်အတွက် လူတိုင်းမိမိပြုလုပ်သည့် ကံတရားနှင့်ဆက်စပ်နေသည့် စာရိတ္တဆိုင်ရာ ကျင့်ဝတ်ဆိုင်ရာအပြုအမူတို့ကို ထိန်းချုပ်စေနိုင်ခဲ့သည်။ ထိုသို့ မိမိပြုသည့်အမှုကိစ္စများအတွက် မိမိသာတာဝန်ရှိကြောင်းကို သိရှိစေခြင်းဖြင့် ဤကမ္မဝါဒသည် လူသား အားလုံးအတွက် လူမှုရေးဆိုင်ရာ လွတ်မြောက်မှုတို့ကို ဖော်ဆောင်ပေးခဲ့သည်။ ဥပမာဆောင်ရသော် အိန္ဒိယနိုင်ငံတွင် ထိုခေတ်အခါက ဇာတ်မြင့်များဖြစ်သည့် ပုဏ္ဏားတို့၏ မိမိဘဝအပေါ် လွှမ်းမိုးသြဇာပေးမှုတို့မှ လွတ်မြောက်စေခဲ့သည်။

ထိုကဲ့သို့ ထူးမြတ်လှသည့် တရားဦးဓမ္မစကြာကို အလေးဂရုပြုသည့် အနေဖြင့်မြန်မာနိုင်ငံတွင် ဤဇူလိုင်လပြည့်ကို ဓမ္မစကြာနေ့အဖြစ် တရားဝင်အသိအမှတ်ပြုခဲ့ကြပြီး အစိုးရဌာနများနှင့် ကျောင်းများ ပိတ်ရက်အဖြစ် သတ်မှတ်ခဲ့သည်။ ထိုနေ့ထူးနေ့မြတ်တွင် နိုင်ငံအဝန်းရှိ ဘုရားကျောင်းကန် စေတီပုထိုးများ၊ တရားရိပ်သာများတွင် အဖြူရောင်အကျီ၊ အညိုရောင်လုံချည်ဝတ်ဆင်ထားပြီး မြတ်ဗုဒ္ဓ၏ တရားဦး ဓမ္မစကြာကို နှလုံးသွင်းဆင်ခြင်ခြင်း၊ တရားအားထုတ်ခြင်း ပြုကြသည့် သူတော်စင်များဖြင့် ပြည့်နှက်နေသည်ကို တွေ့ရမည်ဖြစ်သည်။ ထို့အတူပင် ထိုင်းနိုင်ငံတွင်လည်း ၁၈၅၄ ခုနှစ်မှ ၁၈၆၈ ခုနှစ်အထိ အုပ်စိုးခဲ့သည့် မွန်ကွတ်ဘုရင် (King Mongkut) လက်ထက်မှစ၍ ဇူလိုင်လပြည့်ကို ပါဠိဘာသာဖြင့် 'အာသာဠ္ဍပူဇာနေ့' အဖြစ် တရားဝင်သတ်မှတ်ခဲ့သည်။ အဖြူရောင်ဝတ်စုံ ဝတ်ဆင်ထားသည့် ဗုဒ္ဓဘာသာဝင်တို့သည် ဘုန်းကြီးကျောင်းများ၌ စုဝေးကြပြီး နေ့စဉ်စောင့်ထိန်းကြသည့် ငါးပါးသီလအစား ရှစ်ပါးသီလဥပုသ်ကို စောင့်ထိန်းကြခြင်း၊ ဓမ္မစကြာနှင့်စပ်လျဉ်းသည့် တရားဓမ္မများနာကြားကြခြင်း၊ လှူဖွယ်ဝတ္ထုများ ဆက်ကပ်ကြခြင်း၊ အထူးအားဖြင့် 'တင်းခေါက်ဖန်ဆာ' (tien-khao-phansa)ဟု ထိုင်းဘာသာဖြင့်ခေါ်ဆိုသည့် ဝါတွင်းကာလအတွက် ဖယောင်းတိုင်စသည်တို့ကို လှူဒါန်းခြင်းပြုကြသည်။ လာအိုနိုင်ငံမှ ဗုဒ္ဓဘာသာများသည်လည်း ထိုင်းဗုဒ္ဓဘာသာများနည်းတူ ဝါဆိုဓလေ့ကို ဖော်ဆောင်ရာတွင် ဝါဆိုအတွက် ဖယောင်းတိုင်များကို ဘုရားကျောင်းကန်များသို့ လူစုလူဝေးဖြင့် စီတန်းလှည့်လည် ပို့ဆောင်ကြသည်ကို လေ့လာတွေ့ရှိရသည်။

### ကန္ဒီမြို့၌ကျင်းပ

သီရိလင်္ကာနိုင်ငံ၌လည်း 'ဆောလ ပိုယာ' (Esala Poya) ဟုခေါ်သည့် ဤဇူလိုင်လပြည့်နေ့တွင် နိုင်ငံ၏ လူဦးရေ ၇၀ ရာခိုင်နှုန်းရှိသည့် ဗုဒ္ဓဘာသာဝင်တို့သည် တရားဦးဟောကြားသည့်နေ့အဖြစ်သာမက အရိဋ္ဌမင်းသားနှင့်တကွ နိုင်ငံသား ၅၅ ဦးတို့ ရဟန်းပြုကြသည့် သီရိလင်္ကာနိုင်ငံ၏ ပထမဆုံးသော ဥပသမ္ပဒါနေ့ အထိမ်းအမှတ်အဖြစ် အဖြူရောင်ဝတ်စုံများဆင်မြန်းကာ ဤနေ့ထူးနေ့မြတ်ကို ပူဇော်ကြသည်။ ဤနေ့သည် လွန်စွာထူးမြတ်လှသည့်အတွက် ဘီစီ ၁၆၁ ခုနှစ်မှ ၁၃၇ ခုနှစ်အထိ နန်းစံခဲ့သည့် ဒုဋ္ဌဂါမဏိမင်းလက်ထက်တွင် 'မဟာစေတီဘွဲ့ခံ ရုဝံဝေလိစေတီ' ၏ အုတ်မြစ်စီမင်္ဂလာ အခမ်းအနားကို ကျင်းပခဲ့ပြီး စေတီတည်ပြီးသည့်အခါ၌လည်း ဝါဆိုလပြည့်နေ့၌သာ ဗုဒ္ဓဓာတ်တော်တို့ကို ဌာပနာခဲ့သည်။ ယနေ့ခေတ်တွင်လည်း နာမည်ကျော်ကြားလှသည့် စွယ်တော်လှည့်လည်ပူဇော်ခံပွဲကို ဤဝါဆိုလပြည့်နေ့တွင် ကန္ဒီမြို့၌ ကျင်းပဆဲဖြစ်သည်။

### သံဃာအများ လိုက်နာကျင့်သုံး

ဤဇူလိုင်လပြည့်၏ ထူးမြတ်သောအခြားအချက်တစ်ခုမှာ အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း ဝါတွင်းသုံးလကာလ၏ အဦးအစဖြစ်ခြင်းသည် ရဟန်းသံဃာများအတွက်သာမက လူပုဂ္ဂိုလ်များအတွက်ပါ သမိုင်းကြောင်းအရ များစွာအရေးပါလှပေသည်။ သို့သော် ဤဓလေ့သည် မြတ်စွာဘုရားရှင်မှစ၍ စတင်တီထွင်ချမှတ်ခဲ့ခြင်းမဟုတ်ဘဲ သဘာဝပတ်ဝန်းကျင်နှင့် ဗုဒ္ဓဘာသာဝင်များနှင့် အခြားဘာသာဝင်ဖြစ်သည့် လူအများစုကြား လိုက်လျောညီထွေ သဟဇာတဖြစ်စေရန်အတွက် လက်ခံကျင့်သုံးခဲ့သည့် ဓလေ့ဟုဆိုပါက တချို့သောပုဂ္ဂိုလ်များ အံ့သြဖွယ် ဖြစ်ကောင်းဖြစ်ပေလိမ့်မည်။ ဘုရားရှင်ကိုယ်တော်တိုင်လမ်းညွှန်ဟောပြော ပြသခဲ့သည့် ဝိပဿနာအခြေခံသည့် မဇ္ဈိမပဋိပဒါ အလယ်အလတ်လမ်းစဉ်ကို ငါးရက်တိုင်တိုင် အပြင်းအထန်အားထုတ်ခဲ့ပြီး အရိယာအဖြစ်သို့ ရောက်ရှိခဲ့သည့် ပဉ္စဝဂ္ဂီငါးဦးနှင့်တကွ ဘုရားရှင်ကိုယ်တော်တိုင် ဝါတွင်းသုံးလပတ်လုံး မိဂဒါဝုန်တော၌ ပထမဝါဆိုခဲ့သည်မှာ မှန်သော်လည်း နောက်ပိုင်းအချိန်ကာလ တစ်ခုတိုင် သံဃာအများ လိုက်နာကျင့်သုံးသည့် ဝိနည်းစည်းကမ်းတစ်ခုမဖြစ်ခဲ့ပါ။

လယ်သမားတို့ထံမှ မကျေမနပ်ဖြစ်ကာ တိုင်ကြားမှုများကို ကြားနာရမှုသာ ဤဝါဆိုခြင်းကို ဝိနည်းစည်းကမ်းတစ်ခုအဖြစ် ဘုရားရှင်မှ ချမှတ်တော်မူခဲ့ခြင်း ဖြစ်သည်။ အကြောင်းမှာ အခြားဘာသာဝင် ရသေ့ပရိဗိုဇ်တို့သည်ပင် ထိုမိုးအခါကာလတွင် တစ်နေရာတည်း၌ နေထိုင်ကြသော်လည်း ဘုရားရှင်၏တပည့်ရဟန်းများမှာ ထိုမိုးတွင်းကာလ၌ ခရီးသွားလာကြသည့်အတွက် လယ်သမားတို့ စိုက်ပျိုးထားသည့် ကောက်ပဲသီးနှံများပျက်စီးပြီး ပိုးမွှားများလည်း သေကျေကြသည်ဟု တိုင်ကြားကြသောကြောင့် ဖြစ်သည်။ ဤနေရာ၌ ဘုရားရှင် ချမှတ်ခဲ့သည့် ဝါဆိုဝါကပ်ခြင်းဟူသည့် ရဟန်းတော်တို့ လိုက်နာကျင့်သုံးရမည့် သိက္ခာပုဒ်ကိုချမှတ်ရာတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူများ၏အယူအဆကိုထည့်သွင်းစဉ်းစားခဲ့သည့် အချက်မှာ မှတ်သားဖွယ်ကောင်းလှသည်။ ဝါဆိုဝါကပ်ခြင်းအလေ့သည် သဘာဝပတ်ဝန်းကျင်နှင့် လူ့ဘောင်အသိုင်းအဝိုင်းကြား လိုက်လျောညီထွေမှုဖြစ်ရေးကို ဖော်ဆောင်သည့် သင်္ကေတပင်ဖြစ်သည်။

*စာမျက်နှာ ၈ သို့*



အောက်စ်ဖို့ဒ်ဆရာတော် ပါမောက္ခ ဘဒ္ဒန္တ ဒေါက်တာ ဓမ္မသာမိ (DPhil, Oxford)

**ဤဇူလိုင်လပြည့်၏ ထူးမြတ်သောအခြားအချက်တစ်ခုမှာ အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း ဝါတွင်းသုံးလကာလ၏ အဦးအစဖြစ်ခြင်းသည် ရဟန်းသံဃာများအတွက်သာမက လူပုဂ္ဂိုလ်များအတွက်ပါ သမိုင်းကြောင်းအရ များစွာအရေးပါလှပေသည်။ သို့သော် ဤဓလေ့သည် မြတ်စွာဘုရားရှင်မှစ၍ စတင်တီထွင်ချမှတ်ခဲ့ခြင်းမဟုတ်ဘဲ သဘာဝပတ်ဝန်းကျင်နှင့် ဗုဒ္ဓဘာသာဝင်များနှင့် အခြားဘာသာဝင်ဖြစ်သည့် လူအများစုကြား လိုက်လျောညီထွေ သဟဇာတဖြစ်စေရန်အတွက် လက်ခံကျင့်သုံးခဲ့သည့်ဓလေ့ဟုဆိုပါက တချို့သောပုဂ္ဂိုလ်များ အံ့သြဖွယ် ဖြစ်ကောင်းဖြစ်ပေလိမ့်မည်**

# ပြည်ထောင်စုငြိမ်းချမ်းရေးနှစ် (၂၀၁၇) အထိမ်းအမှတ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော် ကျင်းပ



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ရတနာတန်းဝင် ကျွန်းပင်ကို စိုက်ပျိုးပေးစဉ်

**နေပြည်တော်  ဇူလိုင် ၇**
ပြည်ထောင်စုငြိမ်းချမ်းရေးနှစ် (၂၀၁၇) အထိမ်းအမှတ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကို ယနေ့နံနက် ၇ နာရီတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် တော်ဝင်ရတနာလမ်းနှင့် ရွှေကြာပင်လမ်းထောင့်နေရာ၌ ကျင်းပသည်။

သစ်ပင်စိုက်ပျိုးပွဲတော်သို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပြည်ထောင်စုဝန်ကြီးများ၊ ငြိမ်းချမ်းရေး ကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာ တင်မျိုးဝင်း၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌဒေါက်တာမျိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်နှင့် ဒေါက်တာ အောင်မိုးညို၊ လွှတ်တော်ရေးရာကော်မတီဥက္ကဋ္ဌများ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင် အတွင်းရေးမှူးအဖွဲ့ဝင် ဦးဝင်းထိန်၊ နေပြည်တော်ကောင်စီဝင်များနှင့် နေပြည်တော် စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများ၊ ကျောင်းသား ကျောင်းသူများ၊ ဒေသခံပြည်သူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

သစ်ပင်စိုက်ပျိုးပွဲတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ရတနာတန်းဝင်ကျွန်းပင်ကိုလည်းကောင်း၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများ၊ ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်များ၊ လွှတ်တော်ရေးရာကော်မတီဥက္ကဋ္ဌများ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ဦးဝင်းထိန်နှင့် တာဝန်ရှိသူများက ရတနာတန်းဝင်ကျွန်း၊ ယင်းမာ၊ ကံ့ကော်၊ မဟော်ဂနီ၊ စိန်ပန်းပြာ၊ စိန်ပန်းနီ၊ ပိတောက်၊ ကံ့ကော်၊ ရွှေသပြေ၊ ယင်းမာနှင့် ခရေပင်တို့ကိုလည်းကောင်း သတ်မှတ်နေရာအသီးသီးတွင် စိုက်ပျိုးပေးကြသည်။

**စိုက်ပျိုး**

ဆက်လက်၍ သစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများ၊ ဒေသခံပြည်သူများနှင့် ဖိတ်ကြားထားသူများက ပျိုးပင်များကို သတ်မှတ်နေရာများတွင် စိုက်ပျိုးကြသည်။

ယနေ့ကျင်းပသည့် ပြည်ထောင်စုငြိမ်းချမ်းရေးနှစ် (၂၀၁၇) အထိမ်းအမှတ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်တွင် ကျွန်း၊ ပျဉ်းကတိုး၊ ငုရွှေဝါ၊ ငုစပ်၊ မဟော်ဂနီ၊ စိန်ပန်းပြာ၊ စိန်ပန်းနီ၊ ပိတောက်၊ ကံ့ကော်၊ ရွှေသပြေ၊ ယင်းမာနှင့် ခရေပျိုးပင် စုစုပေါင်း ၁၂၀၀ ကို စိုက်ပျိုးကြကြောင်း သိရသည်။
**(သတင်းစဉ်)**

# နိုင်ငံ့ဝန်ထမ်းပြုပြင်ပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာစီမံချက်အား ကြိုဆိုခြင်း

## ဒေါက်တာ ခိုင်ခိုင်ဝင်း

ပြည်ထောင်စုရာထူးဝန်အဖွဲ့ (UCSB) ၏စီမံကြီးကြပ်မှု၊ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP) ၏ ပူးပေါင်းပါဝင်ကူညီမှုဖြင့် နိုင်ငံ့ဝန်ထမ်းပြုပြင်ပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာစီမံချက် Civil Service Reform (CSR) Strategic Action Plan အားထုတ်ပြန်ကြေညာမည့်အခမ်းအနားနှင့် အသိပညာဝေမျှမှု ဆက်စပ်ဆွေးနွေးပွဲများ၊ ဖိုရမ်များကို ဇူလိုင် ၁၀ ရက်မှ ၁၂ ရက်အထိ နေပြည်တော် မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC -2) တွင် ပြုလုပ်သွားမည်ဖြစ်သည်။

နိုင်ငံ့ဝန်ထမ်းပြုပြင်ပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာစီမံချက်ကိုခေတ်မီပြီး အရည်အသွေးပြည့်ဝသည့် နိုင်ငံ့ဝန်ထမ်းများ ပေါ်ပေါက်လာရေး၊ ရလဒ်ကို အခြေပြုသည့် မဟာဗျူဟာစီမံချက်ပေါ်ပေါက်လာရေးနှင့် အစိုးရဌာနအဖွဲ့အစည်းများကိုအထောက်အကူပြုစေရန်စသည့် ရည်ရွယ်ချက်များဖြင့် ရေးဆွဲခဲ့ခြင်းဖြစ်သည်။ ထိုသို့ အောင်အောင်မြင်မြင်ရေးဆွဲနိုင်ရေးအတွက် ၂၀၁၆ ခုနှစ် ဩဂုတ်လမှ ၂၀၁၇ ခုနှစ်ဖေဖော်ဝါရီလအထိ နေပြည်တော်၊ ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် တောင်ကြီးမြို့များတွင် အလုပ်ရုံဆွေးနွေးပွဲများကို (၄) ကြိမ်တိုင်တိုင် ကျင်းပခဲ့ပါသည်။ ရလဒ်ကောင်းများစွာထွက်ပေါ်လာခဲ့ပြီး အပြီးသတ်စီမံချက်တွင် ထည့်သွင်းရေးဆွဲနိုင်ခဲ့ပါသည်။ ထို့ပြင် နိုင်ငံ့ဝန်ထမ်းပြုပြင်ပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာစီမံချက်ကို အပြီးသတ်ရေးဆွဲပြီး အောင်မြင်စွာထုတ်ပြန်နိုင်ရေးအတွက် မူကြမ်းများကို တတိယအကြိမ်အထိ ပြင်ဆင်ရေးသားခဲ့ပြီး ဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ အကြံပြုချက်များစွာလည်း ထည့်သွင်းနိုင်ခဲ့ပါသည်။ နိုင်ငံ့ဝန်ထမ်းများအတွက် အမှန်ပင်ကောင်းမွန်လှသည့် ရည်ရွယ်ချက်၊ လုပ်ဆောင်ချက်များဖြစ်ပါသည်။

MICC-2တွင် သုံးရက်ကြာကျင်းပမည့် အခမ်းအနားနှင့် ဆွေးနွေးပွဲများတွင် ၁။ ဖွံ့ဖြိုးဆဲနိုင်ငံများမှ နိုင်ငံ့ဝန်ထမ်းများ၏ ယုံကြည်ချက်၊ ခံယူချက်နှင့်စိတ်ဓာတ်မြင့်မားတက်ကြွလာစေရေးအတွက် ကမ္ဘာ့နိုင်ငံများမှ သတ်မှတ်ကျင့်သုံးသည့် နည်းလမ်းများကို လေ့လာဆွေးနွေးခြင်း ( Global Study on Intrinsic Motivation in Developing Countries)နှင့် ၂။ (၁၉)ကြိမ်မြောက် အာဆီယံနိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့အစည်းအဝေးမှ သဘောတူညီခဲ့သော ပြည်သူ့ဝန်ထမ်းများအားလုပ်ငန်းခွင်တွင် စိတ်အားထက်သန်တက်ကြွစွာဖြင့် ဝန်ဆောင်မှုပေးနိုင်ရေး လှုံ့ဆော်မြှင့်တင်ပေးခြင်းအသိပညာမျှဝေမှုဖိုရမ် ( Knowledge Forum on Public Service Motivation) များကိုလည်း နိုင်ငံတကာမှ ပညာရှင်များဖြင့် တစ်ဆက်တစ်စပ်တည်းကျင်းပသွားမည်ဖြစ်သည်။

အဆိုပါနိုင်ငံ့ဝန်ထမ်းပြုပြင်ပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာစီမံချက်ထုတ်ပြန်ကြေညာခြင်းအခမ်းအနားတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင် တက်ရောက်ပြီး အဖွင့်အမှာစကားပြောကြားမည်ဖြစ်ပြီး နိုင်ငံတော်၏ ဒုတိယသမ္မတဦးမြင့်ဆွေ၊ ဗဟိုအာဏာပိုင်အဖွဲ့အစည်းများမှ အကြီးအကဲများ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဥက္ကဋ္ဌများ၊ နိုင်ငံ့ဝန်ထမ်းအဆင့်မြင့်အရာရှိကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်တွင်း/ပြည်ပပညာရှင်များ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ ဖွံ့ဖြိုးမှုမိတ်ဖက်များ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ မီဒီယာအဖွဲ့အစည်းများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ကိုယ်စားလှယ်များ၊ သတင်းမီဒီယာသမားများ စုစုပေါင်း ၆၅၀ ခန့် တက်ရောက်မည်ဖြစ်ကြောင်း သိရှိရသည့်အတွက် နိုင်ငံ့ဝန်ထမ်းများကိုယ်စားဂုဏ်ယူဝမ်းသာပီတိဖြစ်ရပါသည်။

နိုင်ငံ့ဝန်ထမ်းကဏ္ဍတွင် အမြစ်တွယ်နေသည့်အဖွဲ့အစည်းဆိုင်ရာနှင့် ယဉ်ကျေးမှုဆိုင်ရာအစွဲများ၊ ဘက်လိုက်မှုများကိုခေတ်နှင့်အညီ ကိုင်တွယ်ဖြေရှင်းဖို့ရာအချိန်ကျရောက်နေပြီဖြစ်သည့်အလျောက် ယခုကျင်းပမည့် နိုင်ငံ့ဝန်ထမ်းပြုပြင်ပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာစီမံချက် ထုတ်ပြန်ကြေညာခြင်းအခမ်းအနားနှင့် ဆက်စပ်အစည်းအဝေးဖိုရမ်များသည် နိုင်ငံတော်အတွက် တာဝန်ထမ်းဆောင်နေသော နိုင့်ငံဝန်ထမ်းများအတွက် အဖိုးမဖြတ်နိုင်သည့် နိုင်ငံတကာမှ အတွေ့အကြုံများ၊ ပညာရှင်များ၏ အတွေ့အကြုံဗဟုသုတဖလှယ်မှုများ၊ မတူညီသောအဖွဲ့အစည်းများမှ သိရှိလိုသည်များ၊ ထင်မြင်ယူဆချက်များ၊ အကြံပြုချက်များကို တစ်နေရာတည်းတွင် အပြန်အလှန်ဆွေးနွေးမှုများပေးနိုင်မည့် ကောင်းမွန်ထူးခြားသည့် အခမ်းအနားကြီးဖြစ်ပါသည်။ အခမ်းအနားဖြစ်ပေါ်လာရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် UCSB နှင့် UNDP မှတာဝန်ရှိသူများ၊ ဆက်စပ်အစည်းအဝေးနှင့် ဖိုရမ်များတွင် ဦးဆောင်ဆွေးနွေးမည့်သူများ၊ အတွေ့အကြုံဖလှယ်ကြမည့် အသိပညာရှင်များအား နိုင်ငံ့ဝန်ထမ်းများကိုယ်စားအထူးပင်ကျေးဇူးတင်ရပါသည်။ နိုင်ငံ့ဝန်ထမ်းများအတွက် ရတောင့်ရခဲလှသည့် အသိပညာဗဟုသုတအတွေ့အကြုံဖလှယ်နိုင်သည့် ဆွေးနွေးပွဲကြီးလည်းဖြစ်ပါသည်။

ဝန်ထမ်းကောင်းမှ နိုင်ငံကောင်းမည်ဖြစ်သည်။ နိုင်ငံတော်ကိုတာဝန်ခံ၍ ပြည်သူ့ဝန်ဆောင်မှုများအား ထိရောက်စွာနှင့် ခွဲခြားဆက်ဆံခြင်းကင်းစွာဆောင်ရွက်ပေးရန်တာဝန်ရှိသည့် နိုင်ငံ့ဝန်ထမ်းများသည် အစိုးရနှင့်ပြည်သူများအား ဆက်သွယ်ပေးသည့် အဓိကကြားခံပေါင်းကူးတစ်ခုဖြစ်သလို မြန်မာနိုင်ငံ၏ ဒီမိုကရေစီကူးပြောင်းမှုအားရှေ့ဆက်တိုးလုပ်ဆောင်နိုင်ရန် နိုင်ငံတော်အပေါ် ပြည်သူများ၏ ယုံကြည်မှုပိုမိုအားကောင်းလာစေရေးအတွက် သော့ချက်လည်းဖြစ်ပါသည်။ သို့အတွက် ကြားခံပေါင်းကူးတံတားတောင့်တင်းခိုင်မာဖို့ရာ အရေးကြီးပါသည်။ ကြားခံပေါင်းကူးတံတားတောင့်တင်းခိုင်မာနေပါမှ ဆက်သွယ်မှုများ မြန်ဆန်သွက်လက်ပြီး ပိုမိုထိရောက်နိုင်မည်လည်း ဖြစ်ပါသည်။

၂၀၁၆ ခုနှစ်က ထုတ်ပြန်ပေးခဲ့သော UCSB-UNDP မှကောက်ယူခဲ့သည့် ကိုယ်ကျင့်သိက္ခာ၊ အရည်အချင်းအလိုက်ချီးမြှင့်မြှောက်စားမှုနှင့် တန်းတူအခွင့်အရေးများဆိုင်ရာသဘောထားအမြင်စစ်တမ်းတွင် မြန်မာနိုင်ငံ၏ လက်ရှိနိုင်ငံ့ဝန်ထမ်းကဏ္ဍတွင် အများအားဖြင့် ပြည်သူ့ဝန်ဆောင်မှုအားပေးသူ၏ ရှုထောင့်မှကြည့်၍သာဆောင်ရွက်ပေးနေခြင်းဖြစ်ပြီး ပြည်သူဗဟိုပြုမှုနှင့် အဆင်ပြေအောင် ဝန်ဆောင်မှုပေးသည့်အလေ့အထနည်းပါးနေသလို တည်ဆဲဥပဒေစည်းကမ်းများတွင် အရည်အချင်းအလိုက် ချီးမြှင့်မြှောက်စားမှု၊ တရားမျှတမှုနှင့် တာဝန်ခံမှုတို့အားနည်းနေသေးသည်ဟု ဖော်ပြထားရှိပါသည်။

သို့အတွက် နိုင်ငံ့ဝန်ထမ်းများအတွက် အမှန်တကယ်အကျိုးရှိပြီး ထိရောက်မှုရှိသည့် "လူထုပါဝင်ဆောင်ရွက်မှုကိုအားပေးမြှင့်တင်၍ လူထု၏ယုံကြည်မှုကိုပိုမိုအားကောင်းစေမည့်ကျင့်ဝတ်နှင့်ညီသော၊ အရည်အချင်းကိုအခြေခံသော၊ အားလုံးပါဝင်ထမ်းဆောင်နိုင်သော၊ တုံ့ပြန်ဖြည့်ဆည်းပေးသော နိုင်ငံ့ဝန်ထမ်းကဏ္ဍကြီးပေါ်ထွန်းလာဖို့ရာ" အားထုတ်ကြိုးပမ်းခဲ့သည့် နိုင်ငံ့ဝန်ထမ်းပြုပြင်ပြောင်းလဲရေးမဟာဗျူဟာစီမံချက်ရေးဆွဲထုတ်ပြန်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ခဲ့မှုများသည် ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ အောင်မြင်မှုတစ်ခုသာမဟုတ် နိုင်ငံ့ဝန်ထမ်းအားလုံး၏ အောင်မြင်မှုလည်းဖြစ်ပါသည်။

ဝန်ထမ်းကောင်းမှ နိုင်ငံကောင်းပါမည်။ ကောင်းမွန်သောနိုင်ငံဖြစ်ပေါ်လာရေး နိုင်ငံ့ဝန်ထမ်းအားလုံးတွင် တာဝန်ရှိပါသည်။ နိုင်ငံတော်နှင့် ပြည်သူအကြား ပေါင်းကူးပေးသည့်နိုင်ငံ့ဝန်ထမ်းများသည် ကောင်းနေရမည်။ တော်နေရမည်။ ထက်နေရပါမည်။ သို့အတွက် ကောင်းမွန်ပြီးထက်မြက်သည့် နိုင်ငံ့ဝန်ထမ်းများ ဖြစ်ပေါ်လာစေမည့် မော်ဒယ်ပုံစံအသစ်၊ မောင်းနှင်အားအသစ်၊ ဦးစားပေးမှုအသစ်များအား လက်ခံကျင့်သုံးစေမည့်၊ ခေတ်မီဖွံ့ဖြိုးအောင် လုပ်ဆောင်နိုင်မည့်နည်းလမ်းများ သတ်မှတ်ဖော်ထုတ်ရေးဆွဲထားသည့် နိုင်ငံ့ဝန်ထမ်းပြုပြင်ပြောင်းလဲမှုဆိုင်ရာမဟာဗျူဟာစီမံချက်သည် မကြာမီကာလအတွင်း နိုင်ငံ့ဝန်ထမ်းများ လက်ဝယ်သို့ရောက်ရှိလာတော့မည်ဖြစ်သည်။

နိဂုံးချုပ်အနေဖြင့် နိုင်ငံတော်နှင့် ပြည်သူအကြား ထိရောက်သော ဆက်သွယ်မှုများဖြင့် ကြားခံပေါင်းကူးပေးနေသည့် နိုင်ငံ့ဝန်ထမ်းများသည် ယခုချိန်မှ စတင်၍ ခေတ်မီတိုးတက်လာပြီး မြန်မာနိုင်ငံ၏ နိုင်ငံရေးနှင့် လူမှုရေးအသွင်ကူးပြောင်းမှုများတွင် ထိရောက်စွာပိုမိုပါဝင်လာနိုင်၍ ရိုးဖြောင့်မှု၊ တာဝန်ခံမှု/တာဝန်ယူမှုတို့၏ စံချိန်စံညွှန်းများကို ထိန်းသိမ်းထားနိုင်ကာ စွမ်းဆောင်ရည်ပြည့်ဝမှုများ ပိုမိုပြသနိုင်သည့် ပြည်သူအကျိုးသယ်ပိုးဆောင်ရွက်နိုင်သည့် ဝန်ထမ်းကောင်းများ ဖြစ်လာစေရန်နှင့် မကြာမီအချိန်အတွင်း ထုတ်ပြန်ကြေညာမည့် နိုင်ငံ့ဝန်ထမ်းပြုပြင်ပြောင်းလဲရေးမဟာဗျူဟာစီမံချက်ပါနည်းလမ်းများအတိုင်း ပါဝင်လှုပ်ရှားဆောင်ရွက်အကောင်အထည်ဖော်နိုင်ကြပါစေကြောင်း ဆုမွန်ကောင်း ခြွေလျက် နိုင်ငံ့ဝန်ထမ်းပြုပြင်ပြောင်းလဲရေးဆိုင်ရာ မဟာဗျူဟာစီမံချက်ကို ကြိုဆိုလိုက်ရပါသည်။

**ဝန်ထမ်းကောင်းမှ နိုင်ငံကောင်းမည်ဖြစ်သည်။ နိုင်ငံတော်ကိုတာဝန်ခံ၍ ပြည်သူ့ဝန်ဆောင်မှုများအား ထိရောက်စွာနှင့် ခွဲခြားဆက်ဆံခြင်းကင်းစွာဆောင်ရွက်ပေးရန်တာဝန်ရှိသည့် နိုင်ငံ့ဝန်ထမ်းများသည် အစိုးရနှင့်ပြည်သူများအား ဆက်သွယ်ပေးသည့် အဓိကကြားခံပေါင်းကူးတစ်ခုဖြစ်သလို မြန်မာနိုင်ငံ၏ ဒီမိုကရေစီကူးပြောင်းမှုအားရှေ့ဆက်တိုးလုပ်ဆောင်နိုင်ရန် နိုင်ငံတော်အပေါ် ပြည်သူများ၏ ယုံကြည်မှုပိုမိုအားကောင်းလာစေရေးအတွက် သော့ချက်လည်း ဖြစ်ပါသည်။**

# တိုးမြှင့်ရန်ကျန်ရှိသည့်ကျောင်းများကို လာမည့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် တိုးမြှင့်ပေးရန် စိစစ်ဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၇**

ဒုတိယအကြိမ်ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ၂၇ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀နာရီတွင် ကျင်းပရာ မေးခွန်းခြောက်ခု မေးမြန်းဖြေကြားခြင်း၊ အစီရင်ခံစာနှစ်ခု ဖတ်ကြားတင်သွင်းခြင်းနှင့် ဥပဒေကြမ်းတစ်ခု လက်ခံရရှိကြောင်း အသိပေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် ရမ်းဗြဲမဲဆန္ဒနယ်မှ ဦးကျော်ရွှေ၏ **ရွေးကောက်ပွဲကန့်ကွက်လွှာ တင်သွင်းမှုတွင် အမှုရှုံးနိမ့်သူက အနိုင်ရသူအား စရိတ်ငွေကျပ် ၁၅ သိန်းပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးထွန်းခင်က တရားစရိတ်ငွေနှင့်စပ်လျဉ်း၍ ချမှတ်ရာတွင် ပုံသေသတ်မှတ်ခဲ့ခြင်းမရှိဘဲ ခုံအဖွဲ့များ၏ ဆင်ခြင်တုံတရားအရ အမျိုးမျိုးချမှတ်ခဲ့ပါကြောင်း၊ ရွေးကောက်ပွဲကန့်ကွက်လွှာအမှုများသည် အရပ်ဘက်တရားမမှုများနှင့် အမှုသဘောသဘာဝအရ တူညီမှုမရှိပါကြောင်း၊ တရားစရိတ်ငွေနှင့်စပ်လျဉ်း၍ ပုံသေသတ်မှတ်ပြဋ္ဌာန်းချက်လည်း မရှိကြောင်းကို လေ့လာတွေ့ရှိပါကြောင်း၊ လက်ရှိပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ခုံအဖွဲ့များအနေဖြင့် တရားစရိတ်ငွေများ ချမှတ်ခဲ့ခြင်းမှာ ဥပဒေပြဋ္ဌာန်းချက်ဘောင်အတွင်းမှ အသင့်မြတ်ဆုံးအမိန့်ကို ဆင်ခြင်တုံတရားဖြင့် ရွေးချယ်ချမှတ်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ကန့်ကွက်လွှာတင်သွင်းမှုတွင် ရှုံးနိမ့်သူက အနိုင်ရသူအား တရားစရိတ်ငွေကို ယခင်ကာလများကဲ့သို့ ငွေကျပ် ၁၅ သိန်း ပေးချေစေရန် အစီအစဉ်မရှိပါကြောင်းနှင့် နောင်တွင် လျှောက်ထားလာမည့် ရွေးကောက်ပွဲကန့်ကွက်လွှာ အမှုများ၌ လျှောက်ထားသူနှင့် လျှောက်ထားခံရသူတို့၏ အမှန်ကုန်ကျနိုင်မည့်စရိတ်တို့အပေါ် ဆင်ခြင်သုံးသပ်ပြီး တရားစရိတ်များအား ငွေကျပ်တစ်သိန်းထက်ပို၍ တိုးမြှင့်ချမှတ်ပေးရန် အစီအစဉ်ရှိပါကြောင်း ဖြေကြားသည်။

သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦး၏ **သနပ်ပင်မြို့နယ် အ.ထ.က(ခွဲ)နတ်ရေကန်၊ အောက်ခရမ်း၊ တောင်ဘက်ကမ်းနှင့် ကုက္ကို ကျောင်းများကို အ.ထ.က အဖြစ်လည်းကောင်း၊ အ.လ.က မိုးခိုင်ကြီးကို အ.ထ.က(ခွဲ)အဖြစ်လည်းကောင်း၊ အ.လ.က(ခွဲ) ညောင်ကျွန်း၊ ဝဲပြန်၊ ဇီးပင်၊ ကျိုက်ပဒိုင်ကြီး၊ ကပင်၊ ကျွဲဖြူချောင်း၊ ကသဲကုန်း၊ ကလိုင်၊ ကသစ်ဝိုင်နှင့် အောက်တကဲကျောင်းများကို အ.လ.က အဖြစ်လည်းကောင်း၊ အ.မ.က(ခွဲ)ကုလားတဲစုကို အ.မ.က အဖြစ်လည်းကောင်း၊ ကိုယ့်အားကိုယ်ကိုး ခရာစုရွာဟောင်း တွဲဖက်မူလတန်းကျောင်းနှင့် ကိုယ့်အားကိုယ်ကိုး စံပြလေး တွဲဖက်မူလတန်းကျောင်းကို မူလတန်းကျောင်း(ခွဲ) အဖြစ်လည်းကောင်း အဆင့်တိုးမြှင့်ပေးရန်နှင့် ကျောင်းသားဦးရေနှင့် ဆရာအချိုးမညီမျှသော ကျောင်းများတွင် လိုအပ်သော ဆရာများခန့်ထားပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ခရာစုရွာဟောင်းကျေးရွာ၊ စံပြလေးကျေးရွာတို့ကို အခြေခံပညာမူလတန်းကျောင်း(ခွဲ)များအဖြစ်လည်းကောင်း၊ ကုလားတဲစုကျေးရွာ အခြေခံပညာမူလတန်းကျောင်း(ခွဲ)ကို အခြေခံပညာမူလတန်းကျောင်းအဖြစ်လည်းကောင်း၊ အခြေခံပညာအလယ်တန်းကျောင်း (ခွဲ) များဖြစ်ကြသော ညောင်ကျွန်း ကျေးရွာ၊ ဝဲပြန်ကျေးရွာ၊ ဇီးပင်ကျေးရွာ၊ ကပင်ကျေးရွာ၊ ကျွဲဖြူချောင်းကျေးရွာ၊ ကသဲကုန်းကျေးရွာ၊ ကလိုင်ကျေးရွာ၊ ကသစ်ဝိုင်ကျေးရွာတို့ကို အခြေခံပညာအလယ်တန်းကျောင်းများ အဖြစ်လည်းကောင်း၊ မိုးခိုင်ကြီးကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်းကို အခြေခံပညာအထက်တန်းကျောင်း (ခွဲ) အဖြစ်လည်းကောင်း၊ နတ်ရေကန်ကျေးရွာအခြေခံပညာအထက်တန်းကျောင်း(ခွဲ)ကို အခြေခံပညာအထက်တန်းကျောင်းအဖြစ်လည်းကောင်း စုစုပေါင်း အခြေခံပညာကျောင်းပေါင်း ၁၃ ကျောင်းကို ၂၀၁၇ ခုနှစ် မေ ၂၃ ရက်တွင် အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးပြီးဖြစ်ပါကြောင်း၊ တိုးမြှင့်ရန်ကျန်ရှိသည့်ကျောင်းများကိုလည်း လာမည့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် တိုးမြှင့်ပေးရန် စိစစ်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း။

အဆင့်တိုးမြှင့်ပေးနိုင်ခဲ့သော အခြေခံပညာကျောင်းများတွင် မူလတန်းပြနှင့် အလယ်တန်းပြဆရာ၊ ဆရာမများကို မြို့နယ်အတွင်း အခြားကျောင်းများမှ ပိုလျှံရာထူးများကို လွှဲပြောင်းအသုံးပြု၍လည်းကောင်း၊ ပညာရေးကောလိပ်သင်တန်းဆင်းနှင့် နေ့စားလစာ မူလတန်းပြများ ခန့်ထားသည့်အခါတွင်လည်းကောင်း ၂၀၁၇-၂၀၁၈ ပညာသင်နှစ်အတွင်း ဖြည့်ဆည်းခန့်ထားနိုင်ရေးအတွက် စိစစ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့ပြင် မင်္ဂလာဒုံမဲဆန္ဒနယ်မှ ဦးအောင်လှိုင်ဝင်း၊ မတူပီမဲဆန္ဒနယ်မှ ဦးပါထန်း၊ ခေါင်လန်ဖူးမဲဆန္ဒနယ်မှ ဦးအာမိုးဆီ၊ ဟုမ္မလင်းမဲဆန္ဒနယ်မှ ဦးမျိုးညွန့်တို့၏ ဆေးတက္ကသိုလ်ဝင်ခွင့်တွင် ကျောင်းသူများ၏ ဝင်ခွင့်အမှတ်သည် ကျောင်းသားများထက် မြင့်မားနေသည်ကို ပယ်ဖျက်ပေးရေး၊ ကျောင်းအဆင့်တိုးမြှင့်ပေးရေး၊ ကျောင်းဆောင်သစ်ဆောက်လုပ်ပေးရေး၊ ဟုမ္မလင်းမြို့နယ်အတွင်းရှိ ကျောင်းများအား ကျေးရွာကော်မတီက ဆောက်လုပ်ခွင့် တောင်းခံပါက ချထားပေးရေး မေးခွန်းများကို ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ပြန်လည်ဖြေကြားခဲ့သည်။

ယနေ့အစည်းအဝေးတွင် ပြည်သူ့လွှတ်တော် လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် ပြည်သူ့လွှတ်တော် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီတို့၏ နှစ်ပတ်လည် အစီရင်ခံစာများ ဖတ်ကြားတင်ပြခြင်းနှင့် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော "တာတမံဥပဒေကြမ်း" ကို လက်ခံရရှိကြောင်း အသိပေးတင်ပြခြင်းတို့ကိုလည်း ဆောင် ရွက်ခဲ့ကြသည်။

တာတမံ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုကို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း လွှတ်တော်ဥက္ကဋ္ဌက ကြေညာထားသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ၂၇ ရက်မြောက်နေ့ကို ယနေ့ မွန်းလွဲပိုင်းတွင် ရပ်နားလိုက်ပြီး ၂၈ ရက်မြောက်နေ့ အစည်းအဝေးကို ဇူလိုင် ၁၀ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**ကျော်သူထက်၊ အေးအေးသန့်(သတင်းစဉ်)**



ဒုတိယအကြိမ်ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ကျင်းပစဉ်

# မြို့ကွက်သစ်ချထားပေးရေးအတွက် ခွင့်ပြုချက်ရရှိပါက မြေယာဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သွားမည်

**နေပြည်တော် ဇူလိုင် ၇**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ၂၆ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိအမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမောင်မောင်လတ်၏ **တမူးမြို့နယ်တွင် ကျူးကျော်နေထိုင်သူများ၊ ကြက်ဆူစီမံကိန်းကြောင့် နစ်နာရသူတချို့နှင့် အိမ်ရာမဲ့များအတွက် မြို့ကွက်သစ်၊ ကျေးရွာကွက်သစ်မြေနေရာများ သတ်မှတ်ချထားပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက တမူးမြို့၌ ၂၀၁၄ ခုနှစ် စာရင်းဇယားများအရ အိုးမဲ့၊ အိမ်မဲ့ ၁၆၀၂ အိမ်ထောင်စုရှိပြီး ၂၀၁၆ ခုနှစ်တွင် အိုးမဲ့၊ အိမ်မဲ့ ၁၂၀၀ အိမ်ထောင်စုခန့်သာ ရှိပါကြောင်း၊ မြို့နယ်အတွင်း ကျူးကျော်နေထိုင်သူများမှာ အများအားဖြင့် ဒေသခံများမဟုတ်ဘဲ မြန်မာနိုင်ငံ ဒေသအသီးသီးမှ ရေကြည်ရာမြက်နုရာ လာရောက်အလုပ်လုပ်ကိုင်ပြီး မြို့နယ်နိမိတ်အတွင်းရှိ မြေလွတ်မြေရိုင်းများပေါ်တွင် ကျူးကျော်နေထိုင်သူများဖြစ်ပါကြောင်း။

တမူးမြို့၏ မြို့မြေအသုံးချမှု အခြေအနေမှာ မြို့မြေပြန်တမ်းအရ မြို့မြေဧရိယာ ၄၉၉၆ ဧက ရှိပြီး လက်ရှိလူနေထိုင်မှု (ကျူးကျော်အပါအဝင်) အဆောက်အအုံအသုံးပြုမှု ဧရိယာ ၃၂၉၉ ဧကခန့်၊ မြို့နယ်နိမိတ်အတွင်း စိုက်ပျိုးမြေဧရိယာ ဧက ၆၃၀ ခန့်နှင့် မြေလွတ်မြေလပ် ဧရိယာဧက ၉၆၇ ဧက ရှိပါကြောင်း၊ မြို့ကွက်သစ် ချထားပေးရေးအတွက် ခွင့်ပြုချက်ရရှိပါက မြေယာဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ လက်ရှိမြေပြင်တွင် မူလရွာမြေထက် လူနေထိုင်အသုံးပြုထားသည့် ဧရိယာများကိုသာ ကျေးရွာမြေဖြစ်ပေါ်ရေးအတွက် မြေယာဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ တင်ပြဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၅) မှ ဦးမြင့်နိုင်၏ **ကျောက်တော်မြို့နယ်တွင် မြို့နယ်မီးသတ်စခန်းရုံးဆောက်လုပ်မည့် မြေနေရာနှင့် မီးသတ်စခန်းရုံးအသစ် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက ကျောက်တော်မြို့နယ် မီးသတ်စခန်းအား ကျောက်တော်မြို့နယ် မြို့သစ်ရပ်ကွက်ရှိ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနပိုင် မြေနေရာတွင် သွပ်မိုး၊ ထရံကာ၊ မြေစိုက်ပေ (၃၀ × ၄၀ ) အကျယ် အဆောက်အအုံ တည်ဆောက်၍ ယာယီဖွင့်လှစ်ထားပါကြောင်း၊ စခန်းအတွက် မြေနေရာကို ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ၂၀၁၇ ခုနှစ် ဇွန် ၃၀ ရက်တွင် ကျောက်တော်မြို့နယ် ပိုင်သည်ရပ်ကွက် ကစ္ဆပနဒီတံတားအနီး မြေဧရိယာ ၀ ဒသမ ၅၀ ဧက၌ ချထားပေးပါကြောင်း၊ မီးသတ်စခန်း ဆောက်လုပ်ရန်အတွက် ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ် ပြည်နယ်အစိုးရ ဘဏ္ဍာရန်ပုံငွေတွင် တင်ပြတောင်းခံသွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့ပြင် မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁) မှ ဦးလှမြင့်(ခ) ဦးလှမြင့်သန်းနှင့် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးတက်ထွန်းအောင် တို့၏ မေးခွန်းများနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန တို့မှ ဒုတိယဝန်ကြီးများက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

ထို့နောက် **ပြည်သူ့စာရင်းကိုင်များ ပျက်ကွက်မှု အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်း**အား ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း အမျိုးသားလွှတ်တော်က အတည်ပြုသည်။

ဆက်လက်၍ **အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း**အား အတည်ပြုပေးရန် စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဇော်မင်းက လွှတ်တော်သို့ အဆိုတင်သွင်းရာ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါ်လှမြွေး (ခ) ဒေါ်အုန်းကြည်က ထောက်ခံဆွေးနွေးပြီး လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက် **ယနေ့ မြန်မာနိုင်ငံရှိ မြို့ကြီးအတော်များများ၌ စီးပွားဖြစ်ဂိမ်း(Game)ဆိုင်များ ဖွင့်လှစ်လုပ်ကိုင်နေသူများ မြို့တော်စည်ပင်သာယာရေးကော်မတီမှ လိုင်စင်ခံယူထားပြီး ကလေးအားကစားကွင်း (Amusement Center)ဟု သဏ္ဌာန်ဆောင်အမည်ပြု၍ ပြည်ပမှ တင်သွင်းလာသော စက်ကိရိယာများဖြင့် ခေတ်ပေါ်လောင်းကစားနည်းမျိုးစုံ ပါဝင်သော အကြွေစေ့သုံး လောင်းကစားအဆင့်ဂိမ်း (Game) ဆိုင်များဖွင့်လှစ်လာကြသည့်အတွက် လောင်းကစားလိုသူ ကျောင်းသား၊ လူငယ်လူရွယ်၊ လူလတ်မျိုးစုံတို့မှာ တဖြည်းဖြည်းချင်း အကျင့်စာရိတ္တပါ ထိခိုက်ပျက်ပြားလာနေသောကြောင့် မြို့များနေ မိဘပြည်သူတို့မှ ရတက်မအေး စိုးရိမ်စိတ်များ ဖြစ်ပေါ်နေကြသည့်အတွက် ယင်းသို့ အကြွေစေ့သုံး လောင်းကစားဆိုင်များကို စိစစ်ဖော်ထုတ်ပိတ်သိမ်းအရေးယူခြင်းကို တစ်ပြေးညီ လုပ်ဆောင်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း** အဆိုကို ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၂)မှ ဦးအောင်သိန်းက လွှတ်တော်သို့ တင်သွင်းရာ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၀) မှ ဦးသိန်းလွင်က ထောက်ခံဆွေးနွေးသည်။

အဆိုနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ၂၇ ရက်မြောက်နေ့ကို ဇူလိုင် ၁၀ ရက်တွင် ကျင်းပသွားရန် လျာထားကြောင်း သိရသည်။

**သူရဇော်(သတင်းစဉ်)**



ဒုတိယအကြိမ် အမျိုးသား လွှတ်တော် ပဉ္စမပုံမှန် အစည်းအဝေး ကျင်းပစဉ်

# လွှတ်တော်သို့ လာရောက်လေ့လာ

**နေပြည်တော် ဇူလိုင် ၇**

ဒုတိယအကြိမ်ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ၂၇ ရက်မြောက်နေ့တွင် ကွန်ပျူတာတက္ကသိုလ်(မကွေး)မှ ကျောင်းအုပ်ကြီး ဒေါက်တာစိုးလင်းအောင် ဦးဆောင်သည့် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ ၂၃၂ ဦး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်အေးအေးမူ(ခေါ်)ဒေါ်ရှားမီး ကလေးမဲဆန္ဒနယ်၏ မိတ်ဆွေနှစ်ဦး စုစုပေါင်း ၂၃၄ ဦးတို့သည် ယနေ့နံနက်တွင် ကျင်းပသည့် ပြည်သူ့လွှတ်တော်အစည်းအဝေးသို့ တက်ရောက်ပြီး လွှတ်တော်အဆောက်အအုံများကို လေ့လာကြည့်ရှုခဲ့ကြသည်။

(သတင်းစဉ်)

# ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သောအဖွဲ့ မိဂဒါဝုန်ဥယျာဉ်ရှိ စေတီတော်များအား ဖူးမြော်ကြည်ညို

နေပြည်တော် ဇူလိုင် ၇

အိန္ဒိယတပ်မတော် (ကြည်း၊ ရေ၊ လေ) ဦးစီးချုပ်များကော်မတီဥက္ကဋ္ဌ Admiral Sunil Lanba ၏ ဖိတ်ကြားချက်အရ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာ့တပ်မတော် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်မှလေကြောင်းခရီးဖြင့် အိန္ဒိယနိုင်ငံသို့ ထွက်ခွာရာ ဒေသစံတော်ချိန် နံနက် ၉ နာရီတွင် အိန္ဒိယသမ္မတနိုင်ငံ ဂါရာလေဆိပ်သို့ ရောက်ရှိကြပြီး အိန္ဒိယတပ်မတော်အထူးလေယာဉ်ဖြင့် ဆက်လက်ထွက်ခွာကြရာ ဒေသစံတော်ချိန် နံနက် ၁၁ နာရီတွင် ဗာရာဏသီအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြသည်။

ထို့နောက် မြန်မာ့တပ်မတော်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် မိဂဒါဝုန်ဥယျာဉ်မှ ဓမ္မရာဇိကစေတီတော်ကြီးအားလည်းကောင်း၊ ဓမ္မေခစေတီတော်ကြီးသို့လည်းကောင်း သွားရောက်ဖူးမြော်ကြည်ညိုပြီး ပန်း၊ ရေချမ်းများ ကပ်လှူပူဇော်ကြသည်။

ယင်းနောက် မိဂဒါဝုန်ဥယျာဉ်အနီး သီရိလင်္ကာနိုင်ငံမှ တည်ထားကိုးကွယ်သည့် ဓာတ်တော်တိုက်အား သွားရောက်ဖူးမြော်ကြည်ညိုပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က အလှူငွေများ ပေးအပ်လှူဒါန်းကြသည်။

ဆက်လက်၍ မြတ်စွာဘုရားရှင်အား ပဥ္စဝဂ္ဂီ ၅ ပါးတို့ ခရီးဦးကြိုသည့်နေရာတွင် အထိမ်းအမှတ်အဖြစ် တည်ထားသည့် ချောက်ခဏ္ဍီစေတီတော်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ဗာရာဏသီမြို့အတွင်းရှိ ဆေးဝက်ပါမြန်မာကျောင်းတိုက်သို့ သွားရောက်ပြီး သံဃာတော်များအား ဝါဆိုသင်္ကန်း၊ နဝကမ္မအလှူငွေနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

အဆိုပါ ဗာရာဏသီရှိ ဆေးဝက်ပါကျောင်းတိုက်တွင် မြန်မာသံဃာတော်များသည် လွန်ခဲ့သည့် နှစ်ပေါင်း ၆၀ ကျော်မှစတင်၍ သီတင်းသုံးနေထိုင်ခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှနှင့်အဖွဲ့ မိဂဒါဝုန်ဥယျာဉ်ရှိ စေတီတော်များအား သွားရောက်ဖူးမြော်ကြည်ညိုစဉ်** (သတင်းစဉ်)

# ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ ဒေလီဆွေးနွေးပွဲတက်ရောက်ပြီး ပြန်လည်ရောက်ရှိ

နေပြည်တော် ဇူလိုင် ၇

**နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေသည် အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တွင် ဇူလိုင် ၄ ရက်မှ ၅ ရက်အထိ ကျင်းပသည့် နဝမအကြိမ် ဒေလီဆွေးနွေးပွဲသို့ တက်ရောက်ပြီး ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။**



**ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေနှင့် အိန္ဒိယနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာနဝန်ကြီး ရှာရီမာတီ ဆူရှမာ စဝါရက်ဂျ်တို့ ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်စဉ်** (သတင်းစဉ်)

နဝမအကြိမ် ဒေလီဆွေးနွေးပွဲကို အိန္ဒိယနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာန၊ အိန္ဒိယနိုင်ငံ သုတေသနဖောင်ဒေးရှင်း၊ ကာကွယ်ရေးဆိုင်ရာ သုံးသပ်လေ့လာရေးဌာန၊ အိန္ဒိယနိုင်ငံ ကုန်သည်ကြီးများနှင့် စက်မှုလုပ်ငန်းရှင်များအဖွဲ့ချုပ်၊ စင်ကာပူနိုင်ငံ အရှေ့တောင်အာရှလေ့လာရေးဌာနနှင့် SAEA သုတေသနအုပ်စု၊ ဂျကာတာမြို့ အာဆီယံနှင့် အရှေ့အာရှဆိုင်ရာ စီးပွားရေးသုတေသနဌာန၊ မလေးရှားနိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှ မဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးဌာနနှင့် ဗီယက်နမ်နိုင်ငံ သံတမန်ရေးရာသင်တန်းကျောင်းတို့ ပူးတွဲကျင်းပခဲ့ခြင်းဖြစ်သည်။

ဒေလီဆွေးနွေးပွဲကို "လာမည့် ၂၅ နှစ်ကာလအတွက် အာဆီယံ-အိန္ဒိယ ဆက်ဆံရေး လုပ်ငန်းစဉ်ရေးဆွဲရေး" ဟူသည့် ဆောင်ပုဒ်ဖြင့်ကျင်းပခဲ့ပြီး အိန္ဒိယနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာန ဝန်ကြီး ရှာရီမာတီ ဆူရှမာ စဝါရက်ဂျ်က အဖွင့်အမှာစကား ပြောကြားခဲ့သည်။

ထို့နောက် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေနှင့် ဗီယက်နမ်နိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ဖန်ဘင်မင်းတို့က မိန့်ခွန်းများပြောကြားကြပြီး အိန္ဒိယနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာန အတွင်းဝန် (အရှေ့တိုင်း) ပရီတီဆာရန်၊ အာဆီယံ အတွင်းရေးမှူးချုပ်ရုံးမှ ဒုတိယအတွင်းရေးမှူးချုပ် မစ္စတာ ဟီရူဘာလန် ဗွီပီနှင့် အိန္ဒိယနိုင်ငံ အာသံပြည်နယ်ဝန်ကြီးချုပ် ရှရီ ဆာဘန်နန္ဒဆိုနိုဝါတို့ကလည်း အမှာစကားများ အသီးသီးပြောကြားခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေက မိန့်ခွန်းပြောကြားရာတွင် ယခု ၂၀၁၇ ခုနှစ်သည် အာဆီယံ-အိန္ဒိယ ဆွေးနွေးဖက်အဖြစ် မိတ်ဖက်ဆောင်ရွက်မှု ၂၅ နှစ်မြောက်ဖြစ်ခြင်း၊ အာဆီယံ-အိန္ဒိယ ထိပ်သီးဆွေးနွေးပွဲကျင်းပမှု ၁၅ နှစ်မြောက်ဖြစ်ခြင်း၊ အာဆီယံ- အိန္ဒိယ မဟာဗျူဟာမြောက် ဆက်ဆံရေး ငါးနှစ်မြောက်ဖြစ်ခြင်း၊ အာဆီယံ၏ ထူထောင်မှုနှစ် ၅၀ ပြည့်မြောက်ခြင်းတို့ကြောင့် ထူးခြားသည့်နှစ်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့်လည်း အရေးပါသောကဏ္ဍများဖြစ်ကြသည့် နိုင်ငံရေး၊ လုံခြုံရေးနှင့် စီးပွားရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ အိန္ဒိယနိုင်ငံ၏ "အရှေ့ဘက် ပူးပေါင်းဆောင်ရွက်မှုမူဝါဒ"ကို မဏ္ဍိုင်အဖြစ် သတ်မှတ်ဆောင်ရွက်လျက်ရှိခြင်းအပေါ် ကြိုဆိုကြောင်း၊ ထိုသို့ ဆောင်ရွက်ခြင်းအားဖြင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ပိုမိုခိုင်မြဲသောဆက်ဆံရေးကို ဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံသည် သမားရိုးကျမဟုတ်သော လုံခြုံရေးဆိုင်ရာ စိန်ခေါ်မှုများကို အိန္ဒိယနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ရေကြောင်းလုံခြုံရေးအတွက် ပူးပေါင်းဆောင်ရွက်မှု ပိုမိုမြှင့်တင်လိုကြောင်း ပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးက စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ကဏ္ဍတွင် ကိုးလ်ကတ္တားနှင့် စစ်တွေဆိပ်ကမ်းများအား ဆက်သွယ်ပေးမည့် ကုလားတန်ဘက်စုံပို့ဆောင်ရေး စီမံချက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအတွက် အိန္ဒိယနိုင်ငံကို ကျေးဇူးတင်ရှိကြောင်း ပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေသည် ဇူလိုင် ၅ ရက် နံနက် ၁၁ နာရီတွင် အိန္ဒိယနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာန ဝန်ကြီး ရှာရီမာတီ ဆူရှမာ စဝါရက်ဂျ်နှင့် တွေ့ဆုံခဲ့ပြီး နှစ်နိုင်ငံ အကျိုးတူပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။ ဝန်ကြီးနှစ်ဦးသည် နှစ်နိုင်ငံအကြား ကိစ္စရပ်များနှင့် အပြည်ပြည်ဆိုင်ရာ ကိစ္စရပ်များတွင်ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ဆောင်ရွက်သွားရန် သဘောတူညီခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

*စာမျက်နှာ ၅ မှ*

တစ်နည်းအားဖြင့်ဆိုသော် ဗုဒ္ဓဘာသာနှင့် စပ်လျဉ်း၍ ဆိုရလျှင် ဝါဆိုခြင်းဓလေ့သည် ဘာသာရေးဆိုင်ရာ အကြောင်းတစ်ရပ်ကို အခြေခံ၍ ပေါက်ဖွားလာသည့် မူလစိတ်ကူးမဟုတ်သော်လည်း ဗုဒ္ဓသာဘာရဟန်းတော်တို့အတွက် လိုက်နာကျင့်သုံးရမည့် ဝိနည်းစည်းကမ်းတစ်ခုအဖြစ် ချမှတ်လိုက်သည့်အခါ အထက်တွင်ဖော်ပြခဲ့သည့် ပတ်ဝန်းကျင်နှင့် လူဘောင်ဆိုင်ရာ အကျိုးရလဒ်များသာမက ဘာသာရေးဆိုင်ရာ အကျိုးအမြတ်များကိုလည်း ရရှိစေသည်။ ထိုအကျိုးတရားတို့သည် ဆရာဒကာတို့အကြား အပြန်အလှန်အကျိုးပြုလျက်ရှိသည်။ ပထမပြဆိုခဲ့သည့် အကြောင်းကြောင့် ပြင်းထန်သည့် ရာသီဥတုများတွင် ခရီးသွားလာမှုမှ ဖြစ်ပေါ်လာသည့် အခက်အခဲများကို လျော့ပါးစေခြင်း၊ နေရာတစ်ခု၌ အချိန်ကာလတစ်ခုကြာ အတူတကွနေထိုင်ရခြင်းကြောင့် သီတင်းသုံးဖော် သံဃာတို့ကြား ရင်းနှီးမှုရစေခြင်း၊ ရဟန်းတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်တို့၏ လိုအပ်ချက်ကို သိရှိရသဖြင့် အနီး၌နေထိုင်သော ဒါယကာ၊ ဒါယိကာမများထံမှ ဝါဆိုသင်္ကန်း၊ ဝါဆိုဝတ်စုံ စသည့် ပစ္စည်းလေးပါး အထောက်အပံ့တို့ကို ရရှိစေနိုင်ခြင်းစသည့် အကျိုးတို့ကို ရရှိစေသည်။ အလှူရှင်များအနေဖြင့်လည်း မိမိတို့နေထိုင်ရာဒေသအနီး၌ သီတင်းသုံးနေထိုင်သည့် သာသနာ့ဝန်ထမ်းများထံမှ တရားဓမ္မတို့ကို ကြားနာရသဖြင့် မိမိတို့ဘဝတွင် ရင်ဆိုင်တွေ့ကြုံရသည့် အခက်အခဲတို့ကို တရားသဘောဖြင့် ဖြေရှင်းနိုင်စေသည့် တွေးခေါ်မြော်မြင်မှု အကျိုးတရားတို့ကို ရရှိစေသည်။ ဤဝါဆိုဝါကပ်သည့်ဓလေ့အပေါ် ဗုဒ္ဓဘာသာဝင်သူတော်စင်တို့အနေဖြင့်လည်း များစွာအလေးဂရုပြုရကား ထေရဝါဒဗုဒ္ဓဘာသာနိုင်ငံအများစု၌ ထိမ်းမြားမင်္ဂလာဆောင်ခြင်းအမှုကိစ္စတို့ကိုလည်း ဝါတွင်းကာလအတွင်း၌ ရှောင်ကြဉ်ကြသည်။

ထိုင်းနိုင်ငံ၊ လာအိုနိုင်ငံတို့ရှိ ကျောင်းများတွင် ဘုရားရှင်၏ ဘဝဖြစ်တော်စဉ်များတွင် နောက်ဆုံးဘဝကို မှတ်တမ်းတင်ထားသည့် ထိုင်းဘာသာဖြင့် 'ဒက်စ်မဟာချတ်' (des maha-chat) ဟု ခေါ်ဝေါ်သည့် ဝေဿန္တရာဇာတ်ကို ရွတ်ဖတ်ပူဇော်သည့် ဓလေ့ရှိကြသည်။ မြန်မာနိုင်ငံတွင် ဇူလိုင်လကို ရဟန်းသံဃာတို့ ဝါဆိုဝါကပ်သည့်အတွက် 'ဝါဆို'လဟု လူသိများကြသည်။ ဤဝါဆိုသည့်ဓလေ့သည် လူ့ဘောင်အသိုင်းအဝိုင်းလိုက် လျော်ညီထွေဖြစ်မှုနှင့် ဘာသာရေးဆိုင်ရာ အကျိုးဖြစ်ထွန်းမှုတို့အကြား ဟန်ချက်ညီစေရေးအတွက် လိုအပ်ချက်တစ်ရပ်အဖြစ် လိုက်နာရန် ဘုရားရှင်၏ ဉာဏ်ပညာကြီးမားစွာဖြင့် ဆုံးဖြတ်ခဲ့သည့် ပြယုဂ်ကောင်းတစ်ခုဖြစ်သည်။

**အထူးမှတ်သားဖွယ်ကောင်း**

အထက်တွင် ဖော်ပြခဲ့သည့် တရားဦးဓမ္မစကြာဟောတော်မူခြင်းနှင့် ဝါတွင်းကာလ၏ အဦးအစဖြစ်ခြင်း စသည့် အထင်ကရအကြောင်းနှစ်ရပ်တို့အပြင် အလောင်းတော် သိဒ္ဓတ္ထမင်းသားလေး မယ်တော်မာယာဝမ်းကြာတိုက်၌ ပဋိသန္ဓေယူခဲ့ခြင်း၊ သဗ္ဗညုတဉာဏ်တော် ရရှိတော်မူပြီး (၇)ဝါမြောက်ကာလတွင် တာဝတိံသာနတ်ပြည်၌ အဘိဓမ္မာဒေသနာတော်မြတ်ကို စတင်ဟောကြားတော်မူခဲ့ခြင်း၊ သာဝတ္ထိပြည်၌ ပရိဗိုဇ်တို့၏ မာန်ကို ချိုးနှိမ်ရန်အတွက် အဘိဉာဏ်စွမ်းအားဖြင့် ရေမီးအစုံတန်ခိုးပြာဋိဟာကို ပြတော်မူခဲ့ခြင်း၊ ပရိနိဗ္ဗာန်ပြုပြီး သုံးလအကြာ တရားတော်တို့ကို အမျိုးအစားခွဲခြား မှတ်တမ်းတင်ရန် ပထမသင်္ဂါယနာတင်ခဲ့ခြင်းဟူသည့် အကြောင်းတရားများကြောင့် ဇူလိုင်လပြည့်နေ့သည် အထူးမှတ်သားဖွယ် ကောင်းလှသည်။

ဤနေရာ၌ မှတ်သားသင့်သည့်အချက်မှာ ဝါတွင်းကာလတွင် ဝါဆိုဝါကပ်ခြင်းဓလေ့သည် တောင်အာရှနှင့် အရှေ့တောင်အာရှဒေသတို့၏ မုတ်သုံရာသီနှင့် ဆက်နွှယ်လျက်ရှိပြီး လွန်ခဲ့သော နှစ်ပေါင်းတစ်ရာကျော်က ဗုဒ္ဓဘာသာအခြေခိုင်ခဲ့သည့် ဥရောပတိုက်နှင့် အမေရိကနိုင်ငံတို့တွင် ဇူလိုင်လနှင့် စက်တင်ဘာလတို့သည် အားလပ်ရက်ရှည်ပေးပြီး အစိုးရလုပ်ငန်းများကို နားနားနေနေလုပ်ကိုင်သည့် နွေရာသီကာလဖြစ်သည်။ သာဓကပြရသော် အင်္ဂလန်နိုင်ငံတွင် ဇူလိုင် ၂၀ ရက်မှ စက်တင်ဘာ ၅ ရက်နေ့အထိသည် ပါလီမန်၏ နွေရာသီအားလပ်ရက်ရှည်ဖြစ်သည်။ ဤအခြေအနေကွာဟမှုသည် နိုင်ငံတကာ ဗုဒ္ဓသာသနာပြုရဟန်းတော်များအတွက် စိန်ခေါ်မှုများဖြစ်သည်။

**ကထိန်အာနိသင် ခံစားခွင့်ရရှိ**

ဝါတွင်းသုံးလကာလပတ်လုံး တစ်နေရာတည်းတွင် သီတင်းသုံးနေရသည့် ပညတ်ချက်သည် အနောက်နိုင်ငံများတွင် သီတင်းသုံးနေထိုင်သော ရဟန်းတော်တို့အတွက် အကျပ်ရိုက်ဖွယ်ဖြစ်သည်။ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ဘုရားရှင်ပညတ်ခဲ့သည့် ဝါဆိုမှုဓလေ့သည် တပည့်သားရဟန်းသံဃာများအတွက် ဆုပေး ဒဏ်ပေးစနစ်ဖြစ်သည်။ ဝါဆိုလပြည့်ကျော် ၁ ရက်နေ့တွင် ဝါဆိုဝါကပ်ပြီး အပြစ်အာပတ်သင့်ဖွယ် အမှုတို့ကိုပြုခဲ့သော် မိမိအပြစ်ကို ထောက်ပြဝေဖန်ရန် ဝါတွင်း ကုန်ဆုံးသည့်ကာလ၌ သံဃာအား ဖိတ်ကြားပဝါရဏာပြုသည့် ရဟန်းသံဃာတို့သည် ကထိန်အာနိသင်ကို ခံစားခွင့်ရရှိသည်။ အကယ်၍ အရပ်တစ်ပါး၌ ဝါကပ်သောရဟန်းသည် ခုနစ်ရက်ထက် ကျော်လွန်၍ မိမိဝါဆိုသောကျောင်းသို့ ပြန်လည်ရောက်ရှိရန် ပျက်ကွက်ခဲ့ပါက အလှူရှင်များရှိသော်လည်း ကထိန်သင်္ကန်းကို အလှူခံနိုင်ခြင်းဟူသည့် ကထိန်အာနိသင်ကို ခံစားခွင့်မရှိတော့ပေ။ ဒုတိယဝါကပ်သော ရဟန်းသည်လည်း ကထိန်အာနိသင်ကို ခံစားခွင့်မရှိပေ။

**ဘောင်ခတ်ထားသကဲ့သို့ ဖြစ်**

ဥရောပနိုင်ငံများနှင့် မြောက်အမေရိကနိုင်ငံရှိ ဗုဒ္ဓဘာသာဝင်တို့သည် နွေရာသီအားလပ်ရက်များတွင် တရားစခန်းများ ဖွင့်လှစ်ခြင်း၊ ညီလာခံများကျင်းပခြင်းတို့ကို ကျင်းပလေ့ရှိရာ ဖိတ်ကြားခံရသည့် ရဟန်းတော်များအနေဖြင့် ဝါဆိုဝါကပ်ရသည့် ဝိနည်းစည်းကမ်းသတ်မှတ်ချက်များရှိသော်လည်း မကြာခဏ ခရီးသွားလာကြရသည်။ အကယ်၍ ရဟန်းတော်များသည် မိမိသီတင်းသုံးနေထိုင်ရာမှ အခြားနိုင်ငံသို့ ခရီးသွားလာခြင်းမပြုပါက အနောက်နိုင်ငံရှိ ရဟန်းတော်များအတွက် သာသနာပြုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဘောင်ခတ်ထားသကဲ့သို့ ဖြစ်သည်။ အနောက်နိုင်ငံသား ရဟန်းတော်အချို့အနေဖြင့် ကြိုတင်ပြင်ဆင်မှုမပါဘဲ အလျင်စလို စီမံဆောင်ရွက်ခြင်းပြုသည်ကိုလည်း တွေ့ရှိရသည်။ အကြောင်းမှာ အကယ်၍ ပြည်ပခရီးထွက်ခွာသည့်အခါတိုင်း အချိန်တစ်ပတ်ထက်ကျော်လွန်ပါက ဝိနည်းကို ချိုးဖောက်ရာရောက်သည့်အတွက် ကထိန်သင်္ကန်း အလှူခံခွင့်မသင့်ပေ။ ထို့ကြောင့် ကထိန်သင်္ကန်းကိုအလှူခံမည့် ရဟန်းသည် ခရီးသွားလာခြင်း မပြုသင့်ပေ။

**လိုက်နာဆောင်ရွက်နေကြဆဲဖြစ်**

အနောက်နိုင်ငံရှိ ရဟန်းတော်တို့သည် ဝါတွင်းကာလ ခရီးသွားသည့်အတွက် ကထိန်အာနိသင် မရရှိမည်ကို သိရှိသော်လည်း ပြည်ပသာသနာပြုခရီး ကြွချီတော်မူလေ့ရှိကြသည်။ အခြားတစ်ဖက်တွင် ထိုဒေသရှိ ရဟန်းတော်များလိုက်နာကျင့်သုံးသည်ကို ဥပမာပြရလျှင် အင်္ဂလန်နိုင်ငံ အမရဝတီကျောင်းရှိ သံဃာများသည် ဆောင်းရာသီတွင် နှစ်လအပြည့် တရားအားထုတ်လေ့ရှိသည်။ ဝိနည်းပိဋကတ်တော်လာ မူလချမှတ်ထားသည့် ဝိနည်းစည်းကမ်းအရ တရားမျှတစွာ အုပ်ချုပ်သည့်မင်း၏ တောင်းပန်လျှောက်ထားချက်အရ နွေရာသီကာလတွင် ဝါကပ်သကဲ့သို့ ဆိတ်ငြိမ်ရာအရပ်၌ သုံးလသီတင်းသုံးနေထိုင်ရန် ဘုရားရှင်က ခွင့်ပြုချက်အနေဖြင့် ခွင့်ပြုခဲ့ခြင်းအပေါ် အခြေခံ၍ ဆုံးဖြတ်ခြင်းဖြစ်သည်။ ဤကဲ့သို့ စိန်ခေါ်မှုများရှိသော်လည်း ယနေ့ခေတ်ကာလတိုင်အောင် ထေရဝါဒဗုဒ္ဓဘာသာဝင်တို့အကြား ဝါတွင်းသုံးလ ဝါဆိုဝါကပ်သည့်ဓလေ့ကို အလေးအမြတ်ပြု လိုက်နာဆောင်ရွက်နေကြဆဲဖြစ်သည်ဟု ဆိုနိုင်ပါသည်။

**(ဆရာလေး ဒေါက်တာ ယုဇနဉာဏီနှင့် ဒေါက်တာနိမလတို့ အင်္ဂလိပ်မှ မြန်မာသို့ ဘာသာပြန်ဆိုသည်)**

**(ယခုဆောင်းပါးအား ၈-၇-၂၀၁၇ ရက်နေ့ထုတ် *The Global New Light of Myanmar* သတင်းစာတွင် အင်္ဂလိပ်ဘာသာဖြင့် ဖတ်ရှုနိုင်ရန် ဖော်ပြထားပါသည်။)**

*✻ ကျောဖုံးမှ*

အမျိုးသားကော်မတီဝင်၏ တာဝန်များမှာ အမျိုးသားအဆင့်မူဝါဒများ ချမှတ်ခြင်း၊ ပြည်ထောင်စုနယ်မြေကော်မတီ၊ တိုင်းဒေသကြီးကော်မတီ၊ ပြည်နယ်ကော်မတီများသို့ လုပ်ငန်းတာဝန်များ သတ်မှတ်ပေးခြင်း၊ အနည်းဆုံး အခကြေးငွေသတ်မှတ်ရေးအတွက် သုတေသနပြုလုပ်ချက်နှင့် စစ်တမ်းများကို လေ့လာစိစစ်တွက်ချက်ပြီး အကြံပြုချက်များ တင်ပြရေးနှင့် ပတ်သက်၍ သုတေသနပြုလုပ်ခြင်း၊ စာရင်းစစ်တမ်းများကောက်ယူစိစစ်တွက်ချက်ခြင်း၊ စီမံကိန်းများနှင့် အစီအစဉ်များချမှတ်ခြင်းတို့ကို ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း သိရသည်။

အမျိုးသားကော်မတီအနေဖြင့် အနည်းဆုံး အခကြေးငွေသတ်မှတ်ရေးနှင့် ပြန်လည်သုံးသပ်ရေးတို့အတွက် လုပ်ငန်းအမျိုးအစားအလိုက် ထိရောက်စွာ ဆောင်ရွက်နိုင်ရန်နှင့် အမျိုးသားကော်မတီ၏ လုပ်ငန်းတာဝန်များကို အထောက်အကူပြုနိုင်ရန် ကူးသန်းရောင်းဝယ်ရေး၊ ကုန်ထုတ်နှင့် ဝန်ဆောင်မှုလုပ်ငန်း၊ အလုပ်သမားများ အနည်းဆုံးအခကြေးငွေစိစစ်ရေးလုပ်ငန်းကော်မတီ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်း၊ အလုပ်သမားအနည်းဆုံးအခကြေးငွေ စိစစ်ရေးလုပ်ငန်းကော်မတီ၊ အနည်းဆုံးအခကြေးငွေဆိုင်ရာ သုတေသနပြုလုပ်ရေးနှင့် အကြံပေးလုပ်ငန်းကော်မတီအပါအဝင် အခြားလိုအပ်သည့် လုပ်ငန်းကော်မတီများကို နည်းဥပဒေ ၁၂၊ ၁၄ နှင့် ၁၆ တို့အရ ဖွဲ့စည်းသွားမည်ဖြစ်သည်။

အနည်းဆုံးအခကြေးငွေဆိုင်ရာ လုပ်ငန်းကော်မတီများသည် လိုအပ်လျှင် ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ မြေပြင်ကွင်းဆင်းစစ်ဆေးခြင်း၊ စာရင်းစစ်တမ်းကောက်ယူခြင်းတို့ကို ဆောင်ရွက်နိုင်ပါကြောင်း၊ အမျိုးသားကော်မတီအနေဖြင့် ယင်းလုပ်ငန်းကော်မတီများ ဖွဲ့စည်းပေးပြီး ယင်းအဖွဲ့များထံမှ အကြံဉာဏ်များ၊ အထောက်အထားအချက်အလက်များ ရရှိလိမ့်မည်ဟု ယုံကြည်ပါကြောင်း၊ အမျိုးသားကော်မတီဝင်များမှလည်း ဆွေးနွေးထားသည့် လုပ်ငန်းကော်မတီများ ဖွဲ့စည်းရန် သင့်/မသင့်ကို ဝိုင်းဝန်းဆွေးနွေးပေးရန် တင်ပြလိုပါကြောင်း ပြည်ထောင်စုဝန်ကြီးက ပြောကြားသည်။



**အနည်းဆုံးအခကြေးငွေသတ်မှတ်ရေးဆိုင်ရာအမျိုးသားကော်မတီ၏ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကျင်းပစဉ်**
ဓာတ်ပုံ-သော်တာထွန်း

ထည့်သွင်းစဉ်းစားရမည့်အချက်များကို လေ့လာပြီး သတ်မှတ်သင့်သည့် နှုန်းထားများကို အမျိုးသားကော်မတီသို့ အကြံပြုချက်များတင်ပြရန်နှင့် အနည်းဆုံး အခကြေးငွေ သတ်မှတ်ရေးနှင့် စပ်လျဉ်း၍ အကြံပြုတင်ပြရာတွင် အလုပ်ကျွမ်းကျင်မှုနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ရှိမှုအလိုက် လေ့လာစိစစ်ပြီး အလုပ်ချိန် တစ်နာရီ၊ တစ်ရက်၊ ရက်သတ္တပတ်၊ တစ်လအတွက် အခကြေးငွေ၊ သတ်မှတ်ထားသည့်နှုန်းထားများနှင့် စပ်လျဉ်းပြီး ကူးသန်းရောင်းဝယ်ရေး၊ ကုန်ထုတ်နှင့် ဝန်ဆောင်မှုလုပ်ငန်းများ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းအလိုက်၊ ဒေသအလိုက်၊ အလုပ်ကျွမ်းကျင်မှုနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ရှိမှုတို့ကို ခွဲခြား၍ ပြောင်းလဲလာသည့် အခြေအနေအရပ်ရပ်တို့နှင့်အညီ စိစစ်ပြီး နှစ်နှစ်လျှင် အနည်းဆုံး တစ်ကြိမ်သတ်မှတ်ရန်၊ သုံးပွင့်ဆိုင်ဆွေးနွေးပြီး သတ်မှတ်သင့်သည့် နှုန်းထားများကိုလည်း ပြောင်းလဲရမည်ဖြစ်ကြောင်း၊ အလုပ်ရှင်၊ အလုပ်သမား၊ အစိုးရ သုံးပွင့်ဆိုင်အဖွဲ့အစည်းများမှလည်း နှုန်းထားများကို အောင်မြင်စွာ သတ်မှတ်နိုင်လိမ့်မည်ဟု ယုံကြည်ကြောင်း ပြည်ထောင်စုဝန်ကြီးက ပြောကြားခဲ့သည်။

ဆက်လက်၍ အနည်းဆုံး အခကြေးငွေသတ်မှတ်ရေးဆိုင်ရာ အမျိုးသားကော်မတီဝင်များ၊ ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ်ကော်မတီဝင်များနှင့် တက်ရောက်လာသူများက လုပ်ငန်းကော်မတီများ ဖွဲ့စည်းရန် ကိစ္စရပ်များ၊ အနည်းဆုံး အခကြေးငွေအား အချိန်ဇယားသတ်မှတ် ထုတ်ပြန်နိုင်ရေးကိစ္စရပ်များ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် (သို့မဟုတ်) လုပ်ငန်းအမျိုးအစားအလိုက် ထုတ်ပြန်နိုင်ရေးကိစ္စရပ်များနှင့် အနည်းဆုံးအခကြေးငွေ သတ်မှတ်နိုင်ရေးအတွက် အမြန်ဆုံး အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးတို့နှင့် ပတ်သက်၍ ဆောင်ရွက်သင့်သည့်အခြေအနေများအား ရင်းနှီးပွင့်လင်းစွာ ပြန်လည်ဆွေးနွေးခဲ့ကြသည်။

ညှိနှိုင်းအစည်းအဝေးသို့ အနည်းဆုံးအခကြေးငွေသတ်မှတ်ရေးဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေနှင့်အတူ အမျိုးသားကော်မတီဝင်များ၊ ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ်ကော်မတီများမှ သက်ဆိုင်ရာဝန်ကြီးများနှင့် အတွင်းရေးမှူးများ၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ အလုပ်သမားအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ အလုပ်ရှင်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ကျွမ်းကျင်သူပုဂ္ဂိုလ်များ၊ ကျွမ်းကျင်ပညာရှင်များ၊ ဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် အခြားဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။

# ဗဟိုအမျိုးသမီးဆေးရုံကြီး(ရန်ကုန်)၌ ငါးထပ်ဆောင်သစ်တိုးချဲ့မှုနှင့်အတူ ဖန်ပြွန်သန္ဓေသားမွေးမြူနိုင်ရေး တိုးမြှင့်လုပ်ဆောင်သွားမည်

**ရန်ကုန် ဇူလိုင် ၇**

လတ်တလောတွင် အမျိုးသမီးများနှင့် ကလေးငယ်များအား စောင့်ရှောက်ပေးလျက်ရှိသော ရန်ကုန်မြို့၊ အလုံမြို့နယ် ဗဟိုလမ်းရှိ ခုတင် ၈၀၀ ဆံ့ ဗဟိုအမျိုးသမီးဆေးရုံကြီး (ရန်ကုန်)၌ များမကြာမီကာလအတွင်း ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလိုအပ်ချက်အရ ခေတ်မီခွဲစိတ်ခန်း ငါးခန်း ပါဝင်သော ငါးထပ်ဆောင်သစ်ကြီးကို မကြာမီတိုးချဲ့ဖွင့်လှစ်ပေးနိုင်တော့မည်ဖြစ်ပြီး ယင်းတိုးချဲ့မှုနှင့်အတူ ဖန်ပြွန်သန္ဓေသား တိုးမြှင့်မွေးမြူပေးနိုင်ရေးကို လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ဗဟိုအမျိုးသမီးဆေးရုံကြီး(ရန်ကုန်)မှ သိရသည်။

"ဒီဗဟိုအမျိုးသမီးဆေးရုံကြီးအနေနဲ့ အခုနှစ် ဖေဖော်ဝါရီလမှာပဲ မွေးကင်းစကလေး ကြပ်မတ်ဆောင်အသစ်ကို ဆောက်လုပ်ခဲ့ပြီးဖြစ်ပါတယ်။ မကြာခင် အဲဒီငါးထပ်ဆောင်ကြီးကို ဖွင့်လှစ်နိုင်တော့မှာပါ။ အဲဒီ ငါးထပ်ဆောင်ဖွင့်ပြီးရင်တော့ အရေးပေါ်ခန်း၊ သားဖွားခန်း၊ ဓာတ်ခွဲခန်း၊ ဓာတ်မှန်ခန်း၊ ခွဲစိတ်ခန်းနဲ့ လူနာဆောင်တွေကို အမျိုးသမီးများနဲ့ ကလေးများ ကျန်းမာရေးစောင့်ရှောက်မှုအတွက် တိုးချဲ့ဖွင့်လှစ်ပေးသွားမှာဖြစ်ပါတယ်။ ဆေးပညာလောကမှာလည်း နိုင်ငံတကာနဲ့ ရင်ပေါင်တန်းနိုင်အောင် နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့ပေါင်းစည်းပြီး ဆေးပညာလက်တွေ့သင်ကြားမှုလုပ်ငန်းတွေကို ဆောင်ရွက်နေတာရှိပါတယ်။ အခုဖွင့်လှစ်မယ့် ငါးထပ်ဆောင်ကြီးဟာ ခေတ်မီခွဲစိတ်ခန်းငါးခန်းပါရှိပါတယ်။ ဒီငါးထပ်ဆောင်ကြီး ဖွင့်ပြီးရင်တော့ လက်ရှိခုတင် ၈၀၀ ထက် ပိုမိုပြီးတော့တိုးချဲ့လာနိုင်မှာပါ"ဟု ဗဟိုအမျိုးသမီးဆေးရုံကြီး(ရန်ကုန်)မှ ဆေးရုံအုပ်ကြီး ဒေါက်တာပပက ပြောသည်။

ဗဟိုအမျိုးသမီးဆေးရုံကြီး(ရန်ကုန်)သည် ရှေးယခင်နှစ်များစွာကတည်းကပင် မိခင်နှင့်ကလေး သေပျောက်မှုနှုန်းကျဆင်းရေးအတွက် ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိပြီး ယခုလတ်တလောအနေဖြင့် တိုးမြှင့်စောင့်ရှောက်မှုပေးနေသောလုပ်ငန်းဆောင်ရွက်မှုများမှာ ကိုယ်ဝန်ဆောင် စောင့်ရှောက်မှုလုပ်ငန်း၊ မီးယပ်ရောဂါဆိုင်ရာ ဆောင်ရွက်ပေးမှု၊ မွေးကင်းစကလေး စောင့်ရှောက်မှုလုပ်ငန်း၊ မီးယပ်ကင်ဆာလုပ်ငန်းကို စောစီးစွာသိနိုင်သော စောင့်ရှောက်မှုလုပ်ငန်း၊ နာမကျန်းဖြစ်သော ကလေးများအား စောင့်ရှောက်မှုပေးသောလုပ်ငန်း၊ ကာကွယ်ဆေးထိုးလုပ်ငန်းစသည့် ရောဂါစောင့်ရှောက်မှုလုပ်ငန်းများကို တိုးမြှင့်လုပ်ဆောင်ပေးလျက်ရှိသည်။ ယခုအခါ ဗဟိုအမျိုးသမီးဆေးရုံကြီး(ရန်ကုန်)၌ သားသမီးမရသေးသည့် စုံတွဲများ ကလေးရရှိအောင် ဆောင်ရွက်ပေးသောစင်တာကိုလည်း ၂၀၁၆ ခုနှစ်က စတင်ဖွင့်လှစ်နိုင်ခဲ့ပြီး များမကြာမီတွင် ယင်းမှတစ်ဆင့် တိုးမြှင့်ကာ ဖန်ပြွန်သန္ဓေသား ဆောင်ရွက်ပေးမှုလုပ်ငန်းများကို စတင်ဆောင်ရွက်နိုင်ရန် စီစဉ်လျက်ရှိသည်။ ဗဟိုအမျိုးသမီးဆေးရုံကြီး (ရန်ကုန်) ၌ ၂၀၁၁ ခုနှစ်မှ ၂၀၁၆ ခုနှစ်အတွင်း တက်ရောက်ကုသမှုခံယူသော လူနာဦးရေမှာ နှစ်ဆနီးပါး ပိုမိုများပြားလာခဲ့သဖြင့် ယခု ငါးထပ်ဆောင်ကြီးဖွင့်လှစ်ပြီးလျှင် လူနာများ ပိုမို အဆင်ပြေစွာ ကုသမှုခံယူနိုင်မည်ဖြစ်ပြီး အဆင့်မြင့်ခွဲစိတ်ခန်းများလည်း ပါရှိသောကြောင့် ယခုထက် ပိုမိုကျန်းမာရေး စောင့်ရှောက်မှု ပေးနိုင်မည်ဖြစ်သည်။

ဆေးရုံအုပ်ကြီး ဒေါက်တာပပက "ဒီဆေးရုံကြီး အရေးပေါ်ဌာနမှာက ရိုးရိုးမွေးတာရှိမယ်၊ ခွဲစိတ်တာရှိမယ်။ အရေးပေါ် ကိုယ်ဝန်ပျက်ကျတဲ့ မိခင်တွေရှိမယ်၊ အရေးပေါ် မီးယပ်ရောဂါနဲ့ လာတဲ့သူတွေရှိမယ်။ အဲဒီအရေးပေါ်ကုသမှုဆိုင်ရာ အားလုံးကို အခမဲ့ဖြစ်ပါတယ်။ နောက်တစ်ခုက အခမဲ့ဆိုတဲ့နေရာမှာ ဆေးဝါးရော ဓာတ်ခွဲစမ်းသပ်မှုတွေပါ အခမဲ့ဖြစ်ပါတယ်။ အတွင်းလူနာအဖြစ် တက်ရောက်ကုသတဲ့သူတွေကတော့ ဓာတ်ခွဲစမ်းသပ်မှုအားလုံး အခမဲ့ဖြစ်ပါတယ်။ ကျွန်မတို့ဆီမှာ စက်တွေနဲ့ လုပ်လို့မရနိုင်တဲ့ စမ်းသပ်မှုမျိုးဆိုရင် တော့ အပြင်ဆေးခန်းမှာ တချို့တလေ သွားလုပ်ရတာရှိပါတယ်။ အခြေခံကုသရေးဆိုင်ရာ ဆေးဝါးတွေကိုတော့ နိုင်ငံတော်က အများကြီး ပံ့ပိုးပေးထားတာရှိတဲ့အတွက် အတော်များများပေးနိုင်ပြီဖြစ်ပါတယ်။ ဒါပေမယ့် တစ်ပုလင်းကို တစ်သောင်းကျော်တဲ့ လူနာတွေအတွက်တော့ မပေးနိုင်ပါဘူး။ ပိုးသတ်ဆေး၊ ပိုးဝင်တဲ့ လူနာတွေအတွက်တော့ အပြင်က ဝယ်နေရတာရှိပါသေးတယ်။ နောက်တစ်ခုက ပြင်ပလူနာဌာနမှာ ကိုယ်ဝန်ဆောင်တွေကို စောင့်ရှောက်ပေးတာကတော့ ဝန်ဆောင်မှုဟာ အခမဲ့ဖြစ်ပါတယ်" ဟု အခမဲ့ဆောင်ရွက်ပေးမှုများနှင့်ပတ်သက်၍ ထပ်မံရှင်းပြသည်။



**ဗဟိုအမျိုးသမီးဆေးရုံကြီး(ရန်ကုန်)၌ ထပ်မံတိုးချဲ့ဖွင့်လှစ်ပေးမည့် ငါးထပ်ဆောင်သစ်ကြီးကို တွေ့ရစဉ်**

ထို့အပြင် ဗဟိုအမျိုးသမီးဆေးရုံကြီးရန်ကုန်တွင် အသည်းရောင်အသားဝါ ဘီပိုး၊ စီးပိုး၊ HIV စမ်းသပ်သောလုပ်ငန်းများကို အခမဲ့ဆောင်ရွက်ပေးကာ ကိုယ်ဝန်ဆောင်မိခင်မှသန္ဓေသားသို့ HIV ပိုးကူးစက်ခြင်းမှ ကာကွယ်သောလုပ်ငန်းကိုလည်း AIDS ပရောဂျက်နှင့် ပူးပေါင်းဆောင်ရွက်နေခြင်းကြောင့် အခမဲ့စောင့်ရှောက်မှုများပေးကာ တချို့သော ဓာတ်ခွဲစမ်းသပ်မှုကိုသာ အပြင်ဆေးခန်းများ၌ ဆောင်ရွက်ရကြောင်းနှင့် အရေးပေါ်နှင့် ပတ်သက်သော လူနာများအား မည်သူမဆိုအခမဲ့ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်း- မောင်စိန်လွင်(မြန်မာ့အလင်း)**
**ဓာတ်ပုံ- မင်းထက်**

# ဦးကိုနီအမှုနှင့်ပတ်သက်၍ ကြည်လင်းအား ဖမ်းဆီးရာ၌ ကိုယ်တိုင်ပါဝင်သူ လေကြောင်းရဲအရာရှိနှစ်ဦး တရားရုံးရှေ့သက်သေခံထွက်

**ရန်ကုန် ဇူလိုင် ၇**

ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် တရားလွှတ်တော်ရှေ့နေ ဦးကိုနီအား သေနတ်ဖြင့် ပစ်ခတ်လုပ်ကြံမှုတွင် သေနတ်သမား ကြည်လင်း(ခေါ်) ဖိုးထူးနှင့်အတူ ပါဝင်ပတ်သက်သူ အောင်ဝင်းဇော်၊ ဇေယျာဖြိုးနှင့် အောင်ဝင်းထွန်းတို့ကို မြောက်ပိုင်းခရိုင်တရားရုံးသို့ ယနေ့နံနက် ၁၀ နာရီတွင် ရုံးထုတ်၍ စစ်ဆေးမှုများပြုလုပ်ကြောင်း သိရသည်။

ယင်းအမှုနှင့်ပတ်သက်ပြီး စွပ်စွဲထားသော ရာဇဝတ်ကြီးအမှုအမှတ်(၄၅/၂၀၁၇)ဥပဒေပုဒ်မ (၃၀၂/၃၄/၂၁၂) လူသတ်မှုအတွက် လိုပြသက်သေ လေကြောင်း ရဲအရာရှိနှစ်ဦးအား စစ်ဆေးကြောင်း တရားခံ ကြည်လင်း(ခေါ်)ဖိုးထူးကို ဖမ်းဆီးရာတွင် ကိုယ်တိုင်မြင်တွေ့လုပ်ကိုင်ဆောင်ရွက်သူ ဖြစ်ကြောင်း တရားရုံးရှေ့တွင် ဆောင်ရွက်ချက်အလုံးစုံကို ထွက်ဆိုခြင်းဖြစ်ကြောင်း (၁၄-၇-၂၀၁၇) ရက် သောကြာနေ့ နောက်တစ်ပတ်ရုံးချိန်းတွင် လိုပြသက်သေနှစ်ဦး ထပ်မံစစ်ဆေးရန် အထူးခုံရုံးက ချိန်းဆိုထားကြောင်း၊ တရားလိုဘက်၊ နိုင်ငံတော်ဘက်၊ နစ်နာသူဘက်က ဆောင်ရွက်နေသည့် အမှုလိုက်ဥပဒေအရာရှိကသက်သေ ၈၀ ကို စစ်ဆေးမှုပြုလုပ်ရန် ရှိ



မရှိလိုပြ သက်သေများ စစ်ဆေးပေါ်ပေါက်ချက်အရသာ ရုံးတော်ကို တင်ပြဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရန်ကုန်မြောက်ပိုင်းခရိုင် ဒုတိယခရိုင်တရားသူကြီး သတင်းနှင့်ပြန်ကြားရေးအရာရှိ ဦးရဲလွင်၏ ပြောကြားချက်အရ သိရသည်။

**သတင်းနှင့်ဓာတ်ပုံ**
**မျိုးမင်းသိန်း(မရမ်းကုန်း)**

*✪ ကျောဖုံးမှ*

အုပ်စု (ခ)တွင် ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ တီမော၊ မလေးရှား၊ ဖိလစ်ပိုင်၊ ဘရူနိုင်းအသင်းတို့ ပါဝင်နေသည်။ မြန်မာအသင်းသည် အုပ်စုပွဲစဉ်များအဖြစ် ဇူလိုင် ၉ ရက်တွင် အင်ဒိုနီးရှားအသင်း၊ ဇူလိုင် ၁၁ ရက်တွင် လာအိုအသင်း၊ ဇူလိုင် ၁၃ ရက်တွင် စင်ကာပူအသင်း၊ ဇူလိုင် ၁၅ရက်တွင် ဩစတြေးလျအသင်း၊ ဇူလိုင် ၁၇ ရက်တွင် ထိုင်းအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ အာဆီယံဘောလုံးအဖွဲ့ချုပ်သည် ယင်းပြိုင်ပွဲကို ယခင်က ၁၆ နှစ် အောက်ပြိုင်ပွဲအဖြစ် ကျင်းပခဲ့သော်လည်း ယခုနှစ်တွင် ၁၅ နှစ်အောက် ပြိုင်ပွဲအဖြစ် ပြောင်းလဲကျင်းပခြင်းဖြစ်သည်။

မြန်မာ ယူ-၁၅ အသင်းတွင် အုပ်ချုပ်သူ - ဦးဝင်းသူမိုး၊ နည်းပြချုပ် - ဦးညီညီလတ်၊ လက်ထောက်နည်းပြ - ဦးမင်းမင်းထွန်း၊ ဂိုးနည်းပြ - ဦးစိန်အေး၊ **ဂိုး** - နေလင်းထက်၊ ဟိန်းထက်အောင်၊ ဟိန်းထက်စိုး၊ **နောက်တန်း** - ဉာဏ်လင်းထက်၊ ရဲထက်အောင်၊ မျိုးချစ်ဇော်၊ သော်ဇင်ထက်၊ သောင်းအာလေးဘော်၊ ရှင်းသန့်အောင်၊ ကောင်းခန့်စံ၊ **အလယ်တန်း** - ရန်နိုင်လင်း၊ မျိုးမြင့်ခိုင်၊ ရန်ကျော်စိုး၊ ခွန်ကျော်ဇင်ဟိန်း၊ ရွှေကို၊ စွမ်းထက်နိုင်၊ နိုင်ထွေး၊ ဝေယံစိုး၊ ကောင်းခန့်ကျော်၊ **ရှေ့တန်း-** ပြည့်ဖြိုးအောင်၊ လမင်းထွေး၊ နောင်နောင်စိုး၊ ငြိမ်းဇေယျာတို့ ပါဝင်ကြသည်။

# အမေရိကန်ဖုံးကြဲလေယာဉ်များ တောင်တရုတ်ပင်လယ်ပေါ်ပျံသန်း

**ဝါရှင်တန် ဇူလိုင် ၇**

အမေရိကန်ဖုံးကြဲလေယာဉ် နှစ်စင်းသည် အငြင်းပွား တောင်တရုတ်ပင်လယ်ပေါ်သို့ ပျံသန်းခဲ့ကြောင်း အမေရိကန်လေတပ်က သောကြာနေ့တွင်ပြောကြားခဲ့သည်။

တရုတ်နိုင်ငံက တောင်တရုတ် ပင်လယ်ပိုင်နက်အားလုံးကို ပိုင်ဆိုင်ကြောင်း အငြင်းပွားလျက်ရှိသော်လည်း



ယင်းနယ်နိမိတ်အား နိုင်ငံတကာနှင့် သက်ဆိုင်သည့် ရေပိုင်နက်အဖြစ် ကိုင်တွယ်ဆောင်ရွက်လိုကြောင်း အခိုင်အမာပြသသည့် အနေဖြင့် ဖုံးကြဲလေယာဉ်များ ပျံသန်းခဲ့ခြင်းဖြစ်သည်ဟု ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

ဂျာမနီနိုင်ငံတွင် ကျင်းပမည့် ဂျီ -၂၀ ထိပ်သီးအစည်းအဝေးကာလ၌ အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်နှင့် တရုတ်သမ္မတရှီကျင့်ဖျင်တို့ သီးသန့်ဆွေးနွေးပွဲပြုလုပ်ရန် ပြင်ဆင်လျက်ရှိချိန်တွင် ဂူအမ်မှ B-1B လန်ဆာ ဖုံးကြဲလေယာဉ်များသည် ကြာသပတေးနေ့က တောင်တရုတ်ပင်လယ်ပေါ် ပျံသန်းမှု ပြုလုပ်လာခဲ့ခြင်းဖြစ်သည်။

တရုတ်နှင့် အမေရိကန်ခေါင်းဆောင်နှစ်ဦးတို့သည် မြောက်ကိုရီးယား၏ ဒုံးကျည် နှင့်နျူကလီးယားအစီအစဉ်များကို ဟန့်တားရန်အတွက်တရုတ်နိုင်ငံအနေဖြင့် မည်ကဲ့သို့ ဆောင်ရွက်ပေးနိုင်မည်နှင့် ပတ်သက်၍ဆွေးနွေးကြမည်ဖြစ်ကြောင်း ခန့်မှန်းထားကြသည်။

ပြီးခဲ့သည့် အင်္ဂါနေ့တွင် မြောက်ကိုရီးယားနိုင်ငံက စမ်းသပ်ပစ်လွှတ်လိုက်သည့် တိုက်ချင်းပစ်ဒုံးကျည်သည် အလက်စကာနှင့် ဟာဝိုင်ယီအထိရောက်ရှိနိုင်ပြီး အမေရိကန်အနောက်မြောက် ပစိဖိတ်ကမ်းခြေအထိပါ ရောက်ရှိကောင်းရောက်ရှိနိုင်မည်ဖြစ်ကြောင်း ကျွမ်းကျင်ပညာရှင်များက ခန့်မှန်းတွက်ချက်ခဲ့ကြသည်။

မြောက် ကိုရီးယားကလည်း ၎င်း၏ နျူကလီးယားလက်နက်များပြီးပြည့်စုံသည့်အခြေအနေသို့ ရောက်ရှိလာပြီဖြစ်ကြောင်း လူသိရှင်ကြားထုတ်ဖော်ကြေညာခဲ့သည်။

အမေရိကန် ဖုံးကြဲလေယာဉ်နှစ်စင်း တောင်တရုတ်ပင်လယ်ပေါ်ပျံသန်းမှုနှင့် ပတ်သက်၍ မေးမြန်းရာတွင် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနပြောရေးဆိုခွင့်ရှိသူ ဂန်ရှောင်က အရှေ့နှင့်တောင်တရုတ်ပင်လယ်တို့တွင် လွတ်လပ်စွာလေကြောင်း သွားလာခွင့် သို့မဟုတ် ဖြတ်ကျော်ပျံသန်းခွင့်နှင့်ပတ်သက်၍ ပြဿနာမရှိခဲ့ကြောင်း ပြောကြားခဲ့သည်။

**(ရိုက်တာ)**

## မိုက်ခရိုဆော့ဖ်ကော်ပိုရေးရှင်းက ဝန်ထမ်းများလျှော့ချမည်

**ဆန်ဖရန်စစ္စကို ဇူလိုင် ၇**

အမေရိကန်ဆော့ဖ်ဝဲကုမ္ပဏီတစ်ခုဖြစ်သည့် မိုက်ခရိုဆော့ဖ်ကော်ပိုရေးရှင်းက ဝန်ထမ်းများကို လျှော့ချမည့် သတိပေးစာများကို ယမန်နေ့ကစတင်ပေးပို့ခဲ့ကြောင်း သိရသည်။ သတိပေးစာရရှိသော ထောင်ချီသောဝန်ထမ်းများမှာ အရောင်းနှင့် ဈေးကွက်ရှာဖွေရေးဌာနမှ ဝန်ထမ်းများဖြစ်ကြောင်းသိရသည်။

မိုက်ခရိုဆော့ဖ်ကုမ္ပဏီသည် ကုမ္ပဏီပြန်လည်ဖွဲ့စည်းမှုကို ဆောင်ရွက်နေကြောင်း ဇူလိုင် ၃ ရက်ကတည်းက ဖော်ပြခဲ့သော်လည်း ဝါရှင်တန်ပြည်နယ် ရတ်ဒ်မွန်းမြို့တွင်တည်ရှိသော မိုက်ခရိုဆော့ဖ်ရုံးချုပ်က မည်သည့် အကြောင်းအရာမျှ အတည်ပြုပြောကြားခြင်းမရှိကြောင်း သိရသည်။

ကမ္ဘာတစ်ဝန်း မိုက်ခရိုဆော့ဖ်ကုမ္ပဏီများတွင် ဝန်ထမ်းစုစုပေါင်း ၁၂၀၀၀၀ ခန့်ရှိပြီး ၂၀၁၆ ခုနှစ်နှင့် နှိုင်းယှဉ်လျှင် ဝန်ထမ်းဦးရေ ၁၀၀၀၀ခန့်တိုးလာကြောင်းသိရသည်။ ယခုအခါတွင် ယင်းကုမ္ပဏီမှ ၎င်း၏ထုတ်ကုန်များကို အခကြေးငွေဖြင့် ရောင်းချသည့်ထုတ်ကုန်အဖြစ်မှ cloud ကွန်ပျူတာစနစ်တွင် အသုံးပြုနိုင်သည့် စနစ်သို့ပြောင်းလဲရန် ကြိုးစားနေကြောင်းသိရသည်။

**(ဆင်ဟွာ)**




## မက္ကဆီကိုတောင်ပိုင်းတွင် အကျဉ်းထောင်ဆူပူမှုဖြစ်ပွားပြီး ၂၈ ဦးသေဆုံး

**မက္ကဆီကိုစီးတီး ဇူလိုင် ၇**

မက္ကဆီကိုနိုင်ငံတောင်ပိုင်း ဂူရီယိုပြည်နယ် အကာပေါ်ကိုမြို့အကျဉ်းထောင်တစ်ခုတွင် ထောင်ဆူပူမှုဖြစ်ပွားခဲ့ပြီးနောက် ၂၈ ဦးသေဆုံးခဲ့ကြောင်း ယမန်နေ့က သက်ဆိုင်ရာအာဏာပိုင်များကပြောခဲ့သည်။

အကာပေါ်ကိုမြို့ရှိ လက်စ်ခရူးဇ်အကျဉ်းထောင်တွင် ထောင်ဆူပူမှုဖြစ်ပွားခဲ့ပြီး ထောင်အတွင်းဂိုဏ်းမတူသည့် အကျဉ်းသားအချင်းချင်းတိုက်ခိုက်ရာမှ ထောင်ဆူပူမှုဖြစ်ပွားကာ ၂၈ဦးသေဆုံးခဲ့ပြီး သုံးဦးဒဏ်ရာရရှိခဲ့ကြောင်း သက်ဆိုင်ရာအာဏာပိုင်များက ပြောခဲ့သည်။ လတ်တလောတွင် အခင်းဖြစ်ပွားသည့် အကျဉ်းထောင်ကို ရဲတပ်ဖွဲ့က ထိန်းချုပ် နိုင်ခဲ့ပြီး စုံစမ်းစစ်ဆေးမှုများ ဆောင်ရွက်နေကြောင်း သိရသည်။

လက်စ်ခရူးဇ်အကျဉ်းထောင်သည် ဂူရီယိုပြည်နယ်တွင် အကျဉ်းသားအများဆုံးထားရှိသည့် အကျဉ်းထောင်တစ်ခုဖြစ်ကြောင်းသိရပြီး အကျဉ်းသားပေါင်း ၂၁၀၀ ခန့်ရှိကြောင်း သိရသည်။

**(ဆင်ဟွာ)**

## ဂျပန်နိုင်ငံမြောက်ပိုင်းတွင် ရေလွှမ်းမိုးမှုကြောင့်သေဆုံးသူ ၁၁ဦးရှိပြီး ၁၂ဦးပျောက်ဆုံးလျက်ရှိ

**တိုကျို ဇူလိုင် ၇**

ဂျပန်နိုင်ငံမြောက်ပိုင်းတွင်အဆက်မပြတ်မိုးသည်းထန်စွာရွာသွန်းနေသည်မှာ သုံးရက်မြောက်ရှိသွားပြီဖြစ်ရာ ရေလွှမ်းမိုးမှုကြောင့် လူ၁၁ဦးသေဆုံးခဲ့ပြီး ၁၂ဦးထက်မနည်း ပျောက်ဆုံးနေဆဲဖြစ်ကြောင်းသိရသည်။

ဒေသခံ၅၄၀၀၀ကျော်တို့ကို နေအိမ်များမှရွှေ့ပြောင်းကြရန်အမိန့်ထုတ်ထားပြီး ပျောက်ဆုံးနေသူများအားကယ်ဆယ်ရေးအဖွဲ့ဝင်ထောင်နှင့်ချီ၍ရှာဖွေမှုများပြုလုပ်လျက်ရှိသည်။

ကျူးရှူးကျွန်းပေါ်ရှိ ဖူကူအိုကာစီရင်စု၏နေရာအများစုတို့တွင် နှစ်ရက်အတွင်း မိုးရေချိန် ၆၀၀မီလီမီတာနီးပါးရှိခဲ့ပြီး ဇူလိုင်လတစ်လလုံးတွင်ပုံမှန်ရွာသွန်းနေကျပမာဏ၏ နှစ်ဆဖြစ်သွားခဲ့သည်။ဖူကူအိုကာနှင့်အိမ်နီးချင်း အွီတာစီရင်စုတို့ရှိ လူ ၅၀၀ ထက်မနည်းတို့မှာ သောင်တင်ကျန်ရစ်နေဆဲဖြစ်ပြီး ရေလွှမ်းမိုးမှုနှင့်မြေပြိုမှုများကို ကြုံတွေ့ရလျက်ရှိသည်။

လမ်းများမှာဆိုးရွားစွာပျက်စီးနေပြီး တံတားများလည်းမျောပါသွားခဲ့သည်ဖြစ်ရာကယ်ဆယ်ရေးအဖွဲ့ဝင်များမှာ ရဟတ်ယာဉ်များအသုံးပြု၍ ရှာဖွေကယ်ဆယ်ရေးပြုလုပ်ခဲ့ရသည်။

ရထားပို့ဆောင်မှုလမ်းကြောင်းများကိုလည်းရပ်နားထားခဲ့ပြီး အချို့သောမိုဘိုင်းဖုန်းကုမ္ပဏီများက ဆက်သွယ်ရေးပြဿနာများကို သတင်းပေးပို့ခဲ့ကြသည်။ ရာသီဥတုဆိုင်ရာအာဏာပိုင်များက ဒေသခံများအားသတိဝီရိယဖြင့်နေထိုင်ကြရန်တိုက်တွန်းထားကြောင်းသိရသည်။




**(အင်န်အိတ်ချ်ကေ)**

## ဆီးရီးယားမြောက်ပိုင်းတွင် တူရကီစစ်ဆင်မှုများသည် ကျူးကျော်မှုဖြစ်ကြောင်း ဆီးရီးယားဘက်မှပြောကြား

**ဒမတ်စကတ် ဇူလိုင် ၇**

တူရကီနိုင်ငံက ဆီးရီးယားနိုင်ငံ မြောက်ပိုင်းဒေသတွင် ပြုလုပ်လျက်ရှိသော စစ်ဆင်မှုများသည် ဆီးရီးယားနိုင်ငံကို ကျူးကျော်သည့်ဆောင်ရွက်မှုဖြစ်ကြောင်း ဆီးရီးယားနိုင်ငံခြားရေးဝန်ကြီးဌာနက မကြာသေးမီက ပြောကြားခဲ့သည်။

အဆိုပါကိစ္စနှင့်ပတ်သက်ပြီး ဆီးရီးယားနိုင်ငံခြားရေးဝန်ကြီးဌာနမှ ကုလသမဂ္ဂလုံခြုံရေးကောင်စီဥက္ကဋ္ဌနှင့် အထွေထွေအတွင်းရေးမှူးချုပ်တို့ထံ စာပို့အကြောင်းကြားခဲ့ကြောင်း သိရသည်။

ထို့အပြင် ကုလသမဂ္ဂလုံခြုံရေးကောင်စီအနေဖြင့် တူရကီနိုင်ငံ၏ဆောင်ရွက်မှုနှင့်ပတ်သက်ပြီး မျက်ကွယ်ပြုခြင်းကို ရပ်တန့်ရန်လည်းတိုက်တွန်းလိုက်ကြောင်းသိရသည်။

တူရကီနိုင်ငံသည် ဆီးရီးယားနိုင်ငံတွင်းရှိ မြို့များတွင် စစ်တပ်များချထားခြင်းသည် နိုင်ငံတော်ကို ကျူးကျော်ရာရောက်ပြီး နိုင်ငံတကာ ဥပဒေ၊ လုံခြုံရေးကောင်စီဆုံးဖြတ်ချက်များနှင့် ကုလသမဂ္ဂပဋိညာဉ်စာချုပ်တို့ကို ချိုးဖောက်ရာရောက်ကြောင်း၊ ထို့အပြင် ဒေသတွင်းနှင့် အပြည်ပြည်ဆိုင်ရာ လုံခြုံရေးတို့ကို ချိုးဖောက်ရာရောက်ကြောင်း နိုင်ငံ၏တည်ငြိမ်အေးချမ်းရေးကို ဆိုးရွားစွာခြိမ်းခြောက်နေကြောင်းလည်း အဆိုပါစာထဲတွင်ရေးသားဖော်ပြထားသည်။

တူရကီနိုင်ငံသည် ဆီးရီးယားနိုင်ငံအတွင်း စစ်တပ်များချထားမှုကို တိုးမြှင့်ခဲ့သည်။ ထို့အပြင် ဆီးရီးယားကာ့ဒ်လက်နက်ကိုင်တပ်ဖွဲ့၏ တိုက်ခိုက်မှုကို ခံရပါက တူရကီတပ်ဖွဲ့အနေဖြင့် ဆီးရီးယားနိုင်ငံအတွင်း စစ်ရေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း တူရကီသမ္မတက ဇွန် ၃ ရက်တွင် ပြောခဲ့သည်။

**(ဆင်ဟွာ)**

# အရှေ့တောင်အာရှ တိရစ္ဆာန်ဆေးကု စေတနာ့ဝန်ထမ်းစီမံကိန်း-၂၀၁၇၏ ကျောင်းသားများတွေ့ဆုံပွဲကျင်းပ

တွေ့ဆုံမေးမြန်း
ဇင်ဦး၊ ဝေသူနွယ် (မြန်မာ့အလင်း)
ဓာတ်ပုံ - သီဟစည်သူ

နေပြည်တော် ဇူလိုင် ၇

**အရှေ့တောင်အာရှ တိရစ္ဆာန်ဆေးကု စေတနာ့ဝန်ထမ်းစီမံကိန်း-၂၀၁၇ အနေဖြင့် ထိုင်းနိုင်ငံရှိ Kasetsart University နှင့် မြန်မာနိုင်ငံရှိမွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်(ရေဆင်း)တို့ ပူးပေါင်းဆောင်ရွက်သည့် နိုင်ငံတကာမွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်မှ စေတနာ့ဝန်ထမ်း ကျောင်းသား ကျောင်းသူများတွေ့ဆုံပွဲနှင့် ကွင်းဆင်းမှုအတွေ့အကြုံများ မျှဝေခြင်းအခမ်းအနားကို ဇူလိုင် ၇ရက် နံနက် ၉ နာရီတွင် နေပြည်တော် ရေဆင်းရှိ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်(ရေဆင်း)အစည်းအဝေးခန်းမ၌ ကျင်းပသည်။**



ဒေါက်တာမာမာဝင်း



ဒေါက်တာရဲထွဋ်အောင်



ပါမောက္ခ ဒေါက်တာဝင်းဥမ္မာကျော်



မိုးမြင့်သွယ်

အဆိုပါ စီမံကိန်းမှာ ၂၀၁၃ ခုနှစ်မှ စတင်ပြီး ငါးနှစ်စီမံကိန်းအဖြစ် ထိုင်းနိုင်ငံကအိမ်ရှင်အဖြစ်ပူးတွဲ၍၂၀၁၄ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ ကမ္ဘောဒီးယား၊ ဗီယက်နမ်၊ လာအိုနှင့် အင်ဒိုနီးရှား နိုင်ငံတို့က ပူးတွဲအိမ်ရှင်အဖြစ် တိရစ္ဆာန်ဆေးကုသမှု အခမဲ့ ဝန်ဆောင်မှုဆိုင်ရာလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပြီး စီမံကိန်း၏ နောက်ဆုံးနှစ်အဖြစ် ယခုနှစ် ဇွန် ၁၇ ရက်မှ ဇူလိုင် ၉ ရက်အထိ ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံက ပူးတွဲအိမ်ရှင်အဖြစ် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ယင်းစီမံကိန်းတွင် အာဆီယံနိုင်ငံများအပြင် အမေရိကန်၊ ကနေဒါ၊ ဂျပန်၊ ပြင်သစ် စသည့်နိုင်ငံများမှ ကျောင်းသားများလည်းပါဝင်ကြောင်း သိရသည်။

အဆိုပါကျောင်းသားများအဖွဲ့သည် ဇူလိုင် ၃ ရက်ကစတင်၍ မြင်းခြံမြို့နယ်အတွင်းရှိ လယ်သစ်၊ သစ်ရုံ၊ ဇီးပင်ကန်၊ ထိန်ပန်းနှင့် လေးတန်းစသည့် ကျေးရွာငါးရွာ၌ တိရစ္ဆာန်ဆေးကုသမှု အခမဲ့ဝန်ဆောင်မှုလုပ်ငန်းများဖြစ်သည့် တိရစ္ဆာန်များအား ရောဂါကာကွယ်ဆေးများ ထိုးနှံခြင်း၊ သန်ချဆေးတိုက်ကျွေးခြင်း၊ ဒေသခံပြည်သူများအား အသိပညာပေးဟောပြောခြင်း၊ နှစ်ရှည်ပင်များစိုက်ပျိုးခြင်း၊ ကျောင်းသား ကျောင်းသူများအား စာရေးကိရိယာများလှူဒါန်းခြင်းတို့ ဆောင်ရွက်ခဲ့သည်။ အဆိုပါ သွားရောက်ကွင်းဆင်းမှု အတွေ့အကြုံများနှင့် ပတ်သက်၍ မြန်မာ့အလင်းက မေးမြန်းခဲ့ရာ-

**ဒေါက်တာ မာမာဝင်း**

**ပါမောက္ခချုပ်**

**မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်**

အရှေ့တောင်အာရှ တိရစ္ဆာန်ဆေးကု စေတနာ့ဝန်ထမ်း စီမံကိန်း-၂၀၁၇ ပြုလုပ်ရတဲ့ ရည်ရွယ်ချက်ကတော့ မွေးမြူရေးဆိုင်ရာဆေးပညာပိုမိုဖွံ့ဖြိုးတိုးတက်လာဖို့နဲ့ အသက်မွေးဝမ်းကျောင်းပညာရပ်အနေနဲ့ ပိုမိုလေးစားလာစေဖို့အတွက်ဖြစ်ပြီး တိရစ္ဆာန်ဆေးကုဝန်ဆောင်မှုကို အခမဲ့ဆောင်ရွက်ပေးတာဖြစ်ပါတယ်။

**ဒေါက်တာရဲထွဋ်အောင်**

**ဒုတိယပါမောက္ခချုပ်**

**မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်**

ကျွန်တော်ကတော့ မြန်မာနိုင်ငံရဲ့တစ်ခုတည်းသော မွေးမြူရေးဆိုင်ရာဆရာဝန်တွေကို မွေးထုတ်ပေးနေတဲ့ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်ရဲ့ ဒုတိယပါမောက္ခချုပ်တာဝန်ယူနေပါတယ်။ ဒီနေ့ပြုလုပ်တဲ့အခမ်းအနားကတော့ အရှေ့တောင်အာရှ တိရစ္ဆာန်ဆေးကု စေတနာ့ဝန်ထမ်းစီမံကိန်း-၂၀၁၇ ကိုစတင်တာကတော့ ဇွန် ၁၇ ရက်ကတည်းက စတင်ခဲ့တာဖြစ်ပါတယ်။ ကျေးရွာတွေကိုသွားပြီးတော့ တိရစ္ဆာန်ဆေးကုဝန်ဆောင်မှုပေးတဲ့ စီမံကိန်းတစ်ခုဖြစ်ပါတယ်။ ဒီစီမံကိန်းက ၂၀၁၃ ခုနှစ်ကနေစပြီး ကျွန်တော်နဲ့တွဲပြီးအလုပ်လုပ်တဲ့ ထိုင်းနိုင်ငံကစပြီး လုပ်တယ်။ စပြီးလုပ်တဲ့နှစ်မှာ မြန်မာနိုင်ငံမွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်ကနေ နှစ်ယောက် စပြီးလွှတ်တယ်။ ဒီစီမံကိန်းမှာပါဝင်ဖို့ အတွက် ၂၀၁၄၊ ၂၀၁၅၊ ၂၀၁၆ တွေမှာ နှစ်ယောက်စီလွှတ်တယ်။ပထမဦးဆုံးနှစ်မှာ ထိုင်းနဲ့ ကမ္ဘောဒီးယား၊ ဒုတိယက ထိုင်းနဲ့ ဗီယက်နမ်၊ တတိယနှစ်မှာ လာအိုနဲ့ စတုတ္ထနှစ်မှာ အင်ဒိုနီးရှားနဲ့တွဲပြီး လုပ်ခဲ့တယ်။ ပြီးခဲ့တဲ့နှစ်ကစပြီး ထိုင်းနိုင်ငံနဲ့တွဲပြီး လုပ်ဖို့ဖြစ်ပေမယ့် ကျွန်တော်တို့ ဘက်ကအဆင်သင့်မဖြစ်သေးတဲ့ အတွက် ဒီ ၂၀၁၇ မှာမှ ပူးတွဲအိမ်ရှင်အဖြစ် လုပ်ဖြစ်တာပါ။ ဒီပရောဂျက်က အချိန်အားဖြင့် သုံးပတ်ကြာတယ်။ ထိုင်းမှာက နှစ်ပတ်၊ တတိယအပတ်က ပူးတွဲအိမ်ရှင်အဖြစ် ကျင်းပတဲ့နိုင်ငံမှာတစ်ပတ် ကွင်းဆင်းဆောင်ရွက်တာဖြစ်ပါတယ်။ အခုနောက်ဆုံးအပတ်ဖြစ်တဲ့ ဇူလိုင် ၁ ရက်ကနေ ၈ ရက်အထိ မြန်မာနိုင်ငံမှာရှိတဲ့ကျေးရွာတွေကိုသွားပြီးတော့ တိရစ္ဆာန်ဆေးကုဝန်ဆောင်မှုတွေပေးခဲ့တာဖြစ်ပါတယ်။ ဒီစီမံကိန်းမှာ အာဆီယံ ၁၀ နိုင်ငံပါတယ်။ ဒါပေမယ့် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်ပြီး အကုန်ပညာပေးထားပြီးတော့ ပညာရပ်နဲ့ပတ်သက်လို့လည်း ဖလှယ်တယ်။ ယဉ်ကျေးမှုလည်းဖလှယ်တယ်။ အဓိက အဲဒီ အစီအစဉ်နှစ်ခု လုပ်ပါတယ်။ ထိုင်းနိုင်ငံမှာ လေ့လာတာကတော့ ဆေးရုံမှာလေ့လာရတာကတော့ ခွေး၊ ကြောင်တွေနဲ့ ပတ်သက်ပြီး ဆေးကုသတဲ့နေရာမှာ စက်ကိရိယာအသုံးပြုမှုကို နိုင်ငံတကာကျောင်းသားတွေ လေ့လာခဲ့ရတယ်။ နောက်တစ်ခု မရှိတဲ့ စင်ကာပူနဲ့ ဘရူနိုင်းနိုင်ငံတွေမပါဘူး။ ကျန်တဲ့ အာဆီယံနိုင်ငံတွေနဲ့ အမေရိက၊ ကနေဒါ၊ ဂျပန်၊ ပြင်သစ် ဒီနိုင်ငံတွေက ကျောင်းသားတွေက အာဆီယံမဟုတ်ဘဲနဲ့ သီးခြားပါလာတာပါ။ International Student က ၄၂ ယောက်ပါတယ်။ ဒီနိုင်ငံက ဆရာ ဆရာမ၊ ကျောင်းသားတွေနဲ့ဆိုရင် စုစုပေါင်း ၇၅ ယောက်လောက် ကွင်းဆင်းခဲ့တာဖြစ်ပါတယ်။

မြင်းခြံမြို့နယ်ထဲက ရွာငါးရွာကို ကွင်းဆင်းပြီးတော့ အဓိက ဆေးကုတာထက် တိရစ္ဆာန်တွေကို ပေါင်ပုပ်လက်ပုပ်၊ နွားလည်ချောင်းကွဲ၊ ဒေါင့်သန်းရောဂါ ကာကွယ်ဆေးတွေထိုးပေးခဲ့တယ်။ ဒီကာကွယ်ဆေးတွေအားလုံးကတော့ မြင်းခြံမှာရှိတဲ့ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနခရိုင်ရုံးကနေ ပံ့ပိုးပေးတာဖြစ်ပါတယ်။ ဒါ့အပြင် တိရစ္ဆာန်မှ လူသို့ကူးစက်တတ်သောရောဂါတွေနဲ့ပတ်သက်ပြီး ပညာပေးတဲ့အစီအစဉ်လေးတွေ လုပ်ခဲ့တယ်။ နောက်ရွာတွေမှာ တစ်ရွာကို အပင် ၁၀၀ စိုက်ခဲ့တယ်။ ကျောင်းတွေကိုသွားပြီးတော့ အဲဒီမှာရှိတဲ့ကလေးသူငယ်တွေကိုခွေးရူးရောဂါနဲ့ပတ်သက်ပြီးတော့ ပညာပေးတယ်။ သူတို့နဲ့တွဲပြီးတော့ ယဉ်ကျေးမှုဖလှယ်တဲ့ အစီအစဉ်လေးတွေလုပ်ပြီး ကလေးတွေကို ခဲတံနဲ့ ဗလာစာအုပ်တွေ လှူဒါန်းခဲ့ကြပါတယ်။

ကျွန်တော်တို့သွားခဲ့တဲ့နေရာတွေက ရွာတွေဖြစ်တဲ့အတွက် ကြောင့်မို့ စီးပွားဖြစ် ကျွဲ၊ နွား၊ သိုး၊ ဆိတ်နဲ့ ကြက် မွေးမြူတာမတွေ့ခဲ့ရဘူး။ တိရစ္ဆာန်ရဲ့ ကျန်းမာရေးအခြေအနေတွေကတော့ ကျွန်တော်တို့ရောက်ခဲ့သလောက် ဆိုးဆိုးရွားရွားကပ်ရောဂါတွေလိုမျိုးဖြစ်ပွားတာတော့ မတွေ့ခဲ့ရပါဘူး။

**ပါမောက္ခ ဒေါက်တာ ဝင်းဥမ္မာကျော်**

**မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်**

အခုလိုပူးပေါင်းဆောင်ရွက်ရတဲ့ ရည်ရွယ်ချက်က နှစ်ခုရှိပါတယ်။ တစ်ခုကတော့ တိရစ္ဆာန်ဆေးကုပညာရပ်နဲ့ ပတ်သက်တဲ့ အသိပညာ၊ အတတ်ပညာက တစ်နိုင်ငံနဲ့တစ်နိုင်ငံ အခြေခံသင်ရိုးတူပေမယ့် လက်ရှိလုပ်တဲ့အခါမှာ နည်းနည်းကွာခြားမှုရှိတယ်။ အဲဒါကိုလည်း မျှဝေတာ၊ နောက်တစ်ခုက ယဉ်ကျေးမှုဖလှယ်တာတွေအတွက် ထိုင်းနိုင်ငံမှာ Lecture တစ်ချိန်ပေးသူတို့နိုင်ငံက ကျွဲ၊ နွားတွေပေါတဲ့နေရာကို ကျွဲ၊ နွားဆေးရုံထားပြီးတော့ အဲဒီမှာလည်း သင်ကြားရေးနဲ့ သုတေသနဆောင်ရွက်တာတွေကိုလေ့လာခဲ့ရတယ်။ နောက်သူတို့ဆီက ကျေးရွာတွေမှာ ကွင်းဆင်းပြီးတော့ ဆေးကုသတယ်။ အထူးသဖြင့် သူတို့ဆီက နွားတွေအများဆုံးမွေးတယ်။ သူတို့ဆီက ဒေသမျိုးနဲ့ ရာသီဉတုဒဏ်ခံနိုင်တဲ့ အနောက်ဥရောပမျိုးနဲ့ စပ်ပြီးတော့ အသားစားနွားတွေမွေးတယ်။ အဲဒီမှာ ခွာနာ၊ လျှာနာ ကာကွယ်ဆေးထိုးတယ်။ သန်ချဆေးတိုက်တယ်။ ဆေးဖောက်ပြီးတော့ နမူနာယူတယ်။ ခွေးလေခွေးလွင့်တွေနဲ့ အဲဒီဒေသမှာရှိတဲ့ ခွေးတွေအကုန်လုံးကို ကာကွယ်ဆေးထိုးတယ်။ ခွေးလေခွေးလွင့်နှိမ်နင်းရေးအတွက် အစာကျွေးပြီး သတ်တာမဟုတ်ဘဲနဲ့ ခွေးထီးတွေကိုသင်းလိုက်တယ်။အဲဒီနည်းက ပိုပြီးတော့ကောင်းပါတယ်။ ဖြည့်စွက်စာသကာရည်တုံး လုပ်ပြီးတော့ တောင်သူတွေကို လက်ဆောင်အဖြစ်ပေးခဲ့ပါတယ်။

**ကောင်းမြတ်ပြည့်စုံ**

**မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်(စတုတ္ထနှစ်)**

ကျွန်တော်ကတော့ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်က နောက်ဆုံးနှစ်ကျောင်းသားတစ်ဦး ဖြစ်ပါတယ်။ အခုလို နိုင်ငံတကာနဲ့ပူးပေါင်းဆောင်ရွက်ရတဲ့အတွက် မြန်မာနိုင်ငံရဲ့ ရိုးရာဓလေ့ထုံးတမ်းတွေကို မိတ်ဆက်ခွင့်ရခဲ့တယ်။ ကျေးရွာတွေအထိ တိရစ္ဆာန်ကာကွယ်ဆေးထိုးလုပ်ငန်းတွေကို တိုးတက်အောင်လုပ်ဆောင်နိုင်ခဲ့တယ်။ သူတို့နိုင်ငံမှာသင်ကြားရတဲ့ ပညာရပ်တွေနဲ့ ပူးပေါင်းဖလှယ်ခွင့်ရတဲ့အတွက် မွေးမြူရေးဆိုင်ရာ ဆေးပညာရပ်တွေရဲ့အတွေ့အကြုံသစ်တွေရခဲ့ပါတယ်။

**ဝင်းမြတ်ရွှေရည်ထွန်း**

**မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်(စတုတ္ထနှစ်)**

ဒီစီမံကိန်းမှာသူတို့နိုင်ငံနဲ့ ကျွန်မတို့နိုင်ငံမှာမွေးမြူရေးစနစ်နဲ့ ကွဲလွဲမှုတွေကိုလေ့လာခဲ့ရတယ်။ ထိုင်းနိုင်ငံမှာဆိုရင် အသားအတွက်၊ နို့အတွက်ဆိုပြီး သီးသန့်မွေးမြူတဲ့ စနစ်တစ်ခုတွေ့ရတယ်။ သူတို့နိုင်ငံလောက်မဖွံ့ဖြိုးသေးပေမယ့် မွေးမြူရေးစနစ်မှာတော့ တန်းတူလိုက်နိုင်တယ်လို့ ဆိုရမယ်။ သူတို့နိုင်ငံမှာတော့ စိုက်ပျိုးရေးထက် မွေးမြူရေးကို အဓိကထားလုပ်ဆောင်တာတွေ့ရတယ်။ တခြားနိုင်ငံမှာ ခွေးရူးကာကွယ်ဆေးထိုးရတာ ပိုပြီးတော့ ကျွန်မတို့နိုင်ငံထက်များတာ တွေ့ရတယ်။ သင်ကြားရေးစနစ်မှာကျတော့ သူတို့လောက် Facility မှာ ကွာခြားပေမယ့် သင်ရိုးအနေနဲ့ကတော့ အတူတူလောက်ပါပဲ။

**မိုးမြင့်သွယ်**

**မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်(စတုတ္ထနှစ်)**

ကွင်းဆင်းမှုအတွေ့အကြုံအနေနဲ့ ပြောရရင် ကျွန်မတို့ ကွင်းမဆင်းခင်မှာ ထိုင်းနိုင်ငံမှာရှိတဲ့ တက္ကသိုလ်ရဲ့ခြံတွေမှာ အရင်ဆုံးလက်တွေ့လုပ်ရတယ်။ ဆိတ်ကိုကာကွယ်ဆေးထိုးမယ်။ သန်ချဆေးတိုက်မယ်ဆိုရင် ဘယ်လိုလုပ်မယ်ဆိုတာ သင်ပေးတယ်။ နွားဆိုရင် ဘယ်လိုထိန်းချုပ်ပြီးဆေးထိုးမလဲ ဆိုတာ လက်တွေ့သင်ပေးပါတယ်။ အခုလို ထိုင်းနိုင်ငံမှာလည်းကွင်းဆင်းတဲ့အခါမှာ အခက်အခဲတော့ တော်တော်လေးနည်း သွားတယ်။ သူတို့ရဲ့မွေးမြူရေးစနစ်က ပိုပြီးတော့စနစ်တကျရှိတယ်။ တချို့ကျတော့ သူတို့နည်းစနစ်အတိုင်း လုပ်မရတာတွေရှိတယ်။ ကိုယ့်နည်းကိုယ့်ဟန်နဲ့ တိရစ္ဆာန်ကို ထိရောက်တဲ့ကာကွယ်ဆေးစနစ်ဖြစ်အောင် လုပ်ရတာတွေ တွေ့ကြုံခဲ့ရပါတယ်။

**Anjilica Shork (Canada)**

**Final Years Vetinary Student**

ဒီစီမံကိန်းမှာကျောင်းသားတစ်ယောက်အနေနဲ့ အာဆီယံနိုင်ငံတွေနဲ့ ကနေဒါနိုင်ငံကြားပူးပေါင်းဆောင်ရွက်ခွင့်ရတယ်။ ဒီနိုင်ငံမှာလုပ်ခဲ့တာက ကျွဲ၊ နွား တိရစ္ဆာန်တွေကို ကာကွယ်ဆေးထိုးပေးတယ်။ ပြီးတော့ သိုး၊ ဆိတ်တွေအတွက် သန်ချဆေးကျွေးတယ်။ ကလေးတွေနဲ့လည်း ကစားတယ်။ ရွာသားတွေနဲ့လည်း အသိပညာတွေမျှဝေခဲ့ရတယ်။ မြန်မာပြည်နဲ့ပတ်သက်ပြီး အရင်တုန်းက မသိသေးတဲ့အကြောင်းအရာတွေကိုလည်း သိခွင့်ရတဲ့အတွက် အလွန်စိတ်ကျေနပ်စရာကောင်းပြီး အတွေ့အကြုံကောင်းတွေရတဲ့ ခရီးစဉ်တစ်ခုဖြစ်ပါတယ်။



ဝင်းမြတ်ရွှေရည်ထွန်း



ကောင်းမြတ်ပြည့်စုံ



Sirawich Srisiri



Oneouma Phondamdeth

**Oneouma Phondamdeth**

**National University of Laos**

အခု မြင်းခြံမြို့နယ်ထဲမှာ သွားရောက်ကွင်းဆင်းရတာ အတွေ့အကြုံတွေလည်းအများကြီးရတယ်။ မတူညီတဲ့ ယဉ်ကျေးမှုတွေ၊ မတူညီတဲ့ဘာသာစကားတွေအကြောင်း လေ့လာရတယ်။ မြန်မာပြည်ကပြန်ရောက်တာနဲ့ ဒီစီမံကိန်းနဲ့ပတ်သက်ပြီးတော့ ကျွန်မသူငယ်ချင်းတွေကို ချက်ချင်းပြန်မျှဝေပေးသွားမှာပါ။ တကယ့်ကို အတွေ့အကြုံရတဲ့ ခရီးစဉ်တစ်ခုပါပဲ။ ကျွန်မတို့နိုင်ငံရဲ့မွေးမြူရေးစနစ်နဲ့ပတ်သက်ပြီး ပြောရရင် နွားမွေးမြူရာမှာ လယ်သမားအများစုက တောနယ်မှာနေတာဆိုတော့ မြန်မာနိုင်ငံလိုပဲ လွှတ်ကျောင်းတဲ့စနစ်ကို ကျင့်သုံးပြီး အခြားဖြည့်စွက်စာကျွေးတဲ့စနစ်ကို ကျင့်သုံးတယ်။ ကျွန်မတို့ နိုင်ငံမှာ နို့ထက် အသားကိုအဓိကထားပြီးတော့ နွားမွေးမြူတဲ့စနစ်တွေ ပိုပြီးများတယ်။

**Sirawich Srisiri**

**Chulalongkorn University, Bangkok**

ထိုင်းနိုင်ငံမှာ နှစ်နေရာကိုသွားပြီးတော့ လေ့လာပြီးတော့ ကာကွယ်ဆေးထိုးလုပ်ငန်းတွေကို လုပ်ကိုင်ခဲ့တယ်။ အာဆီယံအပြင် အခြားနိုင်ငံကကျောင်းသားတွေလည်း ပါတဲ့အတွက်ကြောင့်မို့ ကျွန်တော့်အတွက် ကောင်းတဲ့အခွင့်အလမ်း၊ အတွေ့အကြုံတွေရခဲ့တယ်။ ကျွန်တော်တို့နိုင်ငံရဲ့ အဓိကမွေးမြူရေးစနစ်မှာ နို့စားနွားနဲ့ အသားစားနွားကို အဓိကမွေးမြူကြပြီး အသားစားနွားကို နေရာတော်တော်များများမှာ မွေးပြီးနို့စားနွားကိုတော့ အသားစားနွားလောက် သိပ်မမွေးကြဘူး။ အစာကျွေးတဲ့စနစ်မှာတော့ လွှတ်ကျောင်းစနစ်နဲ့ ခြံလှောင်စနစ်နဲ့ပဲမွေးပါတယ်။ မြန်မာနိုင်ငံနဲ့ အတူတူပါပဲ။

# ဆီးဂိမ်းပြိုင်ပွဲတွင် မြန်မာမြားပစ်အသင်း အောင်မြင်မှုရရှိရန် ညှိနှိုင်းဆွေးနွေး

**ရန်ကုန်  ဇူလိုင်  ၇**

၂၀၁၇ ခုနှစ် ဩဂုတ် ၁၉ ရက်မှ ၃၀ ရက်အထိ မလေးရှားနိုင်ငံ၌ ကျင်းပမည့် (၂၉)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် မြန်မာမြားပစ်အသင်း အောင်မြင်မှုရရှိရေးနှင့် မြန်မာမြားပစ်အားကစားနည်း ရေရှည်တိုးတက်မြင့်မားရေးဆိုင်ရာကိစ္စရပ်များ ညှိနှိုင်းဆွေးနွေးရန်အတွက် မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် အလုပ်အမှုဆောင် အစည်းအဝေးကို ယနေ့ ညနေပိုင်းက ကျိုက္ကဆံမြားပစ်ကွင်းရှိ အဖွဲ့ချုပ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(အောက်ပုံ)**

အခမ်းအနားတွင် မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ် ဒုတိယ ဥက္ကဋ္ဌ ဦးသောင်းထိုက်မင်းက အမှာစကားပြောကြားပြီး ဒုတိယဥက္ကဋ္ဌ ဒေါက်တာမြတ်သူရစိုးက လူငယ်ကစားသမားများ ထွက်ပေါ်လာရန် ပြိုင်ပွဲများကျင်းပပေးရန်အတွက်လည်းကောင်း၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုးအောင်က လေ့ကျင့် ပြင်ဆင်မှုနှင့် ပတ်သက်၍လည်းကောင်း၊ အား/ကာ ညွှန်ကြားရေးမှူး ဦးအောင်မိုးက လူငယ်ကစားသမားများ ထွက်ပေါ်လာရေးအတွက် မြို့နယ်များတွင် ဆောင်ရွက်မည့် အစီအစဉ်များကိုလည်းကောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးကျော်ဦး(ဒုတိယအမြဲတမ်းအတွင်းဝန်(အားကစား) ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)က ဆီးဂိမ်းပြိုင်ပွဲတွင် အောင်မြင်မှုရရှိရေးပြင်ဆင်ဆောင်ရွက်နေမှုများအား ရှင်းလင်းပြောကြားသည်။ ဦးကျော်ဦးက "မြန်မာမြားပစ်အားကစားနည်းတိုးတက်အောင်မြင်ဖို့ ဝိုင်းဝန်းအကြံပြုဆွေးနွေးတာကို ကျေးဇူးတင်ပါတယ်။ ဒါတွေကိုလည်း အမြန်ဆုံးအကောင်အထည်ဖော်နိုင်အောင် ကြိုးစားသွားမှာပါ။ ဆီးဂိမ်းပြိုင်ပွဲမှာ အောင်မြင်မှုရဖို့ ကစားသမားတွေကို စိတ်ဓာတ်မြင့်တက်လာအောင် ပြုလုပ်ပေးထားပါတယ်။ ဆီးဂိမ်းပြိုင်ပွဲမှာ ယှဉ်ပြိုင်မယ့် ကစားသမားတွေကို မြားပစ်နဲ့ဆက်စပ်ပစ္စည်းတွေ ပံ့ပိုးဖြည့်ဆည်းပေးထားပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်၊ မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာ ဖြိုးကိုကိုတင့်ဆန်းတို့က ဝယ်ယူပေးထားပါတယ်။ ၂၀၁၅ ဆီးဂိမ်းပြိုင်ပွဲမှာ ဆုတံဆိပ်မရတဲ့ အနေအထားကနေ အခုအကြိမ်မှာ ဆုတံဆိပ်မလွတ်အောင်ရယူပြီး ရွှေဆုရယူနိုင်အောင် ကြိုးစားသွားမှာပါ"ဟု ပြောကြားသည်။ ဆက်လက်၍ ဦးကျော်ဦးက "ဆီးဂိမ်းအတွက် ပြင်ဆင်နေတဲ့နည်းပြနဲ့ ကစားသမားတွေကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ အုပ်ချုပ်သူတွေကို မြားပစ်အဖွဲ့ချုပ်က ထောက်ပံ့ကြေးတွေ ပေးထားပါတယ်။ အခုအစည်းအဝေးမှာ ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ၊ နာယကဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူးနဲ့အမှုဆောင်တွေက အလှူငွေတွေပေးအပ်ခဲ့ပြီး တိုင်းဒေသကြီးနဲ့ပြည်နယ် ၁၄ သင်း၊ နေပြည်တော်ကောင်စီအပါအဝင် ၁၅ သင်းကို လေးနဲ့မြားခြောက်လက်စီ ပံ့ပိုးပေးသွားမှာပါ။ ဒါ့အပြင် ဈေးနှုန်းသက်သာပြီး ကျောင်းသားလူငယ်တွေ ပစ်ခတ်နိုင်တဲ့ လေးနဲ့မြားကို ဆိုင်ဖွင့်ပြီး ရောင်းချသွားဖို့ စီစဉ်ထားပါတယ်။ အခုဖွင့်လှစ်ထားတဲ့ အား/ကာ သိပ္ပံခြောက်ခုမှာ နှစ်ခုပဲသင်ကြားရသေးပြီး လေးကျောင်းမှာ ထပ်မံသင်ကြားနိုင်အောင် ကြိုးစားသွားမှာပါ။ တိုင်းဒေသကြီးနဲ့ ပြည်နယ်ပြိုင်ပွဲတွေကျင်းပပြီး လူငယ်လေ့ကျင့်ရေးပစ္စည်းနဲ့ ဆက်စပ်ပစ္စည်းတွေလည်း ပံ့ပိုးပေးသွားမှာပါ"ဟု ပြောကြားခဲ့သည်။

ယင်းနောက် မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးသောင်းထိုက်မင်းက နိဂုံးချုပ်အမှာစကားပြောကြားပြီး ဆီးဂိမ်းပြိုင်ပွဲတွင် နိုင်ငံချစ်စိတ်ဖြင့် အောင်မြင်မှုရရှိရေး ဆောင်ရွက်ရန် အားပေးစကားပြောကြားခဲ့သည်။ ထို့နောက် တက်ရောက်လာသော အမှုဆောင်များက မြားပစ်အားကစားနည်း တိုးတက်ရေးဝိုင်းဝန်းဆွေးနွေးကြသည်။

**သတင်း-ရဲရင့်ရှိန်း၊ဓာတ်ပုံ-ဖိုးသော်ဇင်**






# ကုလသမဂ္ဂ၏ မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စယန်ဟီလီ၏ ဆဋ္ဌမအကြိမ်မြောက်ခရီးစဉ်ကိစ္စ

**နေပြည်တော်  ဇူလိုင်  ၇**

ကုလသမဂ္ဂ၏ မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စယန်ဟီလီသည် မြန်မာနိုင်ငံသို့ ဆဋ္ဌမအကြိမ်မြောက် ခရီးစဉ်အဖြစ် ဇူလိုင် ၁၀ ရက်မှ ၂၁ ရက်အထိ လာရောက်ရန်ရှိကြောင်း သိရသည်။

ယင်းခရီးစဉ်သည် ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီမှ ၂၀၁၇ ခုနှစ် မတ်လအတွင်း ချမှတ်ခဲ့သည့် အချက်အလက်ရှာဖွေဖော်ထုတ်ရေးမစ်ရှင်(Fact-Finding Mission)၏ လုပ်ပိုင်ခွင့်တာဝန်နှင့်ပတ်သက်ခြင်းမရှိစေရန် လိုအပ်ကြောင်းကို အထူးအစီရင်ခံစာတင်သွင်းသူအား အကြောင်းကြားခဲ့ရာ အထူးအစီရင်ခံစာ တင်သွင်းသူက လူ့အခွင့်အရေးကောင်စီမှ ၎င်းအားအပ်နှင်းသည့် လုပ်ငန်းဘောင်အတွင်းမှ မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးအခြေအနေကိုစောင့်ကြည့်ပြီး တိုးတက်မှု အခြေအနေကို အစီရင်ခံခြင်းကိုသာ ယခင်ခရီးစဉ်များကဲ့သို့ ပြုလုပ်ဆောင်ရွက်မည်ဟု ပြန်ကြားထားကြောင်း သိရသည်။

မြန်မာနိုင်ငံအနေဖြင့် အထူးအစီရင်ခံစာတင်သွင်းသူသည် ခရီးစဉ်အတွင်း ၎င်း၏မူလလုပ်ငန်းတာဝန်ကိုသာ ဆောင်ရွက်မည်ဟူသော နားလည်မှုဖြင့် ခရီးစဉ်လာရောက်ရေးကိစ္စကို လက်ခံထားပြီး ခရီးစဉ်အစီအစဉ်အသေးစိတ်ကို နိုင်ငံခြားရေး၊ ကာကွယ်ရေး၊ ပြည်ထဲရေးနှင့် အခြားသက်ဆိုင်သည့်ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရများနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီအနေဖြင့် Fact-Finding Mission အားဖွဲ့စည်းစေလွှတ်ရန် ဆောင်ရွက်မှုသည် မြန်မာနိုင်ငံအတွက် လက်တွေ့အနေအထားနှင့် ကိုက်ညီမှုမရှိသည့်အပြင် ရခိုင်ပြည်နယ်အတွင်း ကာလရှည်ကြာစွာ ဖြစ်ပေါ်နေသည့်ပြဿနာများကို ဖြေရှင်းပေးနိုင်ခြင်းမရှိသောကြောင့် မြန်မာနိုင်ငံအနေဖြင့် သဘောတူလက်ခံမှုမပြုကြောင်းကို တရားဝင်ကြေညာထားပြီးဖြစ်ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

# ဖောင်းပြင်မြို့တွင် ချင်းတွင်းမြစ်ရေ စိုးရိမ်ရေမှတ်ကျော်လွန်

**ဖောင်းပြင်  ဇူလိုင်  ၇**

ချင်းတွင်းမြစ်ဘေးရှိ ဖောင်းပြင်မြို့၏ စိုးရိမ်ရေမှတ်မှာ ၁၃၂၅ စင်တီမီတာဖြစ်ပြီး ဇူလိုင် ၆ ရက် ညနေ ၆ နာရီ တိုင်းထွာချက်အရ ၁၃၉၂ စင်တီမီတာသို့ ရောက်နေပြီး ဖောင်းပြင်မြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ၆၇ စင်တီမီတာကျော်လွန်လျက်ရှိကြောင်း မြို့နယ်မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

ချင်းတွင်းမြစ်ရေသည် နောက်နှစ်ရက်အတွင်း ဖောင်းပြင်မြို့တွင် တစ်ပေခန့်၊ မော်လိုက်နှင့်မင်းကင်းမြို့များတွင် တစ်ပေခွဲခန့်စီ ဆက်လက်တက်လာနိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်ထားကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများ၌ တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ

**နေပြည်တော်  ဇူလိုင်  ၇**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဇူလိုင် ၆ ရက်က မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၃၆ စီး၊ သွင်း ကုန်အစီး ၅၇၀၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၅ စီး၊ သွင်းကုန် ၁၂၇ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၆ ရက်က မြဝတီမှ ရန်ကုန်သို့သွားရောက်မည့် ခရီးသည်တင်ယာဉ်အား မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေး ရေးအဖွဲ့က တားဆီးစစ်ဆေးခဲ့ရာ တရား ဝင်စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသော "Lactasoy" Soy Milk (125ml× 60)(40)Pkgs ၊ခန့်မှန်းတန်ဖိုးငွေကျပ် ၀ ဒသမ ၃၁၅ သန်းခန့်အား ဖမ်းဆီးခဲ့ ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# လေးမျက်နှာမြို့နယ်တွင် ဝေန်မြစ်ကမ်းပြိုမှုဖြစ်ပွား မြစ်ကမ်းဘေးရှိနေအိမ်များအား နေရာရွှေ့ပြောင်းပေး

**လေးမျက်နှာ  ဇူလိုင်  ၇**

ဟင်္သာတခရိုင် လေးမျက်နှာမြို့နယ် မဲဇလီကျေးရွာအုပ်စု မဲဇလီကျေးရွာတွင် ဇူလိုင် ၆ ရက် မွန်းလွဲ ၁ နာရီခွဲက ဝေန်မြစ်ကမ်းပြိုမှုဖြစ်ပွားခဲ့သဖြင့် နေအိမ်ခုနစ်လုံးအား ဖျက်သိမ်း၍ နေရာရွှေ့ပြောင်းပေးခဲ့ရကြောင်း သိရသည်။

အဆိုပါမြစ်ကမ်းပြိုမှုဖြစ်ပွားသည့်နေရာသို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြို့နယ်မီးသတ်တပ်ဖွဲ့တို့မှ တာဝန်ရှိသူများ သွားရောက်ကြည့်ရှုပြီး ရွှေ့ပြောင်းရေးလုပ်ငန်းများနှင့် နေအိမ်ရွှေ့ပြောင်းခဲ့ရသူများ၏ နေထိုင်စားသောက်ရေးတို့အတွက် ကူညီဆောင်ရွက်ပေးလျက်ရှိပြီး ဖြစ်စဉ်ကြောင့် လူနှင့်တိရစ္ဆာန်များ ထိခိုက်သေဆုံးမှုမရှိကြောင်း သိရသည်။

**ဇော်မင်းထွန်း (ပြန်/ဆက်)**

# 7 July အောက်မေ့ဖွယ်အခမ်းအနား ရန်ကုန်မြို့၌ ပြုလုပ်

**ရန်ကုန်  ဇူလိုင်  ၇**

၅၅ နှစ်မြောက် 7 July အောက်မေ့ဖွယ်အခမ်းအနားကို ယနေ့ ညနေပိုင်းက ရန်ကုန်တက္ကသိုလ်သမဂ္ဂရင်ပြင်၌ ပြုလုပ်သည်။

အဆိုပါအခမ်းအနားကို တက္ကသိုလ်ကျောင်းသားများသမဂ္ဂ (တကသ)အဖွဲ့က ပြုလုပ်ခြင်းဖြစ်ပြီး လှိုင်မြို့နယ်ရှိ အင်လျားကန်ပေါင်၊ တံတားဖြူ မှတ်တိုင်အနီးတွင် ညနေ ၃ နာရီခန့်က စတင်စုဝေးကာ သမဂ္ဂအလံများကိုင်ဆောင်၍ ရန်ကုန်တက္ကသိုလ်သမဂ္ဂရင်ပြင်သို့ လမ်းလျှောက်ချီတက်ကြသည်။

ထို့နောက် ရန်ကုန် တက္ကသိုလ်သမဂ္ဂရင်ပြင်ရှိ ဗိုလ်အောင်ကျော်အုတ်ဂူရှေ့တွင်အလေးပြုပြီး အောက်မေ့ဖွယ်အခမ်းအနားကို ပြုလုပ်ကြသည်။

အလားတူ နံနက်ပိုင်းတွင် ပညာရေးတက္ကသိုလ်ကျောင်းသားများသမဂ္ဂ၊ ရန်ကုန်တက္ကသိုလ်ကျောင်းသားသမဂ္ဂ၊ ဗကသများ အဖွဲ့ချုပ်၊ ဆေးတက္ကသိုလ်(၂)ကျောင်းသားသမဂ္ဂတို့ အပါအဝင် ကျောင်းသားသမဂ္ဂအဖွဲ့များနှင့် ကျောင်းသားဟောင်းကြီးများ၊ နိုင်ငံရေးအင်အားစုများကလည်း ရန်ကုန်တက္ကသိုလ်သမဂ္ဂရင်ပြင်ရှိ ဗိုလ်အောင်ကျော်အုတ်ဂူသို့ ချီတက်အလေးပြု၍ 7 July အောက်မေ့ဖွယ်အထိမ်းအမှတ်အခမ်းအနားကို ပြုလုပ်ကြကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-ဇော်ကြီး**



# တာမွေမြို့နယ်တွင် လူသတ်မှုကျူးလွန်သူကို ရန်ကုန်တိုင်းဒေသကြီးမှ ရဲတပ်ဖွဲ့ဝင်များက ၁၄ နာရီအတွင်း စစ်ဆေးဖော်ထုတ် ဖမ်းဆီး

**ရန်ကုန် ဇူလိုင် ၇**

ရန်ကုန်မြို့ တာမွေမြို့နယ်တွင် ဖြစ်ပွားခဲ့သည့် လူသတ်မှုမှ ပြစ်မှုကျူးလွန်သူအား ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့က ၁၄ နာရီအတွင်း ဖော်ထုတ်ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇူလိုင် ၆ ရက် ညနေ ၈ နာရီခန့်တွင် တာမွေမြို့နယ်နေ မ----- သည် နေအိမ်၌ ရှိနေစဉ် အစ်မဖြစ်သူ မကေကေအောင်၏ ချစ်သူဖြစ်သူ ရောက်ရှိလာပြီး အစ်မဖြစ်သူမှာ ၎င်း၏ အိမ်အောက်ထပ်မီးဖိုခန်းတွင် ဓားဒဏ်ရာများဖြင့် လဲကျနေသဖြင့် သျှင်ပါကူဆေးရုံသို့ပို့ဆောင်ပေးခဲ့ကြောင်း ပြောသဖြင့် နှစ်ယောက်အတူ ဆေးရုံသို့သွားရောက်၍ကြည့်ရှုခဲ့ကြောင်း၊ မကေကေအောင်မှာ လည်ပင်း သုံးလက်မခန့် ပြတ်ရှဒဏ်ရာ၊ ဝဲပါး တစ်လက်မခန့် ပြတ်ရှဒဏ်ရာ၊ ဝဲတံတောင်ပွန်းဒဏ်ရာများဖြင့် သေဆုံးနေသည်ကိုတွေ့ရှိရသဖြင့် တာမွေမြို့မရဲစခန်းတွင် အမှုဖွင့်ကာ ပြစ်မှုကျူးလွန်သူအား ဖမ်းဆီးရမိရေး ရဲတပ်ဖွဲ့ဝင်များက စုံစမ်းဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။



ပြစ်မှုကျူးလွန်သူ သက်မှူးခင်(ခ) သက်နှင်းအေး

အမှုဖြစ်စဉ်နှင့်စပ်လျဉ်း၍ မေးမြန်းစစ်ဆေးချက်များအရ ၎င်းနေအိမ်တွင် နေထိုင်သူ မရွှန်းလဲ့ဝေ(ခ) ရကောက်က မကေကေအောင်သည် ညနေ ၆နာရီကျော် ခန့်တွင် ၎င်းနေထိုင်မကောင်းသဖြင့် စားစရာများနှင့်အတူ နေအိမ်သို့ရောက်ရှိလာကြောင်း၊ ထို့နောက် နေအိမ်အပေါ်ထပ်တွင် စကားပြောဆိုပြီး အောက်ထပ်သို့ဆင်းသွားခဲ့ကြောင်း၊ ခဏအကြာ ၎င်းမှ နေအိမ် ဝရန်တာမှနေ၍ အောက်သို့ကြည့်ရာ မကေကေအောင်၏ မော်တော်ယာဉ်မှာ နေအိမ်ရှေ့တွင်ရှိနေသည်ကို တွေ့ရသဖြင့် နေအိမ်အောက်ထပ်သို့ ဆင်းကြည့်ရာ မကေကေအောင်မှာ မီးဖိုခန်းအတွင်း သွေးအိုင်ထဲတွင် မှောက်လျက်အနေအထားဖြင့် လဲကျနေသည်ကိုတွေ့ရှိရကြောင်း၊ အခင်းဖြစ်နေရာအနီးတွင် သက်မှူးခင်(ခ) သက်နှင်းအေးအားတွေ့ရှိရကြောင်း စစ်ဆေးသိရသည်။

သို့ဖြစ်၍ သက်မှူးခင်(ခ) သက်နှင်းအေးအား ဆက်လက် စစ်ဆေးရာ ၎င်းသည် သေဆုံးသူ မကေကေအောင်၏ မောင်အရင်းဖြစ်သူနှင့် ချစ်ကြိုက်နေသည့်အတွက် ၎င်းတို့ချစ်ခြင်းကိုမခွဲရန် မကေကေအောင်အား ပြောဆိုခဲ့ကြောင်း၊ ယင်းသို့ပြောဆိုစဉ် လက်မခံသဖြင့် စကားအခြေအတင်များခဲ့ကြကြောင်း၊ ထို့နောက် မကေကေအောင်က မီးဖိုချောင် အတွင်းမှလှည့်အထွက်တွင် ၎င်းမှ နောက်မှသိုင်းဖက်ကာ အနီးရှိ ဟင်းရွက်လှီးဓားဖြင့် ထိုးခဲ့ခြင်းဖြစ်ကြောင်းနှင့် ထို့နောက် ဓားအား မီးဖိုချောင်အခန်းထောင့်တွင် လွှတ်ပစ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

စစ်ဆေး ပေါ်ပေါက်ချက်အရ သက်မှူးခင်(ခ)သက်နှင်းအေး (၂၁နှစ်)အား ဖြောင့်ချက်ရယူပြီး ဆက်လက်စစ်ဆေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# တမလန်းသစ်သယ်ဆောင်ယာဉ်နှင့် ပိုင်ရှင် ဖမ်းမိ

**ထီးချိုင့် ဇူလိုင် ၇**

တာဝန်သိသူတစ်ဦး၏သတင်းပေးချက်အရ ထီးချိုင့်မြို့နယ် ဧရာဝတီမြစ်ဖြတ်ကူးတံတားအဆင်းရှိ ကြက်သွန်ခင်းကျေးရွာ၌ ဇူလိုင် ၇ ရက်က တမလန်းသစ်တင်ဆောင်လာသော မော်တော်ယာဉ်တစ်စီးနှင့် သစ်ပိုင်ရှင်ကို ပူးတွဲဖမ်းဆီးရမိကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

ထီးချိုင့်မြို့နယ်သစ်တောဦးစီးအရာရှိ ဦးစိုးမင်းအောင်၊ ဦးလှမြင့်နှင့်ပူးပေါင်းအဖွဲ့သည် ထီးချိုင့်မြို့နယ် ဧရာဝတီမြစ်ကိုဖြတ်သန်းထားသော တံတားပေါ်မှ ကြက်သွန်ခင်းရွာဘက်သို့ အဆင်းတွင် အဖြူရောင် ပါဂျဲရိုးယာဉ်တစ်စီးအား စစ်ဆေးရာမှ တားဆီးတမလန်းသစ်ခါးရွေးတုံး ၁၀တုံး (၀ ဒသမ ၅၃၀၂)တန်ကိုတွေ့ရှိသဖြင့် သိမ်းဆည်းပြီး ယာဉ်မောင်း သစ်ပိုင်ရှင် ကျော်ဇေယျာ ချမ်းမြသာယာရပ် ပြည်ကြီးတံခွန်မြို့နယ် မန္တလေးတိုင်းဒေသကြီးနေထိုင်သူအား အမှုဖွင့်အရေးယူနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ငွေအိုး (ကသာ)**

# သပိတ်ကျင်းတွင် တောဆင်ရိုင်းနင်းသတ်၍ အမျိုးသားတစ်ဦးသေဆုံး

**သပိတ်ကျင်း ဇူလိုင် ၇**

တောအတွင်း မီးသွေးဖုတ်ရန်အတွက် ဖိုကျင်းတူးနေသည့် အမျိုးသားတစ်ဦးအား တောဆင်ရိုင်းတစ်ကောင်က နင်းသတ်မှု ဇူလိုင် ၆ ရက်က ဖြစ်ပွားခဲ့ကြောင်း သိရသည်။

မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ် ငွေးပင်မော်ကျေးရွာအုပ်စု ခလမ်းကျစ်ရပ်ကွက် အရှေ့ဘက်နှစ်မိုင်ခန့်အကွာ ဘူးတောင်တောအတွင်း ခလမ်းကျစ်ကွက်ရပ်နေ ဦးသန်းဆွေ (၅၆နှစ်)သည် အဖော်နှစ်ဦးနှင့်အတူ နံနက် ၇ နာရီခန့်က တောထဲထွက်သွားခဲ့ပြီး မီးသွေးဖုတ်ရန်အတွက် ဖိုကျင်းတူးနေစဉ် တောဆင်ရိုင်းတစ်ကောင်ရောက်ရှိလာသဖြင့် ၎င်းတို့ သုံးဦးထွက်ပြေးကြရာ ဦးသန်းဆွေမှာ နွယ်ကြိုးဖြင့် ခလုတ်တိုက်မှောက်လျက်လဲစဉ် တောဆင်ရိုင်းက နင်းသတ်ခဲ့သောကြောင့် ဒဏ်ရာများရရှိ၍ အခင်းဖြစ်နေရာ၌ သေဆုံးခဲ့ကာ ကျန်နှစ်ဦးမှာ လွတ်မြောက်သွားခဲ့သည်။ ဇွန် ၈ ရက်ကလည်း အမျိုးသမီးတစ်ဦး အဖော်များနှင့် တောထဲထင်းခုတ်သွားစဉ် တောဆင်ရိုင်းနင်းသတ်၍ သေဆုံးမှုဖြစ်ပွားခဲ့သည်။

**စိုးနိုင်ဝင်း ( သပိတ်ကျင်း )**

# YBS ယာဉ်နှစ်စီးတိုက်၊ ကိုးဦးသေဆုံး၊ ၃၂ ဦးဒဏ်ရာရရှိ

**ရန်ကုန် ဇူလိုင် ၇**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ပျဉ်းမပင်ကျေးရွာအုပ်စု ရွှေညောင်ပင်ဘိုးဘိုးကြီး နတ်နန်းဟောင်းရှေ့တွင် ဇူလိုင် ၇ ရက် မွန်းလွဲ ၁ နာရီ မိနစ် ၄၀ က YBS(37) နှင့် YBS(55)တို့ပြင်းထန်စွာတိုက်မိရာ ကိုးဦးသေဆုံးပြီး ၃၂ ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။



ယာဉ်တိုက်မှုကြောင့် အခင်းဖြစ်နေရာတွင် သုံးဦးသေဆုံးပြီး ဆေးရုံတွင် ခြောက်ဦး ထပ်မံသေဆုံးခြင်းဖြစ်သည်။ ယာဉ်နှစ်စီးမှ ဒဏ်ရာရရှိသည့် လူနာများကို မြောက်ဥက္ကလာပမေဓာဝီဆေးရုံသို့ ပို့ဆောင်ကာ ပုလဲမီးသတ်၊ ထောက်ကြံ့မီးသတ်နှင့် အင်းစိန်မီးသတ်တို့က ရှာဖွေရေးယာဉ်၊ လူနာတင်ယာဉ်တို့ဖြင့် ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ခဲ့သည်။

YBS(37)ယာဉ်အား YBS(55)ယာဉ်က အရှိန်လွန်ကာတိုက်မိခြင်းခြင်းဖြစ်ပြီး မျက်မြင်တစ်ဦးက "ဘီးပေါက်တာလား။ အရှိန်လွန်သွားတာလားမသိဘူး၊ (၅၅)က (၃၇)ယာဉ်ကို ဝင်တိုက်တာ။ လူတွေအများကြီးဒဏ်ရာရတယ်။ ကျွန်တော်တို့နားမှာတင်ဖြစ်သွားတာ"ဟုပြောသည်။

အခင်းဖြစ်ပွားရာတွင် YBS(37)ယာဉ်မှအမျိုးသမီးတစ်ဦး၊ အမျိုးသားတစ်ဦးသေဆုံးပြီး YBS(55)ယာဉ်လိုင်းမှအမျိုးသမီးတစ်ဦးသေဆုံးကာ ဆေးရုံတွင် ခြောက်ဦးထပ်မံသေဆုံးခြင်းဖြစ်ကာ ကျန်လူနာများကို ဆေးရုံတွင် အတွင်းလူနာအဖြစ် တင်ထားကြောင်း ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။ **(၁၆၄)**


## အိတ်ဖွင့်လေလံတင်ဒါခေါ်ယူခြင်း

၂၀၁၇-၂၀၁၈ဘဏ္ဍာနှစ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေ ငွေလုံးငွေရင်း အသုံးစရိတ်ဖြင့် အမှတ်(၃)ရပ်ကွက်၊ မြို့မကျေးရွာအုပ်စု ကွင်း-၁၁ ကြံခင်းစုကွက် ဦးပိုင်အမှတ်(၂၅) မြဝတီမြို့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန မြဝတီခရိုင်ရုံး (၂)ထပ်ရုံး (၃၀ပေ-၀လက်မ× ၈၄ပေ-၀လက်မ) ပေ RC (၁)လုံး အဆောက်အအုံ(၁)လုံး ဆောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်သွားမည် ဖြစ်ပါသဖြင့် အိတ်ဖွင့်လေလံတင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) **အိတ်ဖွင့်လေလံတင်ဒါပုံစံ ရောင်းချမည့်ရက်** - ၇-၇-၂၀၁၇ရက်မှ ၆-၈-၂၀၁၇ရက်အထိ ရုံးချိန်အတွင်း

(ခ) **အိတ်ဖွင့်လေလံတင်ဒါ အာမခံတင်သွင်းရမည့် ရက်/အချိန်** - ၉-၉-၂၀၁၇ ရက် မွန်းတည့် ၁၂နာရီ

(ဂ) **တင်ဒါလျှောက်လွှာ ဝယ်ယူရမည့်နေရာ** - လှာကမြင်ကွက်သစ်၊ မဲဘောင်နောင်ပလိမ်လမ်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန

**ဖုန်း-၀၅၈-၈၉၀၄၀၀၈၊ ၀၅၈-၈၉၀၄၀၁၃၊ ၀၅၈-၈၉၀၄၀၁၈**



## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## ဗဟိုအမျိုးသမီးဆေးရုံကြီး၊ ရန်ကုန်မြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ကုသရေးဦးစီးဌာန၊ ဗဟိုအမျိုးသမီးဆေးရုံကြီး(ရန်ကုန်)တွင် လူနာများအား ကုသပေးရန် လိုအပ်သော အသိအမှတ်ပြုဆေးဝါးနှင့် ဓာတ်ခွဲ/ဓာတ်မှန်သုံးဆေးဝါးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ လိုင်စင်ရဆေးကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

**ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၇-၇-၂၀၁၇ရက်

**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၆-၈-၂၀၁၇ရက် ညနေ ၄:၀၀နာရီ

တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ဆေးဝါးများစာရင်း အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အောက်ပါလိပ်စာအတိုင်း ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**ဗဟိုအမျိုးသမီးဆေးရုံကြီး(ရန်ကုန်)၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၁-၂၂၂၈၁၁**



## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## ဆေးသုတေသနဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ဆေးသုတေသနဦးစီးဌာနသည် ၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ရေးနှင့် ဖြည့်စွက်လုပ်ငန်းများ (မြို့ပြ/ရေသန့်)ကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် လုပ်ကိုင်ဆောင်ရွက်ရန်ရှိပါ၍ မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါတင်သွင်းလွှာများကို အောက်ပါအတိုင်းရောင်းချပေးမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက ဖုန်း -၀၁-၃၈၀၁၂၈၊ ၀၉-၅၁၃၆၇၁၀နှင့် ၀၉-၅၁၃၆၇၀၂သို့ ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

(က) **ရောင်းချမည့်ရက်** - ၁၂-၆-၂၀၁၇ရက်

(ခ) **တင်ဒါပိတ်မည့်ရက်၊အချိန်** - ၁၄-၇-၂၀၁၇ရက် မွန်းတည့် ၁၂:၀၀နာရီ

(ဂ) **ရောင်းချမည့်နေရာ** - ဆေးသုတေသနဦးစီးဌာန အမှတ် ၅၊ ဇီဝကလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့

**တင်ဒါစိစစ်ရွေးချယ်ရေးနှင့်လုပ်ငန်းကြီးကြပ်စစ်ဆေးရေးအဖွဲ့**



## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၁၆၊ မြေကွက်အမှတ် ၁၇၈၊ မြေကွက်တည်နေရာ ၁၇၈၊ ပြည်ထောင်စုပတ်လမ်း၊ ၃ ရပ်ကွက်၊ ရွှေပြည်သာ ဦးထွေးမြင့် ၁၂/မရက(နိုင်)၀၁၉၄၄၇ အမည်ပေါက် ပါမစ်မြေအား အမည်ပေါက်ဦးထွေးမြင့်၁၂/မရက(နိုင်)၀၁၉၄၄၇ထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ကြည်ကြည်ဝင်း ၁၂/ရကန(နိုင်)၀၂၀၄၇၅မှ ပါမစ်မူရင်းပျောက်ဆုံးကြောင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရဲစခန်းထောက်ခံချက်၊ တရားရုံးကျမ်းကျိန်လွှာ၊ ကိုယ်တိုင်ကတိဝန်ခံချက်တို့တင်ပြ၍ပါမစ်ပျောက်ဖြင့် နှစ်၆၀မြေငှားစာချုပ်ဂရန်လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ**



## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ယ/၁၂၉၇၇ Honda C90 Custom M/C ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းဝင်းဇော် ၉/အမဇ(နိုင်)၀၀၄၀၈၀၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**



Invitation to Bid-Frame Work Agreement

The Danish Refugee Council (DRC) has received grants from various donors for the implementation of humanitarian aid in Myanmar.

DRC is seeking new vendors and requests you to submit price bids for t he supply of:

ITB-MM-YGN-2017-02-Supply-Frame Work Agreement -12 months'

supply of Computer, IT and Communication Equipment

ITB Issuing Date : 9-7-2017

ITB Closure Date : 22-7-2017-16:00

For more information on how to obtain the full tender

**package, Please contact**
**Khin Maung Soe**
**khinmaung.soe@drcmm.org**
**09-400055803**



## အမည်ပြောင်း

ရှမ်းပြည်နယ်၊ သိန္နီမြို့၊ ကောင်းဟော်ကျေးရွာအုပ်စု ကောင်းလောက်စောက်ရွာနေ ဦးဇော်ဝင်းအောင်၏သမီး ပြင်ဦးလွင်မြို့ စာပန်းအိမ် ကိုယ်ပိုင်ကျောင်း နဝမတန်းမှ မဒီသန့်သန့်ဖူး ၁၃/သနန(နိုင်)၀၅၈၈၈၅အား နန်းသီသန့်သန့်ဖူးဟု ပြောင်းလဲခေါ်ဆိုပါရန်။



## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့ (အထက-၃)တက္ကသိုလ်ဝင်တန်းမှ မောင်ချစ်ဖြိုးဦး၏ ဖခင်အမည်မှန်မှာ ဦးဆန်း ၇/တငန(နိုင်)၁၁၃၇၀၈ဖြစ်ပါကြောင်း။ **ဦးဆန်း**



## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄ခ/၇၁၇၈ ယာဉ်လက်ဝယ်ရှိသူ လက်နက်နှင့်ငြိမ်းချမ်းရေး လဲလှယ်သည့်အဖွဲ့၊ သံတောင်မြောက်ပိုင်းက (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (တောင်ငူ)**



## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7E/6592 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**



## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3E/9499၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**



## ပျောက်ဆုံးကြောင်း

ကျွန်တော်များ U Ba Maung Business Group Services Co., Ltd. ပိုင်ယာဉ် BB/8922 Nissan AD Van ၏ ကုမ္ပဏီလက်ခံ ID No.721562(28-5-2013) စာရွက်စာတမ်းမူရင်းမှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါကအကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၅၁၄၃၈၀၅**



## ပျောက်ဆုံးကြောင်း

ကျွန်တော်တို့ J.P.Z Trading Co.,Ltd. ကုမ္ပဏီပါမစ်အမှတ် ILV 17-18A 2839 (6-5-2017) ပါမစ်သည် ၂၅-၆-၂၀၁၇ရက်တွင် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၆၈၂၉၉၉၁၅၊ ၀၉-၉၆၇၅၇၆၇၁၉**

# (၉) ကြိမ်မြောက် အာဆီယံကျောင်းများ အားကစားပြိုင်ပွဲသို့ မြန်မာကျောင်းသား ကျောင်းသူများ ပထမအကြိမ် ဝင်ရောက်ယှဉ်ပြိုင်မည်

**ရန်ကုန် ဇူလိုင် ၇**

စင်ကာပူနိုင်ငံ၌ ဇူလိုင် ၁၃ ရက်မှ ၂၀ ရက်အထိ ကျင်းပမည့် 9th ASEAN Schools Games ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ အားကစားနည်း ခုနစ်မျိုး ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲကို မြန်မာနိုင်ငံမှ ပထမဆုံးအကြိမ်အဖြစ် ရေကူး၊ ပြေးခုန်ပစ်၊ စားပွဲတင်တင်းနစ်၊ ကြက်တောင်၊ ပိုက်ကျော်ခြင်း၊ တင်းနစ်၊ ကျွမ်းဘားတို့ ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

ယင်းပြိုင်ပွဲတွင် မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ်များမှ ပညာသင်ကြားနေသည့် အားကစားသမားများ၊ အခြေခံပညာကျောင်းများမှ ထူးချွန်သည့် အားကစားသမားများ ရွေးချယ်ကာ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့အားကစားအဖွဲ့ချုပ်ရယ် အား/ကာသိပ္ပံ(ရန်ကုန်)နဲ့ အခြေခံပညာကျောင်းက ကျောင်းသားကျောင်းသူတွေကို သုံးဖွဲ့ခွဲပြီး လူရွေးပွဲပြုလုပ်တာ ဖြစ်ပါတယ်။ ထူးချွန်တဲ့ကစားသမား အမျိုးသား၊ အမျိုးသမီး လေးဦးစီ ရွေးချယ်သွားမှာဖြစ်ပါတယ်။ ပြိုင်ပွဲမှာ ကစားနည်းခုနစ်မျိုးဝင်ရောက်ယှဉ်ပြိုင်သွားမှာ ဖြစ်ပါတယ်"ဟု မြန်မာနိုင်ငံစားပွဲတင်တင်းနစ်အဖွဲ့ချုပ်အတွင်းရေးမှူး ဦးအောင်ခိုင်က ပြောသည်။

(၉)ကြိမ်မြောက် အာဆီယံကျောင်းများ အားကစားပြိုင်ပွဲတွင် မြန်မာအပါအဝင်အာဆီယံ ၁၀ နိုင်ငံမှ ကျောင်းသား ကျောင်းသူများ ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

**တင်စိုး(မြန်မာ့အလင်း)**



# တောင်ငူခရိုင် အသက် ၁၈ နှစ်အောက် ဘောလုံးပြိုင်ပွဲဗိုလ်လု

**တောင်ငူ ဇူလိုင် ၇**

တောင်ငူခရိုင်အုပ်ချုပ်ရေးမှူးဖလား တောင်ငူခရိုင် အသက်(၁၈ နှစ်)အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို တောင်ငူမြို့အားကစားကွင်း၌ ဇူလိုင် ၅ ရက် ညနေ ၃ နာရီခွဲက ကျင်းပသည်။ အဆိုပါ ဘောလုံးပြိုင်ပွဲကို ဇွန် ၂၅ ရက်မှစ၍ ခြောက်သင်း ပတ်လည်ကစားရာမှ ဗိုလ်လုပွဲသို့ တောင်ငူမြို့နယ်ကိုယ်စားပြု ဘောလုံးအသင်းနှင့် အုတ်တွင်းမြို့နယ်ကိုယ်စားပြု ဘောလုံး အသင်းတို့ တက်ရောက်ခဲ့သည်။ ဗိုလ်လုပွဲတွင် တောင်ငူမြို့နယ် ဘောလုံးအသင်းမှ အုတ်တွင်းမြို့နယ်ဘောလုံးအသင်းကို ဒုတိယပိုင်း ၈၃ မိနစ်တွင် ပြစ်ဒဏ်ဘောမှတစ်ဆင့် အနိုင်ဂိုးသွင်းယူပြီး ပထမဆုဖလားကြီးကို ရရှိခဲ့သည်။ ဆုပေးပွဲတွင် ပွဲစဉ်တစ်လျှောက် အကောင်းဆုံးကစားသမားဆုရ ရှိသူများကို တာဝန်ရှိသူများက ချီးမြှင့်ခဲ့သည်။ ယင်းနောက် ပထမရရှိသည့် တောင်ငူမြို့နယ်အသင်းကို တောင်ငူခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးညီညီက ငွေသားဆုနှင့် တံခွန်စိုက်ဆုဖလားကို ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **သူရ(တောင်ငူ)**

## အားကစားမြင့်တင် စိတ်လန်းရှင် ဆန့်ကျင်မူးယစ်ဆေး



သထုံမြို့နယ် ပေါ်တော်မူကျေးရွာ ကျောက်လုံးကြီး ဘုန်းတော်ကြီးသင်ပညာရေးကျောင်းမှ ကျောင်းသားကျောင်းသူများအား ဇူလိုင် ၇ ရက်က မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ဦးစီးမှူး ဦးဝင်းကိုစိုးနှင့် ဝန်ထမ်းများက NRC အဖွဲ့နှင့် ပူးပေါင်းကာ နိုင်ငံသားစိစစ်ရေးကတ်ပြား ကွင်းဆင်းပြုလုပ်ပေးစဉ် နန္ဒကျော်စွာ

## နိုင်ငံတကာဘောလုံးလောက သတင်းတိုများ

- ❖ ချယ်လ်ဆီးအသင်းနည်းပြ ကွန်တီသည် ယခုနွေရာသီအပြောင်းအရွှေ့ကာလတွင် ကစားသမားဝယ်ယူရေးနှင့်ပတ်သက်ပြီး နှောင့်နှေးကြန့်ကြာနေမှုကို စိတ်ပျက်လျက်ရှိနေပြီး စတန်းဖို့ဒ်ဘရစ်နှင့် ၎င်း၏ အနာဂတ်သည်လည်း သံသယဖြစ်စရာ အနေအထားတစ်ရပ်သို့ ရောက်ရှိလာကြောင်း သိရသည်။
- ❖ ဘယ်လ်ဂျီယံလက်ရွေးစင်ကစားသမားလူကာကူသည် မော်ရင်ဟို၏ မန်ချက်စတာယူနိုက်တက်အသင်းနှင့်အတူ တစ်ပတ်လုပ်ခ ပေါင်နှစ်သိန်းခွဲဖြင့် ရေရှည်စာချုပ်ရန် သဘောတူညီခဲ့ကြောင်း သိရသည်။
- ❖ ပြင်သစ်ကလပ် မာဆေးလ်အသင်းသည် အာဆင်နယ်အသင်းက စံချိန်တင်ပြောင်းရွှေ့ကြေးဖြင့် လိုင်ယွန်အသင်းထံမှ လာကာဇက်တီကို အပြီးသတ်ခေါ်ယူပြီးနောက် တိုက်စစ်မှူး ဂျရူးကို ပေါင် ၂၄ ဒသမ ၇ သန်းဖြင့် ခေါ်ယူရန် ရေပန်းစားနေသည်။
- ❖ လက်စတာစီးတီးအသင်းသည် ဆီဗီလာအသင်းခေါင်းဆောင် ဗင်ဆင်တီ အီဘော်ရာကို လေးနှစ်စာချုပ်ချုပ်ဆိုလိုက်ပြီဖြစ်ကြောင်း သိရသည်။ ပေါင် ၁၂ ဒသမ ၅ သန်းဝန်းကျင်ဖြင့် ခေါ်ယူခဲ့သော အီဘော်ရာ (၂၉ နှစ်) သည် ၂၀၁၃ ခုနှစ်တွင် စပိန်ကလပ် လီဗန်တေးအသင်းမှ ဆီဗီလာအသင်းသို့ ရောက်ရှိလာခဲ့သည်။ ၎င်းသည် ဆီဗီလာအသင်းအတွက် ပြိုင်ပွဲအရပ်ရပ် ၁၇၂ ပွဲ ကစားထားရာ ဂိုး ၃၀ သွင်းယူပေးထားပြီး ယူရိုပါလိဂ်ဖလားကို သုံးကြိမ်ကိုင်မြှောက်ခွင့်ရရှိထားသူ ဖြစ်သည်။
- ❖ စတုတ်စီးတီးအသင်းသည် မန်စီးတီးကွင်းလယ်ကစားသမား ဖေဘီယန်ဒဲလ်ကို အငှားဖြင့်ခေါ်ယူစာချုပ်ရန် ဆွေးနွေးလျက်ရှိကြောင်း သိရသည်။
- ❖ ကာဆီးလက်စ်သည် ပေါ်တူဂီကလပ် ပေါ်တိုအသင်းနှင့် နောက်ထပ်တစ်ရာသီ သက်တမ်းတိုးလိုက်ကြောင်း သိရသည်။ ရီးရဲမက်ဒရစ်ဂိုးသမားဟောင်း ကာဆီးလက်စ်သည် ပေါ်တိုအသင်းနှင့် စာချုပ်ကုန်ဆုံးခဲ့သော်လည်း ဇွန် ၆ ရက်တွင် ၎င်း၏စာချုပ်သစ်တစ်ရပ်နှင့်ပတ်သက်ပြီး ထုတ်ပြန်ကြေညာခဲ့သည်။

**ဇော်ဇော်**




## ရသေ့တောင်မြို့နယ်အသင်း(ရန်ကုန်) ဝါဆိုသင်္ကန်းကပ်အလှူမင်္ဂလာဖိတ်ကြားခြင်း

၁။ ရန်ကုန်မြို့၊ ဧရိယာအတွင်းကျောင်းထိုင်သီတင်းသုံးပြီး ဝါဆို၊ ဝါကပ်လျက်ရှိကြသော ရသေ့တောင်မြို့နယ်ဖွား အလိုတော်ပြည့် ဆရာတော်အမှူးရှိသော ကျောင်းထိုင် သံဃာတော် (၃၄)ပါးတို့အား ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းမည်ဖြစ်ပြီး ၂၀၁၆-၂၀၁၇ခုနှစ်၊ အခြေခံပညာအ ထက်တန်းစာမေးပွဲ၌ ထူးချွန်ဂုဏ်ထူးရအသင်းသားများ၏သားသမီးများကို ဂုဏ်ပြုချီးမြှင့်မည် ဖြစ်ပါသည်။

၂။ အခမ်းအနားကို ၂၀၁၇ခုနှစ်၊ ဇူလိုင် ၂၂ရက် မွန်းလွဲ ၂နာရီတွင် တာမွေမြို့နယ် အလိုတော်ပြည့်ကျောင်းတိုက်၌ ပြုလုပ်ပါမည်။ အသင်းသူ အသင်းသားများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကုသိုလ်ယူချီးမြှင့်ကြပါရန်နှင့် ဂုဏ်ထူးရကျောင်းသားကျောင်းသူများအား ၂၀၁၇ခုနှစ် ဇူလိုင် ၁၅ရက် အရောက် နောက်ဆုံးထား၍ စာရင်းပေးပို့ကြပါရန် နှိုးဆော်အပ်ပါသည်။

၃။ အလှူငွေများထည့်ဝင်လိုပါက အောက်ပါပုဂ္ဂိုလ်များနှင့် ဆက်သွယ်ပါရန်-

| | | |
|---|---|---|
| (က) | ဦးစံလှမောင် ဥက္ကဋ္ဌ | ဖုန်း-၀၉-၂၆၁၂၇၈၂၂၉ |
| (ခ) | ဦးရဲမြင့် ဒုဥက္ကဋ္ဌ | ဖုန်း-၀၉-၄၅၀၅၇၀၄၂၇ |
| (ဂ) | ဦးမောင်စောခင် ဒုဥက္ကဋ္ဌ | ဖုန်း-၀၉-၅၀၆၅၉၇၅ |

**အမှုဆောင်အဖွဲ့**

**ဖခင်အမည်မှန်**

မန္တလေးမြို့၊ အထက(၃၁)၊ အဌမတန်းမှ မအိသူဇာနှင့် မဖြိုးသူဇာ ၈/ရနခ(နိုင်)၁၄၇၈၇၆ တို့၏ ဖခင်အမည်မှန်မှာ ဦးဝင်းဌေးဦး ၈/ရနခ(နိုင်)၀၉၀၄၉၈ ဖြစ်ပါကြောင်း။ **ဦးဝင်းဌေးဦး**

## တစ်ချက်တည်းကျင်းဝင်

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ Northern Star ဂေါက်ကွင်းတွင် ၅-၇-၂၀၁၇ရက် ညနေ ၅နာရီက ဂေါက်ရိုက်သမားများဖြစ်ကြသော ဦးဇော်ထွန်း၊ ဦးဇင်မင်း၊ ဦးမျိုးသန့်ဇင်တို့နှင့် ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးနိုင်တို့ ဂေါက်ရိုက်ကစားရာ ဦးစိုးနိုင်သည် (၁၃၅)အကွာ ကျင်းအမှတ်(၁၅)သို့ IRON 9, HONMA ဂေါက်ရိုက်တံဖြင့် SRIX ON.1 ဘောလုံးအားရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းထဲသို့ ဝင်သွားခဲ့ပါသည်။

**ဖခင်အမည်မှန်**

အထက(၂)ဒဂုံတောင်၊ တက္ကသိုလ်ဝင်တန်း(စီ)မှ မအေးချမ်းမြ၏ ဖခင်အမည်မှန်မှာ ဦးသန်းထိုက်အောင် ၈/ပခက(နိုင်)၁၅၉၁၅၈ ဖြစ်ပါသည်။

**ဖခင်အမည်မှန်**

မြောင်းမြမြို့ အ.ထ.က(၄)၊ စတုတ္ထတန်း(က)မှ နော်ဂျင်းနီဇဲဒါ၏ ဖခင်အမည်မှန်မှာ ဦးစောဇဲဒါ ၁၄/မမန(နိုင်)၁၆၇၃၂၁ ဖြစ်ပါသည်။ ဦးစောဇဲဒါ

**ဖခင်အမည်မှန်**

မွားထိုးကြီးမြို့၊ စည်သာကျေးရွာ အုပ်စု ဖောင်ချဉ်း အလက(ခွဲ)အဌမတန်းမှ မခင်မြတ်နိုးစံ၏ ဖခင်အမည်မှန်မှာ ဦးအောင်နိုင်မိုးဖြစ်ပါကြောင်း။ ဦးအောင်နိုင်မိုး ၉/နထက(နိုင်)၁၂၁၆၈၅

**အမည်မှန်**

ဦးညွန့်သန်း၏ သမီး ရန်ကုန်မြို့၊ F.I.S.C ကျောင်း Grade V မှ မခင်မြင့်မိုရ်ထွန်း(ခ)မဟန်နွယ်ကျော်၏ အမည်မှန်မှာ မဟန်နွယ်ကျော် ဖြစ်ပါကြောင်း။ **မဟန်နွယ်ကျော်**

## ဝန်ထမ်းအလိုရှိသည်

ကွန်ကရစ်မိုလုပ်ငန်း၊ ကွန်ကရစ်(Pre Cast)လုပ်ငန်း၊ ကွန်ကရစ်လုပ်ငန်းနှင့် ပတ်သက်သော ကျွမ်းကျင်ပညာရှင်များ အလိုရှိသည်။ လစာကောင်းကောင်းပေးမည်။ လူလွတ်များနှင့် အိမ်ထောင်သည်များ နေထိုင်ရေး စီစဉ်ပေးမည်။ **(မှတ်ချက်။ ။ အမှန်တကယ် အလုပ်လုပ်လိုသူများသာ လျှောက်ရန်)**

**ဖုန်း- 09-5178979, 09-43022828, 09-782490806**

## ကန့်ကွက်နိုင်ပါကြောင်း

စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၈/စီ)၊ မြေကွက်အမှတ် (၈၀၀)၊ မြေကွက် တည်နေရာအမှတ် (၄၇)၊ ဝေဠုဝန်လမ်းကျယ်၊ ဝေဠုဝန်တောင်ရပ်ကွက်(ကိုစိန်ဟန်-အေအေ-၀၆၀၄၆၄)အမည်ပေါက် ဂရန်ရှိမြေပိုင်မြေအား ကိုစိန်ဟန်သည် ၁၉-၉-၂၀၀၃ ရက်တွင် ကွယ်လွန်သဖြင့် ဒေါ်မြင့်မြင့်ချို ၁၂/စခန(နိုင်)၀၁၈၉၁၂ မှ တစ်ဦးတည်းသော တရားဝင်ဇနီးတော်စပ်ကြောင်း ၅-၆-၂၀၁၇ရက်စွဲပါ ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ၊ သေစာရင်း၊ အိမ်ထောင်စုလူဦးရေစာရင်း၊ အမည်ပေါက်စာချုပ်တို့ ပိုင်ဆိုင်ကြောင်း မြေပုံကူးတင်ပြ၍ လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**ဖခင်အမည်မှန်**

မိတ္ထီလာမြို့၊ အထက(၄) တက္ကသိုလ် ဝင်တန်း(F)မှ မအေးအေးမွန်၏ ဖခင်အမည်မှန်မှာ ဦးသောင်းတင်ဌေး ၉/မထလ(နိုင်)၁၄၅၅၉၃ ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ပါကြောင်း

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်၊ အမှတ်၂၇၊ သမိုင်း၊ မြေကွက်အမှတ် ( ၄/င၁၀ / N1 )၊ ဧရိယာ ၀ ဒသမ ၁၃၁ ဧက နှစ်(၆၀) မြေငှားစာချုပ်အမည်ပေါက်မှာ ဦးဦးဦးထွန်း+၁ ဖြစ်ပါသည်။ အဆိုပါ မြေကွက်အား အရောင်းအဝယ် မှတ်ပုံတင်စာချုပ် (၁၇၃၆/၂၀၁၇)၊ရက်စွဲ(၁၉-၆- ၁၇) တင်ပြ၍ ဦးရမ်း ၉/မကန(နိုင်)၀၆၃၅၀၅ အမည်သို့ ပြောင်းလဲခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက အထောက်အထား (မူရင်း) အပြည့်အစုံတင်ပြ၍ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြေတိုင်းနှင့်မြေစာရင်းမှတ်တမ်းဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

# ကုန်ပိုတန်ပို တင်ဆောင်မှုကြောင့် လမ်း-တံတားများ ကျိုးပဲ့ပျက်စီး ဆုံးရှုံးမှုအန္တရာယ်

**ရဲရဲ (ပျဉ်းမနား)**

အဝေးပြေးလမ်းမကြီးတစ်လျှောက်တွင်ရှိသည့် မြစ်ကူး၊ ချောင်းကူးတံတားများသည် ကွန်ကရစ်တိုင်၊ သံပေါင်များဖြင့် အခိုင်အမာဆောက်လုပ်ထားသော တံတားများရှိသလို တချို့နေရာများတွင် သစ်သားဘေလီတံတားများ ဆောက်လုပ်ထားသည်ကို တွေ့ရသည်။ ဖောက်လုပ်ထားသောလမ်းများကို ကြည့်မည်ဆိုပါက ကွန်ကရစ်လမ်း၊ ကတ္တရာလမ်း၊ အဆင့်မြင့်အမာခံလမ်း၊ ကျောက်လမ်း၊ မြေလမ်းများကို တွေ့ရသည်။

**သတ်မှတ်ခံနိုင်ဝန်**

တံတားအမျိုးအစားနှင့် လမ်းအမျိုးအစားပေါ်မူတည်၍ ခံနိုင်ဝန်များမှာလည်း ကွာခြားလျက်ရှိသည်။ ကတ္တရာလမ်းနှင့် ကွန်ကရစ်လမ်းများအနေဖြင့် တန် ၃၀ နှင့်အထက် ခံနိုင်ဝန်ရှိသော်လည်း ကျောက်တစ်လွှာ၊ နှစ်လွှာအဆင့်လမ်းများမှာ တန် ၂၀ ခန့်သာ ခံနိုင်ဝန်ရှိကြောင်း၊ အဆင့်မြင့်တင်နေဆဲဖြစ်သည့် အမာခံလမ်းနှင့် မြေလမ်းအပြင် သစ်သားဘေလီတံတားများမှာ ၁၃ တန်နှင့် ၁၅ တန်မျှသာ ခံနိုင်ဝန်ရှိကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာနမှ လမ်းအင်ဂျင်နီယာမှူးကြီးက ပြောသည်။ တောင်ပေါ်ဒေသများ၌ ဆောက်လုပ်ထားသောလမ်းများမှာ တောင်ပြိုမှုများကြောင့် လမ်းပိတ်ဆို့မှုများ၊ မိုးများမှုဒဏ်ကြောင့် လမ်းပျက်စီးမှုများ ကြုံတွေ့ရသည့်အပြင် ကုန်ပိုတန်ပိုတင်ထားသည့် တချို့ကုန်တင်ယာဉ်များသည် ယာဉ်၏ဘီးများ၌ ချိန်းကြိုးပတ်၍ မောင်းနှင်မှုကြောင့် ဘီးရာစွပ်ကြောင်းများဖြစ်ကာ RTA (Road Traffic Accidents) လမ်းအန္တရာယ်များ ဖြစ်ပေါ်လာပြီး ယာဉ်ငယ်များ မောင်းနှင်၍မရသည့်အဖြစ်မျိုး ကြုံရတတ်သည်။ ထို့ကြောင့် "မည်သူမျှ လမ်းမကြီး၏ မျက်နှာပြင်ပေါ်တွင် ချိန်းကြိုး၊ သံကြိုး (သို့မဟုတ်) သံသွားတပ်ဘီးများ တပ်ဆင်ထားသည့်ယာဉ်များ မောင်းနှင်ခွင့်မပြု"ဟု လမ်းမကြီးများဥပဒေတွင် ဖော်ပြထားကြောင်းသိရသည်။

**ကုန်ပို တန်ပိုတင်ဆောင်မှု**

ခရီးသည်တင်ယာဉ်တချို့သည် စီးပွားရေးတွက်ခြေကိုက်အောင် ခရီးသည်အပြင် ကုန်စည်များကိုပါ တင်ဆောင်ကြသည်။ မှန်လုံယာဉ်တချို့သည် ကုန်သည်တစ်ဦးနှင့် ယာဉ်မောင်း၊ ယာဉ်နောက်လိုက် စုစုပေါင်း သုံးဦးပါဝင်ပြီး ယာဉ်တစ်စီးလုံး ကုန်စည်များတင်ဆောင်ကြသလို တချို့အဆင့်မြင့် အဲယားကွန်းမှန်လုံ အဝေးပြေးလူစီးယာဉ်များသည် ယာဉ်၏အောက်ဘက်ရှိ တန်ဆာပစ္စည်းတင်နေရာ၌ ရေခဲငါးသေတ္တာများနှင့် အခြေခံကုန်စည်များကို စီးပွားဖြစ် တင်ဆောင်လျက်ရှိသည်ကိုတွေ့ရသည်။

၁၉၆၅ ခုနှစ်၊ ကုန်းလမ်းနှင့်ပြည်တွင်း ရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းများဆိုင်ရာ စည်းကမ်းဥပဒေများတွင်ပါရှိသည်မှာ "ပြည်သူတို့အတွက် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများအနေဖြင့် ခရီးသည်တင်ပို့ဆောင်ရေးယာဉ်ကို ခရီးသည်ပို့ဆောင်ရေးလုပ်ငန်း "ခ" လိုင်စင်အဖြစ် ခွင့်ပြုထားပြီး ကုန်စည်များ သီးသန့်တင်ဆောင်ခွင့် မပြုကြောင်း၊ ကုန်စည်ပို့ဆောင်ရေးယာဉ် (ကုန်တင်ယာဉ်)များအား "က" လိုင်စင်အဖြစ် ခွင့်ပြုထားကြောင်း သိရသည်။ City Bus



မှန်လုံယာဉ်များအနေဖြင့် ခရီးသည် ၄၅ ဦးသာသယ်ဆောင်နိုင်ပြီး ယာဉ်အလေးချိန် (၉၅၀၀) kg ရှိကြောင်း၊ ကုန်စည်များ သီးသန့်တင်ဆောင်ခွင့်မပြုကြောင်း" သတ်မှတ်ထားသည်။ အဆိုပါ သတ်မှတ်ထားသော ဥပဒေစည်းကမ်းများကို မလိုက်နာသည့် ကုန်တင်ယာဉ်၊ မှန်လုံယာဉ်များသည် ကုန်ပိုတန်ပိုများတင်ဆောင်လာပြီး ခံနိုင်ဝန်မရှိသည့် လမ်း၊ တံတားများပေါ်သို့ မဆင်မခြင်ဖြတ်သန်းမောင်းနှင်မှုကြောင့် လမ်းတံတားများ ကျိုးပဲ့ပျက်စီးဆုံးရှုံးမှုများနှင့် ကြုံတွေ့ရသည်။ ထိုသို့ လမ်း၊ တံတားကျိုးပဲ့ပျက်စီးသည့်အခါ ရရှိသည့် ဒဏ်ကြေးငွေပမာဏသည် လမ်း၊ တံတားပျက်စီး ကျိုးပဲ့မှုပမာဏကို ကာမိခြင်းမရှိနိုင်သလို ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များအနေဖြင့် ဒဏ်ငွေဆောင်ပြီး မောင်းနှင်၍ရသည့်အတွေးမျိုး မဝင်မိစေရန် အရေးကြီးကြောင်း၊ ယာဉ်မောင်းများ၏ ပင်ကိုအသိစိတ်ဓာတ်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် မော်တော်ယာဉ်ဆိုင်ရာ နည်းဥပဒေများကို လိုက်နာရန်လိုအပ်ကြောင်း၊ ခရီးသည်ယာဉ်၊ ကုန်တင်ယာဉ်၊ ကိုယ်ပိုင် ယာဉ်မောင်းများသည် ယာဉ်ထိန်းရဲတပ်ဖွဲ့ရှေ့ရောက်မှ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို လိုက်နာရသည်မျိုး မဟုတ်ဘဲ မိမိပင်ကိုအသိစိတ်ဓာတ်က စည်းကမ်းရှိနေရန် လိုအပ်သလို စိတ်နှင့်ခန္ဓာကျန်းမာမှုရှိရန် မူးယစ်ဆေးဝါး၊ အရက်သေစာသောက်စားမှု၊ လောဘ၊ ဒေါသများ ဖိစီးဖုံးလွှမ်းမှုများ ကင်းရှင်းရမည်ဖြစ်ကြောင်း ယာဉ်ထိန်းရဲအရာရှိတစ်ဦးက ပြောသည်။

လမ်းကောင်း၊ တံတားကောင်း၊ ယာဉ်ကောင်းများကို စည်းကမ်းကောင်းသည့် စိတ်ရှိသူများနှင့် သတိကောင်းသည့် ယာဉ်မောင်းများက ကိုင်တွယ်သွားရန် အရေးကြီးသကဲ့သို့ မိမိယာဉ်တွင် သတ်မှတ်ချက်ထက်ပို၍ ကုန်ပိုတန်ပိုများ တင်ဆောင်မောင်းနှင်ခြင်းမပြုပါက တံတားကြီးများ၊ လမ်းမကြီးများ ပျက်စီးဆုံးရှုံးမှု မကြုံတွေ့နိုင်သလို ယာဉ်နှင့်ခရီးသည်များ ထိခိုက်သေကျေပျက်စီးမှုများမှ ကင်းဝေးနိုင်မည်ဖြစ်သည်။

**စည်းကမ်းလိုက်နာမှု**

မိမိလက်ထဲတွင် အသက်ပေးပြီး ခရီးနှင်နေရသည့် ခရီးသည်များ၏ အသက်အန္တရာယ်များ မထိခိုက်နိုင်စေရန် ယာဉ်မောင်းများတွင် တာဝန်ရှိသည်။ ဂျပန်နိုင်ငံထုတ် (Shinamomainichi Shimbum)သတင်းစာတွင် ဖော်ပြထားသည်မှာ "အရက်မူးပြီး မော်တော်ယာဉ်ကို မောင်းနှင်သူသည် ထောင်ဒဏ်ငါးနှစ်အထိကျခံရန် (သို့မဟုတ်) ဒဏ်ငွေယန်းတစ်သန်း(အမေရိကန်ဒေါ်လာ ၉၉၀၀)အထိ ကျခံရမည့်အပြင် ယာဉ်မောင်းတစ်ဦးက အရက်သေစာ သောက်စားမောင်းနှင်လာသောယာဉ်နှင့် လိုက်လာသူများကို လည်းကောင်း၊ ယာဉ်မောင်းသူကို အရက်သေစာ ရောင်းချလိုက်သူကိုလည်းကောင်း၊ အရက်သောက်ပြီး ကားမောင်းတတ်သူ၏ယာဉ်ကို အငှားလိုက်သူကိုလည်းကောင်း ဥပဒေအရ အရေးယူခံရမည်ဖြစ်ကြောင်း" ဖော်ပြထားသည်။ ထိုသို့ အရက်သောက်ပြီး ယာဉ်မောင်းသူသာမက ၎င်းနှင့် ဆက်နွှယ်မှုရှိသူများအား အရေးယူသည့်ဥပဒေတစ်ရပ်ကို ဂျပန်နိုင်ငံတွင် ပြင်ဆင်ပြဋ္ဌာန်းမှုကြောင့် မူးယစ်ပြီး မောင်းနှင်ရာမှ ဖြစ်ပွားခဲ့သည့် ယာဉ်မတော်တဆမှု ၄၁ ရာခိုင်နှုန်းမျှ ကျဆင်းသွားကြောင်း သိရသည်။ စည်းကမ်းဥပဒေသတ်မှတ်ခြင်းသည် ကိုယ့်အတွက်သာမက အများအတွက်ပါ ဘေးကင်း၊ ရန်ကွာအောင် သတ်မှတ်ပေးထားခြင်းဖြစ်ရာ ယာဉ်မောင်းများအနေဖြင့် စိတ်ရှည်သည်းခံ လမ်းကြောင်းမှန်ဖြင့် စည်းကမ်းလိုက်နာ၍ မောင်းနှင်သွားမည်ဆိုပါက ယာဉ်မတော်တဆမှုအန္တရာယ်များ ကင်းဝေးနိုင်မည်ဖြစ်သည်။

ထို့ကြောင့် စည်းကမ်းရှိသော၊ ယဉ်ကျေးသိမ်မွေ့သော လူ့ဘောင်သစ်ကို ရှေးရှုလျက် စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်သို့ ယာဉ်မောင်းများအားလုံး ဥပဒေကိုလိုက်နာ၍ စည်းကမ်းရှိစွာဖြင့် တက်ညီလက်ညီ ပူးပေါင်းလျှောက်လှမ်းကြပါစို့-----။

**ထိုသို့ လမ်း၊ တံတားကျိုးပဲ့ပျက်စီးသည့်အခါ ရရှိသည့် ဒဏ်ကြေးငွေပမာဏသည် လမ်း၊ တံတားပျက်စီးကျိုးပဲ့မှု ပမာဏကို ကာမိခြင်း မရှိနိုင်သလို ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များအနေဖြင့် ဒဏ်ငွေဆောင်ပြီး မောင်းနှင်၍ ရသည့်အတွေးမျိုး မဝင်မိစေရန် အရေးကြီး**

# ထားဝယ်ရိုးရာဓလေ့ ဝါဆိုခြေကန်တော့နေ့ ထားဝယ်၌ဖွင့်

မြန်မာ့ရိုးရာဓလေ့တွင် ဗုဒ္ဓဘာသာဝင်များသည် လူကြီးသူမများကို ရိုသေသမှုပြုသောအားဖြင့် ကန်တော့လေ့ရှိသည်။ ဝါလကင်းလွတ်၍ သီတင်းကျွတ်ကာလရောက်ပြီဆိုလျှင် မြန်မာပြည်အနှံ့အပြားတွင် မိမိထက်အသက်အားဖြင့်၊ ဂုဏ်အားဖြင့်၊ ရာထူးအားဖြင့် ကြီးမြင့်သူများကို ကန်တော့လေ့ရှိသည်။ ထားဝယ်ရိုးရာဓလေ့တွင်မူ တစ်မူထူးခြား၍ ဝါဆိုလတွင်သာ ကန်တော့လေ့ရှိသည်။ သီတင်းကျွတ်လတွင်မူ ကန်တော့သူရှားပါးသည်ဟု ဆိုရမည်။

နှစ်စဉ် ဝါဆိုလဆန်း ၁၄ ရက် (အဖိတ်နေ့)ဝါထပ်နှစ်ဖြစ်လျှင် ဒုတိယဝါဆိုလဆန်း ၁၄ ရက် (အဖိတ်နေ့)သည် ထားဝယ်ဒေသခံများ ကန်တော့ကြမည့်နေ့ဖြစ်သည်။ ထားဝယ်ဒေသအခေါ် "ခြေဒေါ်သည်" ဟု ခေါ်သည်။ မြန်မာလို ပြန်ဆိုပါမူ "ခြေကန်တော့သည်" ဟု ဆိုလိုပါသည်။ ခြေထောက်ကို ကန်တော့သည်ဟုလည်း ဆိုလိုက ဆိုနိုင်ပါသည်။ ဖူးမြော်မာန်လျှော့၍ ကန်တော့ကြရပါသည်။

သံဃာတော်ဖြစ်လျှင် ကျောင်းထိုင်ပုဂ္ဂိုလ်၊ ဝါကြီးသည့်သံဃာတော်တို့ကိုလည်းကောင်း၊ လူပုဂ္ဂိုလ်ဖြစ်လျှင် မိမိထက်အသက်၊ ဂုဏ်၊ ရာထူးကြီးသူ ဆရာသမား အဘိုး၊ အဘွား၊ မိဘ၊ ဦးကြီး၊ ဦးလေး၊ အဒေါ်ကြီး၊ အဒေါ်လေး၊ အစ်ကိုကြီး၊ အစ်မကြီးတို့ကို လည်းကောင်း သက်န်းလှူဖွယ်ပစ္စည်း၊ အဝတ်အထည်၊ စားသောက်ဖွယ်၊ ဖယောင်းတိုင်၊ အမွှေးတိုင်၊ ငွေစသည့် ကန်တော့ပစ္စည်းများဖြင့် ဘုန်းတော်ကြီးကျောင်း၊ စာသင်ကျောင်း၊ နေအိမ်တို့တွင် မိသားစုအလိုက်၊ အစုအဖွဲ့အလိုက်၊ တစ်ဦးချင်းအလိုက် ဝတ်ကောင်းစားလှများ ဝတ်ဆင်၍ သွားရောက်ကန်တော့လေ့ရှိသည်။

ထားဝယ်အခေါ် "ခေဒေါ်သွားဂေ့စို့" မြန်မာလိုပြန်ဆိုလျှင် "ခြေကန်တော့သွားကြရအောင်" ဟု ပြောဆိုကြပြီး ကန်တော့ရန် သွားကြသည်။ ထားဝယ်သူ၊ ထားဝယ်သားများ စိတ်ကြည်နူး၍ ပီတိဖုံးသည့်နေ့ဆိုလျှင် မှားဖွယ်ရာမရှိ။

ဘုန်းတော်ကြီးကျောင်း၊ စာသင်ကျောင်း၊ နေအိမ်များတွင် ကန်တော့ခံမည့်သူများသည် အရေးကြီးကိစ္စမှလွဲ၍ ဘယ်ကိုမှမသွားကြဘဲ "ခြေကန်တော့" လာမည့်သူကို စောင့်ဆိုင်းနေပေးကြရသည်။ တချို့ဆိုလျှင် ထားဝယ်ရိုးရာမုန့်၊ လက်ဖက်ရည်၊ ကော်ဖီ၊ အအေးတို့ဖြင့် ကန်တော့လာကြသူကို ကျွေးမွေးဧည့်ခံကြသည်။ ထိုနေ့တွင် ကလေးငယ်များ မုန့်ဖိုးရသဖြင့် အထူးပျော်ရွှင်ကြသည်။

ကန်တော့ခံသူများအတွက် ကန်တော့ခံပစ္စည်းများဖြစ်သည့် သင်္ကန်း၊ လှူဖွယ်ပစ္စည်း၊ နဝကမ္မဝတ္ထု၊ အဝတ်အထည်ပစ္စည်း၊ စားသောက်ဖွယ်နှင့် ငွေများရရှိကြသည်ဖြစ်၍ ဝါတွင်းသုံးလ ဥပုသ်သီလ ဆောက်တည်ရန်အတွက် သင့်ရုံဖူလုံမှုရှိနေပြီဖြစ်ရာ ကုသိုလ်ဘာဝနာပွားများနိုင်ကြသည်။ ထို့ကြောင့် "ထားဝယ်ရိုးရာ ဓလေ့ဝါဆိုခြေကန်တော့နေ့"သည် ထားဝယ်ဒေသ၏ မွန်မြတ်သည့် နေ့များတွင် တစ်နေ့အပါအဝင်ဖြစ်သည်ဟု သတ်မှတ်ရမည် ဖြစ်ပါသည်။

**ဖိုးရွှေသွန်း-ထားဝယ်**

## ပုဏ္ဏားကျွန်းမြို့နယ် အောင်ဖြူပြင်ကျေးရွာ အထက(ခွဲ) ဖွင့်

**ပုဏ္ဏားကျွန်း ဇူလိုင် ၇**

ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့နယ် အခြေခံပညာအလယ်တန်းကျောင်းအား အခြေခံပညာအထက်တန်းကျောင်းခွဲ အဆင့်တိုးမြှင့်ဖွင့်လှစ်ပွဲကို ဇူလိုင် ၅ ရက်က အဆိုပါကျောင်း၌ ပြုလုပ်ရာမိုးကြီးစွာရွာသွန်းသည့်ကြားမှ ပြည်သူ ၃၀၀ ကျော် တစ်ခဲနက်တက်ရောက်အားပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ကျောင်းဖွင့်ပွဲသို့ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစံကျော်လှ၊ မြို့နယ်ပညာရေးမှူး ဦးကျော်ဟန်နှင့် အောင်ဖြူပြင်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးအောင်စိုးတို့က ကျောင်းဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး ဖွင့်ပွဲသို့ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အဆင့်တာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ မိဘပြည်သူများနှင့် ကျောင်းသားကျောင်းသူများစုံညီစွာ တက်ရောက်အားပေးခဲ့ကြသည်။ "ကျွန်တော်တို့ဒေသဟာ ပထဝီအနေအထားအရ အချက်အချာကျပေမယ့် တစ်ချိန်က ပညာရေးမကောင်းခဲ့ပါဘူး။ ခုတော့ အထကခွဲအဆင့်တိုးမြှင့် ပေးတော့ ဒေသပညာရေးတိုးတက်လာမယ်လို့ မျှော်လင့်ပါတယ်" ဟု အောင်ဖြူပြင်ကျေးရွာမှ ကျောင်းသားမိဘ ဦးလှထွန်းစိန်လှ ပြောသည်။

**ကိုကြီးစော**

## လေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ငွေပေးအပ်

**မော်လမြိုင် ဇူလိုင် ၇**

မွန်ပြည်နယ် မော်လမြိုင်မြို့တွင် ဇူလိုင် ၄ ရက်က မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့်သီရိမြိုင်ရပ်ကွက်၊ သီရိမင်္ဂလာရပ်ကွက်၊ မုပွန်ရပ်ကွက်တို့၌ လူနေအိမ် ၄၁ လုံးပြိုကျပျက်စီးပြီးအမျိုးသမီးတစ်ဦးဒဏ်ရာရရှိခဲ့သည်။

အဆိုပါ လေပြင်းတိုက်ခတ်မှုကြောင့် လေဘေးသင့်ပြည်သူများအတွက်ပြည်နယ်အစိုးရအဖွဲ့ဝင် လူမှုရေးဝန်ကြီးဒေါက်တာထိန်လင်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာနပြည်နယ်ဦးစီးမှူး ဦးသောင်းရွှေတို့ကဇူလိုင် ၅ ရက်တွင် အိမ်ဆောက်ပစ္စည်းများ၊ အိမ်ထောင်စု ၄၁ စုအတွက်ကယ်ဆယ်ရေးပစ္စည်းများ၊ ဒဏ်ရာရရှိသူတစ်ဦးအတွက် ထောက်ပံ့ငွေကျပ် ၅၀၀၀၀ တို့ကိုပေးအပ်ခဲ့ကြောင်း သိရသည်။

**(ပြည်နယ် ပြန်/ဆက်)**

## ပြဟ္မစိုရ် လူမှုရေးအသင်း အစည်းအဝေးကျင်းပ

**တောင်ငူ ဇူလိုင် ၇**

တောင်ငူမြို့ပြဟ္မစိုရ်မေတ္တာနှင့်စေတနာလူမှုရေးကူညီမှုအသင်း၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၄ ရက်က မေတ္တာနှင့်စေတနာသွေးလှူရှင်အသင်းရုံးခန်းမ၌ ကျင်းပရာ အသင်းနာယကဦးကျော်လှ(သမာဓိ)က အမှာစကားပြောကြားပြီး အသင်းဥက္ကဋ္ဌ ဦးမြင့်ညို(အမေ့အိမ်)က အသင်း၏လုပ်ငန်းလည်ပတ်မှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အသင်းဘဏ္ဍာရေးမှူး ဦးရဲမြင့် (ပွဲရုံလုပ်ငန်း)က ငွေစာရင်းရှင်းတမ်းကို ရှင်းလင်းတင်ပြပြီး အတွင်းရေးမှူး ဦးသိန်းလွင်က ယခင်အပတ်အစည်းအဝေးမှတ်တမ်းကိုဖတ်ကြားအတည်ပြုချက်ရယူသည်။ ထို့နောက် ရှေ့လုပ်ငန်းစဉ်များအဖြစ် သုသာန်မီးသင်္ဂြိုဟ်စက်အတွက် လျှပ်စစ်မီးအမြန်ရရှိရေး၊ သုသာန်သန့်ရှင်းသာယာလှပရေး၊ နိဗ္ဗာန်ယာဉ်တစ်စီးဝယ်ယူရေးနှင့် အသင်းရုံးအတွက် မြေနေရာရရှိရေးစသည်များကိုဆွေးနွေးခဲ့ကြောင်း သိရသည်။

**ကျော်လှ(တောင်ငူ)**

## ကျွန်းခွဲသားများတင်လာသော ခြောက်ဘီးကားတစ်စီး ဖမ်းမိ

**ကောလင်း ဇူလိုင် ၇**
ကောလင်းမြို့နယ်အတွင်း ရွှေဘို-မြစ်ကြီးနားကားလမ်းပေါ်၌ တရားမဝင် ကျွန်းသစ်ခွဲသားများ သယ်ဆောင်လာသည့် ခြောက်ဘီးကားတစ်စီးကို ပိုင်ရှင်နှင့်အတူ ဇူလိုင် ၃ ရက်က ဖမ်းမိခဲ့ပြီး သစ်များသယ်လာရာနေရာကို ဆက်လက်ရှာဖွေဖမ်းဆီးရာမှ ကျွန်းသစ် တန် ၂၀ ကျော် ထပ်မံဖမ်းမိခဲ့ကြောင်း သိရသည်။

ကသာခရိုင် သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသောင်းနိုင်၊ ကောလင်းမြို့နယ် သစ်တောဦးစီးအရာရှိ ဦးမျိုးနိုင်နှင့် ဦးဖြိုးဝေအောင်တို့ ဦးဆောင်သော တောအုပ်များ၊ သစ်တောလုံခြုံရေး ရဲတပ်ဖွဲ့ဝင်များအဖွဲ့က ရှာဖွေစစ်ဆေးမှုများဆောင်ရွက်စဉ် ကျွန်းသစ်ခွဲသား ၂၂၂ ချောင်း(အလေးချိန် ၂ ဒသမ ၀၁၆၄ တန်)ကို တရားမဝင် တင်ဆောင်လာသည့် ခြောက်ဘီးကားတစ်စီးကို သစ်ပိုင်ရှင်နှင့်အတူ ဖမ်းမိခဲ့ခြင်းဖြစ်သည်။

သစ်များဖမ်းဆီးရမိပြီးနောက် အဆိုပါကားဖြင့် သစ်များသယ်ယူလာသည့် လမ်းကြောင်းဖြစ်သော ဝန်းသိုမြို့နယ် ပြင်တဲကြိုးဝိုင်းအတွင်းသို့ ကောလင်းနှင့် ဝန်းသိုမြို့နယ်တို့မှ သစ်တောဦးစီးအရာရှိနှင့် ဝန်ထမ်းများ၊ သစ်တောလုံခြုံရေးရဲတပ်ဖွဲ့ဝင်များ ပူးပေါင်းအဖွဲ့က ဇူလိုင် ၄ ရက်တွင် ဝင်ရောက်စစ်ဆေးရာ တရားမဝင် သစ်စက်လုပ်ကိုင်ထားသည့်နေရာ သုံးနေရာမှ အင်ဂျင်တစ်လုံးနှင့် ဆက်စပ်ပစ္စည်းများ၊ တရားမဝင် ကျွန်းသစ်လုံးနှင့် သစ်ခွဲသားများ စုစုပေါင်းအလေးချိန် တန် ၂၀ ကျော်ကို ပိုင်ရှင်မဲ့ သိမ်းဆည်းနိုင်ခဲ့ကြောင်းနှင့် သစ်ပိုင်ရှင်များ ဖမ်းမိရေးအတွက် ဆက်လက်စုံစမ်းစစ်ဆေးသွားမည်ဖြစ်ကြောင်း သိရသည်။
**ငွေအိုး(ကသာ)**



## မွန်ပြည်နယ်မှ အခြေခံပညာကျောင်းများအတွက် ကျပ်သန်း ၅၆၀၀ နီးပါး သုံးစွဲမည်



**ရေး ဇူလိုင် ၇**
မွန်ပြည်နယ်အတွင်းရှိ အခြေခံပညာကျောင်းများတွင် အဆောက်အအုံများ တည်ဆောက်ခြင်းအတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ပညာရေးဝန်ကြီးဌာန ပြည်ထောင်စု ငွေလုံးငွေရင်းရန်ပုံငွေမှ ကျပ်သန်းပေါင်း ၅၆၀၀ နီးပါး သုံးစွဲသွားရန်ရှိကြောင်း မွန်ပြည်နယ် ပညာရေးမှူးရုံးမှ သိရသည်။

အခြေခံပညာကျောင်းများရှိ လုပ်ငန်း ၁၀၅ ခုတွင် ကျောင်းဆောင်များ၊ ရုံးခန်း၊ ဝန်ထမ်းအိမ်ရာနှင့် သိပ္ပံဆောင်များ ဆောက်လုပ်ခြင်းအတွက် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုငွေလုံးငွေရင်း ရန်ပုံငွေ ၅၅၉၈ ဒသမ ၅ သန်းခန့် သုံးစွဲသွားရန်ရှိနေပြီး အဆိုပါပမာဏသည် ၂၀၁၆-၂၀၁၇ ခုနှစ်က အသုံးပြုခဲ့သော ငွေလုံးငွေရင်းရန်ပုံငွေထက် ၉၁၆ ဒသမ ၇ သန်း ပိုမိုများပြားကြောင်း မွန်ပြည်နယ် ပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာချိုချိုမြတ်အောင်၏ ပြောကြား ချက်အရ သိရသည်။

အခြေခံပညာမူလတန်း ကျောင်းသား ကျောင်းသူများအတွက် ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် ဗလာစာအုပ် အခမဲ့ခွဲဝေပေးမှုမှာ ကျပ် ၂၀၄ ဒသမ ၇၂၇ သန်း ရှိခဲ့ပြီး မွန်အမျိုးသားပညာရေးကျောင်းများမှ ကျောင်းသား ကျောင်းသူ ၄၃၀၀ ကျော်အပါအဝင် အခြေခံပညာမူလတန်းအဆင့် ကျောင်းသား ကျောင်းသူပေါင်း နှစ်သိန်းကျော်အား တစ်ဦးလျှင် ဗလာစာအုပ်ခြောက်အုပ်နှုန်းဖြင့် ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

မွန်ပြည်နယ်အတွင်း အခြေခံပညာမူလတန်း၊ အလယ်တန်းနှင့် အထက်တန်းကျောင်းများကို အဆင့်မြှင့်တင်ထားသည့်ကျောင်းပေါင်းမှာ ၆၉ ကျောင်းရှိကာ ယခုပညာသင်နှစ်တွင် ကျောင်းသား ကျောင်းသူပေါင်း ၂၀၇၅၀၀ ခန့် ပညာသင်ကြားလျက်ရှိကြောင်း၊ ပြည်နယ်တစ်ခုလုံးတွင် အခြေခံပညာကျောင်းပေါင်း ၁၄၅၅ ကျောင်းရှိပြီး မွန်အမျိုးသားပညာရေးကျောင်းမှာ ၁၃၂ ကျောင်းရှိကာ အဆိုပါ ကျောင်းများတွင် ပညာရေးဝန်ထမ်းပေါင်း ၁၄၀၄၃ ဦးရှိကြောင်း မွန်ပြည်နယ် ပညာရေးမှူးရုံးမှ သိရသည်။
**နေမျိုးထွဋ်(ရေး)**

## ဆိုင်ကယ် ၁၆ စီးကို ခိုးယူသူသုံးဦးအား ဖမ်းမိ

**ဘားအံ ဇူလိုင် ၇**
ဘားအံပြည်သူ့ဆေးရုံ၊ ဘားအံတက္ကသိုလ်ကျောင်းဝင်း၊ ကန်သာယာညစျေးတန်းနှင့် မြို့ပေါ်ရပ်ကွက်များတွင် ဆိုင်ကယ်များ လှည့်လည်ခိုးယူနေသူ အမျိုးသမီးတစ်ဦး အပါအဝင် သုံးဦးအား စစ်ဆေးရာမှ ဆိုင်ကယ် ၁၆ စီး ခိုးယူထားမှုများ ပေါ်ပေါက်ခဲ့ကြောင်း သိရသည်။

ဆိုင်ကယ်ခိုးယူမှုများအတွက် မသင်္ကာသူ ကျော်ရဲအောင်၊ ယုယ(ခေါ်)ကတုံးနှင့် မမိုးသီတာဆွေတို့အား ဘားအံမြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်အောင်မျိုးကျော် ဦးစီးသည့် ရဲတပ်ဖွဲ့ဝင်များက စစ်ဆေးရာမှ ဘားအံပြည်သူ့ဆေးရုံ၊ ဘားအံတက္ကသိုလ် ကျောင်းဝင်း၊ ကန်သာယာညစျေးတန်းနှင့် မြို့ပေါ်ရပ်ကွက်များအတွင်း၌ Wave Alpha အမျိုးအစား ဆိုင်ကယ်ရှစ်စီး၊ Wave အမျိုးအစား ဆိုင်ကယ်သုံးစီး၊ Dream-125 အမျိုးအစား ဆိုင်ကယ်ငါးစီး စုစုပေါင်း ဆိုင်ကယ် ၁၆ စီးကို သော့တုများဖြင့်ဖွင့်၍ အကြိမ်ကြိမ်ခိုးယူခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။

ခိုးယူခဲ့သော ဆိုင်ကယ်များကို မြဝတီမြို့တွင် သွားရောက်ရောင်းချခဲ့ကြောင်း သိရသဖြင့် ရဲတပ်ဖွဲ့ဝင်များ ပူးပေါင်းအဖွဲ့က လိုက်လံသိမ်းဆည်းရာ ဇူလိုင် ၄ ရက်အထိ ခိုးယူခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည့် ဆိုင်ကယ် ၁၆ စီးကို သိမ်းဆည်းနိုင်ခဲ့ပြီး ခိုးမှုများကို ဆက်လက်စစ်ဆေးလျက်ရှိကြောင်း သိရသည်။
**မင်းသူ၊ ထွန်းထွန်းထွေး(ဘားအံ)**

## စစ်တောင်းမြစ်အတွင်းပြေးဆွဲနေသော စက်လှေများတွင် အသက်ကယ်အင်္ကျီများလိုအပ်နေ

**ရေတာရှည် ဇူလိုင် ၇**
ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်အတွင်း မြောက်မှတောင်သို့ စီးဆင်းနေသည့် စစ်တောင်းမြစ်ထဲ၌ ခရီးသွားလာရေးနှင့် ကုန်စည်သယ်ဆောင်ရေးလုပ်ငန်းများတွင် စက်တပ်လှေငယ်များကို အသုံးပြု ပြေးဆွဲလျက်ရှိရာ လိုက်ပါစီးနင်းသူများ အသက်အန္တရာယ်ဖြစ်ပွားမှုမရှိစေရေးအတွက် အသက်ကယ်အင်္ကျီများ လိုအပ်လျက်ရှိကြောင်း သိရသည်။



“စစ်တောင်းမြစ် အရှေ့ဘက်ကမ်းဒေသမှာ နေထိုင်ကြတဲ့ ဒေသခံတွေက မြစ်နောက်ဘက်ကမ်းကို သွားဖို့ဆိုတာ မိုးရာသီမှာ စက်လှေတွေကိုပဲ အားထားနေကြရတာပါ။ မတော်တဆမှုဆိုတာ မဖြစ်ခင်ကတည်းက ကြိုတင်ကာကွယ်ထားနိုင်ရင် ပိုကောင်းတာပေါ့”ဟု စက်လှေဖြင့် ခရီးသွားလာနေရသူတစ်ဦးက ပြောကြားသည်။

ဒေသတွင်းမှ ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများအနေဖြင့် ပညာသင်ကြားရေးအတွက် စစ်တောင်းမြစ်ကို နေ့စဉ် စက်လှေငယ်များဖြင့် ဖြတ်ကူးသွားလာနေကြရသလို ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးကိစ္စများအတွက်လည်း အဆိုပါ စက်လှေငယ်များပေါ်တွင် လူအပြင် ကုန်စည်များ၊ ဆိုင်ကယ်များပါ တင်လျက် စစ်တောင်းမြစ်ကို ဖြတ်ကူးနေကြရာ စက်လှေစီး ခရီးသွားပြည်သူများ အန္တရာယ်ကင်းရှင်းရေးအတွက် စက်လှေများပေါ်တွင် အသက်ကယ်အင်္ကျီများ အလုံအလောက်ပါရှိရန် လိုအပ်နေခြင်းဖြစ်သည်။
**ကိုလွင်(ဆွာ)**

## သဘာဝဘေးလျော့ပါးရေး စေတနာ့ဝန်ထမ်းလူငယ်မွမ်းမံသင်တန်း ဖားကန့်မြို့နယ်၌ဖွင့်

**ဖားကန့် ဇူလိုင် ၇**
အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ ညွှန်ကြားချက်ဖြင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ကချင်ပြည်နယ်အစိုးရအဖွဲ့တို့ ပူးပေါင်းဖွင့်လှစ်သော သဘာဝဘေးလျော့ပါးရေး စေတနာ့ဝန်ထမ်း လူငယ်မွမ်းမံသင်တန်းကို ဇူလိုင်လပထမပတ်က ဖားကန့်မြို့ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စွာအောင်က အမှာစကားပြောကြားပြီး ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူးဦးမင်းသိန်းက သင်တန်းဖွင့်လှစ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားကာ မြန်မာနိုင်ငံတွင် ဆောင်ရွက်လျက်ရှိသော သဘာဝဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းစဉ် အဆင့်ဆင့်ကို မှတ်တမ်းဗီဒီယိုပြသခဲ့သည်။

ဆက်လက်၍ ပြီးခဲ့သည့် ဇွန်လအတွင်း ရေကြီးမှုဖြစ်စဉ်များ၌ ကူညီဆောင်ရွက်ပေးခဲ့သည့် မျိုးနွယ်စု ကျောက်မျက်ကုမ္ပဏီအား မြို့နယ်အုပ်ချုပ်ရေးမှူးဦးကျော်စွာအောင်က ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ခဲ့သည်။

အဆိုပါ သင်တန်းကို ဇူလိုင် ၃ရက်မှ ၇ရက်အထိ ငါးရက်ကြာ ဖွင့်လှစ်ခဲ့ပြီး ဖားကန့်မြို့နယ်ရှိ ရပ်ကွက်၊ကျေးရွာအုပ်စုများမှ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၁၀၀ တက်ရောက်ခဲ့ကြောင်း သိရှိရသည်။
**စိုးနိုင်ဦး (ဖားကန့်)**

## ကျောင်းပေါင်း ၃၆ ကျောင်းမှ မူလတန်းကလေးများအား နွားနို့များတိုက်ကျွေးရန် စီစဉ်ထား

**မိုးညှင်း ဇူလိုင် ၇**
မိုးညှင်းမြို့နယ်အတွင်း၌ ပြီးခဲ့သော ၂၀၁၆-၂၀၁၇ ပညာသင်နှစ်မှစတင်၍ နို့ပေါင်းစက်အခြေခံ နို့စားနွားမ ၂၅ ကောင်မှ ရရှိသောနွားနို့များဖြင့် အခြေခံပညာမူလတန်းအဆင့် ကျောင်းသား ကျောင်းသူများအား အာဟာရအဖြစ် နွားနို့တိုက်ကျွေးခဲ့ကာ ယခု ပညာသင်နှစ်တွင် ကျောင်းပေါင်း ၃၆ ကျောင်းမှ ကျောင်းသား ကျောင်းသူများအား နွားနို့တိုက်ကျွေးနိုင်ရန် စီစဉ်ထားကြောင်း မိုးညှင်းခရိုင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ သိရသည်။

ယခု ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် တစ်လအတွင်း၌ မိုးညှင်းမြို့နယ်အတွင်းရှိ ကျောင်းပေါင်းကိုးကျောင်းမှ မူလတန်းအဆင့် ကျောင်းသား ကျောင်းသူ ၁၃၆၄ ဦးအား နွားနို့များ တိုက်ကျွေးခဲ့ပြီးဖြစ်ကြောင်း၊ ယခု ပညာသင်နှစ်အတွင်း၌ မူလတန်းကျောင်းပေါင်း ၃၆ ကျောင်းမှ ကျောင်းသားကျောင်းသူများအား နွားနို့တိုက်ကျွေးရန် စီမံထားကြောင်း မိုးညှင်းခရိုင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မိုးညှင်းမြို့ သိမ်အင်းရပ်ကွက်ရှိ အခြေခံပညာ မူလတန်းကျောင်း၌ ဇူလိုင် ၄ ရက်က နွားနို့သောက်သုံးခြင်း အကျိုးကျေးဇူးများအကြောင်းကို မိုးညှင်းခရိုင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာဝင်းဦး ဦးဆောင်သောအဖွဲ့က ကျောင်းသားကျောင်းသူများအား အသိပညာပေးဟောပြောခဲ့ပြီး KG တန်းမှ စတုတ္ထတန်းအထိ ကျောင်းသား ကျောင်းသူ ၂၀၀ အား နွားနို့များ တိုက်ကျွေးခဲ့ကြောင်း သိရသည်။
**(ဝ၆၇)**



# ဖန်တီးရာ၏ နည်းပညာ Startup လုပ်ငန်းနှစ်ခု ဒေါ်လာသိန်းချီတန်သော ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများ ရရှိ

**ရန်ကုန် ဇူလိုင် ၇**
နည်းပညာအခြေခံ စီးပွားရေးလုပ်ငန်းငယ်များကို ပိုမိုအောင်မြင်စေရန် အထောက်အကူပြုနေသော ဖန်တီးရာ Accelerator အစီအစဉ်တွင် ပါဝင်သည့် နည်းပညာ Startup လုပ်ငန်းနှစ်ခုသည် ဒေါ်လာသိန်းချီတန်သော ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများကို ရရှိခဲ့ကြောင်း သိရသည်။ ရင်းနှီးမြှုပ်နှံမှုများရရှိသည့် လုပ်ငန်းနှစ်ခုမှာ မိုဘိုင်း ဖျော်ဖြေရေးပလက်ဖောင်းတစ်ခုဖြစ်သည့် White Merak နှင့် အလွတ်တန်း အလုပ်လုပ်လိုသူများအား အလုပ်ရှင်များနှင့် ချိတ်ဆက်ပေးမည့် Chatesat.com တို့ဖြစ်သည်။

White Merak သည် မိုဘိုင်း ဖျော်ဖြေရေး platform တစ်ခုဖြစ်ပြီး မြန်မာနိုင်ငံ၏ ပထမဆုံး Animated Comic Application ဖြစ်သည့် White Merak သည် ပြည်တွင်းရှိ ရင်းနှီးမြှုပ်နှံသူ ငါးဦးထံမှ ဒေါ်လာ ၁၄၀၀၀၀ ကို ဇူလိုင် ၆ ရက်က ရရှိခဲ့သည်။ အဆိုပါ ဒေါ်လာ ၁၄၀၀၀၀ ရင်းနှီးမြှုပ်နှံမှုအတွက် ကုမ္ပဏီ၏ ရှယ်ယာ ၂၃ ရာခိုင်နှုန်းကို ပြန်လည်ပေးအပ်ရမည်ဖြစ်၍ ရင်းနှီးမြှုပ်နှံမှုအပြီးတွင် White Merak ၏ တန်ဖိုးသည် ဒေါ်လာ ၆၀၀၀၀၀ ရှိလာမည်ဖြစ်သည်။

White Merak တွင် ဒေါ်လာ ၁၄၀၀၀၀ ရင်းနှီးမြှုပ်နှံမှုကို မြန်မာနိုင်ငံ နည်းပညာနယ်ပယ်မှ ထင်ရှားသော လုပ်ငန်းရှင်များဖြစ်သည့် KTS Myanmar မှ ကိုကျော်သ၊ Zwenexys မှ ကိုသာထက်၊ Technomation မှ ကိုထူးမြင့်နောင်၊ VR & AR လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံသူ ကိုကျော်သူအောင်ဘနှင့် Cars DB တည်ထောင်သူ ကိုမြတ်မင်းဟန်တို့က ပါဝင်ရင်းနှီးမြှုပ်နှံခြင်းဖြစ်သည်။

အဆိုပါရင်းနှီးမြှုပ်နှံမှုများကြောင့် ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော်မြို့များပြင်ပရှိ (Comic) ကာတွန်းချစ်သူများကို White Merak မှ ဝန်ဆောင်မှုများပေးအပ်နိုင်ရန် အခွင့်အရေးများ ရရှိလာမည်ဖြစ်ကာ လက်ရှိအချိန်တွင် အသုံးပြုသူပေါင်း ၁၇၀၀၀ ရှိနေရာမှ ၂၀၁၈ နှစ်ကုန်တွင် အသုံးပြုသူ သန်းဂဏန်းအထိရှိလာစေရန် ပြုလုပ်သွားမည်ဖြစ်ကြောင်း၊ ယခု ရင်းနှီးမြှုပ်နှံမှုများကို Application ၏ နည်းပညာ ပိုမိုတိုးတက်လာရန်အပြင် ဖြန့်ချိရေးနှင့် ငွေပေးချေမှုစနစ်များ တိုးတက်ကောင်းမွန်လာစေရန် အသုံးပြုမည်ဖြစ်ကြောင်း၊ ယခင်က မရှိခဲ့သော ဈေးကွက်များကို ထိုးဖောက်ဝင်ရောက်မည်ဖြစ်ကာ ဆက်သွယ်ရေးနည်းပညာ တစ်ခေတ်ပြောင်းချိန်တွင် အားဖြည့်ပါဝင်ပြီး လုပ်ငန်းများ ဆက်လက်တိုးချဲ့လုပ်ကိုင်မည်ဖြစ်ကြောင်း သိရသည်။

White Merak ၏တည်ထောင်သူနှင့် CEO ဖြစ်သူ ကိုအောင်ရဲကျော်က "ကျွန်တော်တို့ရဲ့ လုပ်ငန်းကို မြန်မာနိုင်ငံ နေရာအနှံ့ချဲ့ထွင်နိုင်ဖို့ အလွန်ကောင်းမွန်တဲ့ အခွင့်အရေးတစ်ခု ရရှိခဲ့ပါတယ်။ တချို့နေရာဒေသတွေမှာ လူတွေအတွက် ဖျော်ဖြေရေးဆိုလို့ တီဗွီနဲ့ ရေဒီယိုပဲ ရှိကြတာပါ။ မြန်မာနိုင်ငံရဲ့ ဆက်သွယ်ရေး တိုးတက်ပြောင်းလဲမှုက ပြည်သူတွေကို ဖျော်ဖြေရေးနည်းလမ်းသစ်တွေနဲ့ မိတ်ဆက်ပေးဖို့အခွင့်အရေးကောင်းတွေကို ယူဆောင်လာခဲ့ပါပြီ" ဟု ပြောသည်။

Phandeeyar: Myanmar Innovation Lab ၏ CEO Mr.Jes Kaliebe Petersen ကလည်း "မြန်မာနိုင်ငံရဲ့ စမတ်ဖုန်းသုံးစွဲမှုဟာ အခြားသော တိုးတက်ဆဲနိုင်ငံတွေနဲ့ယှဉ်ရင် သိသိသာသာ မြင့်မားလွန်းနေတဲ့အတွက် မြန်မာနိုင်ငံဟာ လူထုအားလုံးအတွက် အကျိုးဖြစ်စေမယ့် နည်းပညာ ထုတ်ကုန်အသစ်တွေကို တီထွင်ဆန်းသစ်ဖို့ အကောင်းဆုံးဈေးကွက်အဖြစ် တည်ရှိနေပါတယ်။ ဒီအခြေအနေမှာ White Merak က အလားအလာအကောင်းဆုံး Startup လုပ်ငန်းတစ်ခုအဖြစ် ရပ်တည်နေပါတယ်။ White Merak က ဖန်တီးရာ Accelerator အမှတ်စဉ်(၁)မှာ ပါဝင်လာသူများအနက် အလားအလာအကောင်းဆုံး Startup တစ်ခု ဖြစ်ခဲ့တာပါ။ ဒီနေ့ ရရှိခဲ့တဲ့ ဒေါ်လာ ၁၄၀၀၀၀ က သူတို့ရဲ့ ဖျော်ဖြေရေးထုတ်ကုန်ကို ရန်ကုန်၊ မန္တလေးနဲ့ နေပြည်တော် မြို့တွေသာမက တခြားဒေသတွေကိုလည်း ချဲ့ထွင်နိုင်ဖို့ အခွင့်အရေးတွေ ရရှိသွားပါပြီ။ သူတို့ ဒီထက်ပိုအောင်မြင်ပြီး ၂၀၁၇ နှစ်ကုန်မှာ နောက်ထပ် ရင်းနှီးမြှုပ်နှံသူတွေကို ထပ်မံဆွဲဆောင်နိုင်ဖို့ မျှော်လင့်ပါတယ်" ဟု ပြောသည်။

ရင်းနှီးမြှုပ်နှံမှုများရရှိခဲ့သော အခြားလုပ်ငန်းတစ်ခုမှာ အလွတ်တန်း အလုပ်လုပ်ကိုင်သူများအတွက် အလုပ်ရှာပေးသော ပြည်တွင်းဝက်ဘ်ဆိုက်တစ်ခုဖြစ်သည့် chatesat.com (ချိတ်ဆက်) ဖြစ်သည်။ Freelance အလုပ်လုပ်လိုသူများအတွက် အလုပ်ရှာပေးသော မြန်မာနိုင်ငံ၏ ပထမဆုံးဝက်ဘ်ဆိုက်ဖြစ်သည့် ချိတ်ဆက်သည်လည်း ပြည်တွင်းနှင့် ပြည်ပ ရင်းနှီးမြှုပ်နှံမှု အဖွဲ့အစည်းများထံမှ ဒေါ်လာသိန်းဂဏန်း တန်ဖိုးရှိသည့် ရင်းနှီးမြှုပ်နှံမှုများကို ဇူလိုင် ၆ ရက်က ရရှိခဲ့သည်။

ချိတ်ဆက်ဝက်ဘ်ဆိုက်အတွက် ရင်းနှီးမြှုပ်နှံသူများမှာ စင်ကာပူအခြေစိုက် Vulpes Investment Management၊ Theta Capital နှင့် ပြည်တွင်းမှ ရင်းနှီးမြှုပ်နှံသူတစ်ဦးတို့ ဖြစ်သည်။ Vulpes နှင့် Theta တို့သည် လက်ရှိအချိန်တွင် ဒေါ်လာသိန်းဂဏန်း ရင်းနှီးမြှုပ်နှံမှုများသာမက နောက်ထပ်ရင်းနှီးမြှုပ်နှံမှုများကိုလည်း ချိတ်ဆက်တွင် ဆက်လက်ပြုလုပ်သွားမည်ဟု သိရသည်။

ချိတ်ဆက်၏ CEO ဖြစ်သူ မဟန်နီမြဝင်းက "ပြည်တွင်းပြည်ပက နည်းပညာ ရင်းနှီးမြှုပ်နှံသူတွေဟာ မြန်မာနိုင်ငံက နည်းပညာလုပ်ငန်းတွေမှာ လာရောက်ရင်းနှီးမြှုပ်နှံဖို့ မျက်စိကျနေတာကြာပါပြီ။ နည်းပညာတွေ တိုးတက်ပြောင်းလဲနေတဲ့ခေတ်ကြီးမှာ ပြည်တွင်းနည်းပညာ startup တွေ လုပ်ငန်းတိုးချဲ့လုပ်ကိုင်ဖို့ ရင်းနှီးမြှုပ်နှံမှုတွေ ရရှိနိုင်တယ်ဆိုတာ ဒီနေ့မှာ သက်သေပြနိုင်ခဲ့ပါပြီ။ မြန်မာနိုင်ငံရဲ့စီးပွားရေး တိုးတက်လာတာနဲ့အမျှ ၅၃ သန်းသော နိုင်ငံသူနိုင်ငံသားတွေအတွက် အလွတ်တန်း အလုပ်အကိုင်များကို ချိတ်ဆက်အနေနဲ့ ဖန်တီးပေးချင်ပါတယ်" ဟု ပြောသည်။

လက်ရှိအချိန်တွင် အလွတ်တန်း အလုပ်လုပ်ကိုင်သူ ၄၅၀၀ ကျော်နှင့် အလုပ်ခန့်လိုသူ အလုပ်ရှင် ၇၇၀ ကျော်တို့သည် Chatesat.com ကို အသုံးပြုလျက်ရှိပြီး ချိတ်ဆက်အနေဖြင့် ၂၀၁၇ နှစ်ကုန်တွင် အလွတ်တန်း အလုပ်လုပ်ကိုင်သူ ၈၀၀၀ ကျော်နှင့် အလုပ်ရှင် ၂၀၀၀ ခန့် ရရှိရန် စီစဉ်ထားပြီးဖြစ်ကာ ရန်ကုန်မြို့တွင်သာမက မန္တလေး၊ နေပြည်တော်နှင့် တောင်ကြီးစသည့် အလုပ်ရှာဖွေရန် အလားအလာကောင်းသော နေရာများ၌လည်း လုပ်ငန်းတိုးချဲ့သွားမည်ဖြစ်ကြောင်း သိရသည်။

ဖန်တီးရာ၏ CEO က "မြန်မာနိုင်ငံမှာ စမတ်ဖုန်းနဲ့ အင်တာနက်အသုံးပြုမှုနှုန်းက ဒေသတွင်းနိုင်ငံတွေထဲမှာ အမြင့်မားဆုံးအဆင့်မှာ ရှိပါတယ်။ သန်းချီတဲ့ပြည်သူတွေက နေ့စဉ် အင်တာနက် အသုံးပြုနေကြပြီး အလုပ်လိုအပ်မှုတွေလည်း အမြောက်အမြား ရှိနေပါတယ်။ ဒစ်ဂျစ်တယ်နည်းပညာကို အသုံးပြုပြီး အလုပ်ရှာဖွေနေတဲ့သူတွေကို စီးပွားရေးလုပ်ငန်းတွေနဲ့ ချိတ်ဆက်ပေးတဲ့ လုပ်ငန်းရဲ့ အလားအလာက တော်တော်ကြီးမားပါတယ်။ ချိတ်ဆက်က ဖန်တီးရာ Accelerator အစီအစဉ်မှာ ပါဝင်ခဲ့ပြီး သူ့ရဲ့လုပ်ငန်းက အလုပ်ရှာနေတဲ့ဈေးကွက်ထဲမှာ လိုအပ်နေတဲ့ လိုအပ်ချက်တွေကို ဖြည့်စွက်ပေးတဲ့ ကဏ္ဍတစ်ခုဖြစ်တာကြောင့် သေချာပေါက်အောင်မြင်မယ်လို့ သိထားပြီးဖြစ်ပါတယ်" ဟု ပြောသည်။

ဖန်တီးရာ Accelerator အစီအစဉ် အမှတ်စဉ်(၁)တွင် ပါဝင်ခဲ့သော White Merak သည် ခြောက်လအတွင်း အသုံးပြုသူပေါင်း တစ်သောင်းကျော် ရရှိထားပြီးဖြစ်ကာ ချိတ်ဆက်ဝက်ဘ်ဆိုက်သည်လည်း ဖန်တီးရာ Accelerator အစီအစဉ်တွင် ပါဝင်ခဲ့သော ခြောက်လတာကာလအတွင်း အလွတ်တန်း အလုပ်လုပ်ကိုင်လိုသူ ၃၄၀၀ ကျော်နှင့် အလုပ်ရှင် ၅၉၀ ကျော် ရရှိခဲ့သည်။ ဖန်တီးရာသည် Accelerator အစီအစဉ် အမှတ်စဉ်(၁) အတွက် Demo Day ကို မတ် ၃ ရက်က ကျင်းပခဲ့ပြီး Accelerator အစီအစဉ်(၁)မှ Startup လုပ်ငန်းလေးခုက မိမိတို့လုပ်ငန်းများအကြောင်းကို ပြည်တွင်းပြည်ပမှ နည်းပညာ ရင်းနှီးမြှုပ်နှံသူ ၃၀ ကျော်ထံ တင်ဆက်ပြသခဲ့ကြသည်။

ဖန်တီးရာသည် Accelerator အစီအစဉ် အမှတ်စဉ်(၂)အတွက် နည်းပညာ Startup လုပ်ငန်းများထံမှ ဝင်ခွင့်လျှောက်လွှာများကိုလည်း ဇွန် ၈ ရက်မှစ၍ လက်ခံလျက်ရှိပြီး ဇူလိုင် ၃၁ ရက်အထိ လက်ခံမည်ဖြစ်ကာ ဩဂုတ်လထဲတွင် Startup လုပ်ငန်း ၁၀ ခုကို ရွေးချယ်သွားမည်ဖြစ်သည်။ ထို့နောက် Accelerator အစီအစဉ် အမှတ်စဉ်(၂)ကို စက်တင်ဘာလထဲတွင် စတင်မည်ဖြစ်ပြီး ခြောက်လတာကြာမြင့်သော အစီအစဉ်အပြီး ၂၀၁၈ မတ်လထဲတွင် Startup လုပ်ငန်းများသည် ရင်းနှီးမြှုပ်နှံသူများရှေ့၌ မိမိတို့၏လုပ်ငန်းများကို တင်ဆက်ပြသရမည်ဖြစ်သည်။ ဖန်တီးရာ၏ Accelerator အစီအစဉ်နှင့်ပတ်သက်၍ အသေးစိတ်အချက်များကို သိရှိလိုပါက accelerator.phandeeyar.org တွင် ဝင်ရောက်ကြည့်ရှုနိုင်မည်ဖြစ်သည်။

**သူရဖြိုး**

# အူရီဒူးနှင့် iflix ပူးပေါင်း၍ ဝန်ဆောင်မှုသစ်များ စတင်ပေးအပ်

**ရန်ကုန် ဇူလိုင် ၇**
လစဉ်ကြေးပေးသွင်း၍ ဗီဒီယိုများကို အင်တာနက်မှ ကြည့်ရှုနိုင်၊ ဒေါင်းလုပ်ဆွဲနိုင်သည့်ဝန်ဆောင်မှုကို လုပ်ကိုင်နေသော ကမ္ဘာ့ထိပ်တန်းကုမ္ပဏီတစ်ခုဖြစ်သည့် iflix နှင့် အူရီဒူးမြန်မာတို့ ပူးပေါင်း၍ ဝန်ဆောင်မှုသစ်များ ဆောင်ရွက်သွားမည်ဖြစ်ရာ အဆိုပါ အစီအစဉ်အရ အူရီဒူးသုံးစွဲသူများအားလုံးအနေဖြင့် iflix ၏ ဝန်ဆောင်မှုများ ရယူနိုင်ရန် လစဉ်ကြေးသက်သာခွင့်၊ တစ်လလျှင် 1GB နှုန်းဖြင့် ခြောက်လ အင်တာနက်အခမဲ့သုံးစွဲခွင့်တို့ကို ရယူနိုင်ပြီဖြစ်ကြောင်း သိရသည်။

အူရီဒူးသုံးစွဲသူ တစ်ဦးချင်းစီအနေဖြင့် ရယူထားသော အင်တာနက်အစီအစဉ်များအပြင် တစ်လချင်းစီ အခမဲ့ရရှိမည့် 1GB ဒေတာအစီအစဉ်ကို ခြောက်လတိုင်တိုင် အသုံးပြုပြီး iflix မှ နှစ်သက်ရာဗီဒီယိုများကို တိုက်ရိုက်ဖြစ်စေ၊ ဒေါင်းလုပ်ဆွဲ၍ဖြစ်စေ ကြည့်ရှုနိုင်မည်ဖြစ်ကြောင်း သိရသည်။ ထို့အပြင် အူရီဒူးအနေဖြင့် iflix သီးသန့်အသုံးပြုနိုင်ရန်အတွက် အထူးသီးသန့်ဒေတာအစီအစဉ်များကိုလည်း ထပ်မံဝန်ဆောင်မှုပေးထားရာ 1GB အတွက် ၉၉၉ ကျပ်၊ 4GB အတွက် ၂၉၉၉ ကျပ်၊ 10GB အတွက် ၅၉၉၉ ကျပ်သာ ကျသင့်မည်ဖြစ်သည်။ ထို့အပြင် အူရီဒူး၏ အင်တာနက်အစီအစဉ်များကို ဝယ်ယူသူများအနေဖြင့်လည်း iflix အသုံးပြုနိုင်ရန် ဒေတာများအပိုရရှိမည့် အစီအစဉ်များကိုလည်းပြုလုပ်ထားကြောင်း အူရီဒူးမြန်မာမှ သတင်းထုတ်ပြန်ချက်အရ သိရသည်။

iflix မြန်မာ၏ Country Manager က "ကျွန်မတို့အနေနဲ့ အူရီဒူးနဲ့ ပူးပေါင်းဆောင်ရွက်နိုင်တဲ့အတွက် ဂုဏ်ယူဝမ်းမြောက်မိပါတယ်။ အခုလို ပထမဆုံး ပူးပေါင်းဆောင်ရွက်မှုက မြန်မာပြည်သူတွေအတွက် ထောင်ပေါင်းများစွာသော ဇာတ်လမ်းတွဲများ၊ မြန်မာ့ရုပ်ရှင်လောကရဲ့ နာမည်ကျော်ရုပ်ရှင်ကားများကို အမြန်ဆန်ဆုံးအင်တာနက်နှုန်းနဲ့ အလွယ်တကူပဲ ကြည့်ရှုနိုင်စေမှာဖြစ်ပါတယ်" ဟု ပြောသည်။

iflix အနေဖြင့် စတင်ကြည့်ရှုသူအသစ်များအား ၎င်း၏ ဝန်ဆောင်မှုများအားလုံးကို တစ်လတိတိ အခမဲ့ကြည့်ရှုခွင့် လက်ဆောင်ပေးအပ်မည်ဖြစ်ရာ iflix အပလီကေးရှင်းကို www.iflix.com မှဖြစ်စေ၊ Google Play Store နှင့် Apple App Store တို့မှဖြစ်စေ ဒေါင်းလုပ်ရယူပြီး Account ဖွင့်လှစ်ကာ iflix မှ တီဗွီအစီအစဉ်များနှင့် ရုပ်ရှင်များ၊ ဒေသတွင်းနှင့် ပြည်တွင်းရုပ်ရှင်များ စသည့် အစီအစဉ်များကို ကြည့်ရှုနိုင်မည်ဖြစ်သည်။

**သူရဖြိုး**

## New Product

# ဆိုရှယ် App နှစ်ခုစီ အသုံးပြုနိုင်တဲ့ Galaxy J5 Pro နှင့် J7 Pro

Social Media နဲ့ Chat Apps တွေမှာ အကောင့်နှစ်ခုကို တစ်ပြိုင်နက်တည်း အသုံးပြုလို့ရမယ့် Dual Messenger ပါဝင်တဲ့ ဆမ်ဆောင်း Galaxy J5 Pro နဲ့ J7 Pro တို့ဟာ ပြီးခဲ့တဲ့ ဇွန်လလယ်ပိုင်းက ပြည်တွင်းဈေးကွက်မှာ မိတ်ဆက်ထားတဲ့ စမတ်ဖုန်းသစ်တွေဖြစ်ပြီး ဆမ်ဆောင်းက အရင်က ထုတ်လုပ်ထားတဲ့ Galaxy J စမတ်ဖုန်းစီးရီးစ်ထဲက မော်ဒယ်သစ်တွေဖြစ်ပါတယ်။

Galaxy J5 Pro(2017)ဟာ မျက်နှာပြင်အကျယ် ၅ ဒသမ ၂ လက်မရှိပြီး Screen resolution က 720x1280 pixels ရှိလို့ ရုပ်ထွက်ပိုင်း ကောင်းမွန်ပါတယ်။ အန်းဒရွိုက်ဗားရှင်း (7.1)Nougat ကို ထည့်သွင်းပေးထားပြီး Octa-




core 1.6 GHz CPU ကို အသုံးပြုထားပါတယ်။ မင်မိုရီ 16GB သို့မဟုတ် 32GB နဲ့ RAM 2GB ပါဝင်တဲ့ အက်ဒီးရှင်းနှစ်မျိုးနဲ့ မင်မိုရီ 32GB၊ RAM 3GB ပါဝင်တဲ့ အက်ဒီးရှင်းတစ်မျိုး ထွက်ထားပါတယ်။ မင်မိုရီကတ် ထပ်စိုက်သုံးလို့ရပြီး 256GB အထိ အသုံးပြုနိုင်အောင် ထောက်ပံ့ပေးထားပါတယ်။ ကင်မရာပိုင်းမှာတော့ ၁၃ မဂ္ဂါပစ်ဇယ်စီရှိတဲ့ ရှေ့နောက် ကင်မရာတွေ ပါဝင်ပါတယ်။ ဘက်ထရီပိုင်းမှာတော့ 3000 mAh ဘက်ထရီကို ထည့်သွင်းပေးထားပြီး ဆင်းကတ်နှစ်ကတ် ထည့်သွင်းအသုံးပြုနိုင်ပါတယ်။

ပြည်တွင်းဈေးကွက်မှာတော့ Galaxy J5 Pro(2017) ကို မင်မိုရီ 32GB ၊ RAM 3GB တစ်မျိုးတည်းကိုသာ ဆမ်ဆောင်းက မိတ်ဆက်ထားပြီး ကိုယ်ထည်အရောင်အနေနဲ့ အနက်ရောင်၊ ရွှေရောင်၊ ပန်းရောင်နဲ့ ငွေပြာရောင် လေးမျိုး ရှိပါတယ်။ ဈေးနှုန်းက ကျပ် ၃၅၉၀၀၀ ဖြစ်ပါတယ်။

Galaxy J7 Pro(2017)စမတ်ဖုန်းသစ်ဟာ မျက်နှာပြင်အကျယ် ၅ ဒသမ ၅ လက်မရှိပြီး Screen resolution က 1080x1920 pixels ရှိလို့ ရုပ်ထွက်ပိုင်း အထူးကောင်းမွန်ပါတယ်။ Super AMOLED Full HD မျက်နှာပြင်ဖြစ်ပြီး ဖုန်းကိုယ်ထည်ကလည်း ကျစ်လျစ်သပ်ရပ်တဲ့ သတ္တုကိုယ်ထည်ဖြစ်ပါတယ်။ အန်းဒရွိုက်ဗားရှင်းနဲ့ CPU တို့က J5 Pro နဲ့ အတူတူဖြစ်ပြီး RAM က 3GB နဲ့ အင်တာနယ်မင်မိုရီက 64GB ဖြစ်ပါတယ်။ မင်မိုရီကတ် ထပ်စိုက်သုံးရင် 256GB အထိ ထောက်ပံ့ပေးထားပါတယ်။ ကင်မရာပိုင်းမှာတော့ ၁၃ မဂ္ဂါပစ်ဇယ်ရှိတဲ့ ရှေ့နောက်ကင်မရာတွေကို Full HD လုပ်ဆောင်ချက်တွေနဲ့ ပေါင်းစပ်ပေးထားပါတယ်။ ဆင်းကတ်နှစ်ကတ် ထည့်သွင်းအသုံးပြုနိုင်ပြီး ဘက်ထရီက 3600 mAH ဘက်ထရီဖြစ်လို့ စွမ်းဆောင်ရည်မြင့်ပါတယ်။

ကိုယ်ထည် အရောင်အနေနဲ့ J5 Pro လိုပဲ အနက်ရောင်၊ ရွှေရောင်၊ ပန်းရောင်နဲ့ ငွေပြာရောင် လေးမျိုး ရရှိနိုင်မှာဖြစ်ပြီး ဈေးနှုန်းက ကျပ် ၄၂၅၀၀၀ ဖြစ်ပါတယ်။

"Galaxy J series က မြန်မာနိုင်ငံမှာ ရောင်းအားအကောင်းဆုံး ဖုန်းတွေဖြစ်ပါတယ်။ နည်းပညာအသစ်တွေ ထပ်မံထည့်သွင်းထားတဲ့ ဒီဇိုင်းသစ် J series စမတ်ဖုန်းသစ်တွေက ကျွန်တော်တို့ရဲ့ ရှိပြီးသား customer တွေကိုရော၊ customer အသစ်တွေကိုရော စိတ်ကျေနပ်မှု အပြည့်အဝ ပေးစွမ်းနိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်" လို့ ဆမ်ဆောင်းမြန်မာမှ တာဝန်ရှိသူ ကိုဇာနည်ဝင်းထက်က ဆိုပါတယ်။

စမတ်ဖုန်းနှစ်မျိုးစလုံးမှာ လက်ဗွေရာဖတ်စနစ်တွေနဲ့အတူ




အသစ်ထပ်မံတိုးမြှင့်ထားတဲ့ လုံခြုံရေးစနစ်တွေ ပါဝင်ပြီး ဆမ်ဆောင်းရဲ့ ထိပ်တန်းစမတ်ဖုန်းတွေမှာသာ ပါဝင်တဲ့ Always-On-Display လုပ်ဆောင်ချက်အသစ်ကိုလည်း Galaxy J7 Pro မှာ ထည့်သွင်းပေးထားပါတယ်။ ဒ့ါအပြင် ထူးခြားတဲ့ Dual Messenger solutions လုပ်ဆောင်ချက်ကလည်း သုံးစွဲသူတွေအနေနဲ့ Social Media တွေ၊ Chatting Application တွေမှာ အကောင့်နှစ်ခု သုံးချင်တဲ့အခါ Log in, Log out လုပ်နေစရာမလိုဘဲ နှစ်ခုလုံးကို တစ်ပြိုင်တည်း အသုံးပြုနိုင်အောင် လုပ်ဆောင်ပေးမှာဖြစ်ပါတယ်။

လက်ရှိအချိန်မှာ J5 Pro နဲ့ J7 Pro နှစ်မျိုးလုံးအတွက် ဆမ်ဆောင်းမြန်မာက အူရီဒူးနဲ့ပူးပေါင်းပြီး ပရိုမိုးရှင်းတစ်ခုကိုလည်း ပြုလုပ်ထားပါတယ်။ ဒီပရိုမိုးရှင်းအစီအစဉ်အရ ဖုန်းဝယ်ရင်ရမယ့် အူရီဒူးဆင်းကတ်မှာ လစဉ် ကျပ် ၅၀၀၀ ဖိုး ငွေဖြည့်တာနဲ့ 2GB ဒေတာသုံးစွဲခွင့်ကို ခြောက်လဆက်တိုက် ရရှိခံစားနိုင်မှာဖြစ်ပါတယ်။

**သူရဖြိုး**



# သစ္စာရှိပြီး နှစ်နှစ်ကာကာချစ်တဲ့ အချစ်မျိုးကိုပဲ လိုချင်တယ်ဟုဆိုလာသူ အကယ်ဒမီနေတိုး

● ကိုလင်း

**အသက်အရွယ်အားဖြင့်** ၃၀ကျော်လာခဲ့သည့် လူငယ်ဝါရင့်အနုပညာရှင်အကယ်ဒမီနေတိုးက အနုပညာအလုပ်များကို လုပ်ကိုင်ရင်း အချစ်စစ်အချစ်မှန်တစ်ခုအား ရှာဖွေနေကြောင်း ပြောကြားလိုက်သည်။

**မေး ။ လူပျိုကြီးအဖြစ်နဲ့ပဲ အရိုးထုတ်တော့မှာလား။ အချစ်သစ်ရောတွေ့ပြီလား။**

ဖြေ ။ အချစ်နဲ့ပတ်သက်ပြီးတော့ ကျွန်တော်ဖြေလေ့ဖြေထမရှိဘူး။ အမှန်က ဖြေစရာလည်းသိပ်မရှိတာ။ ကျွန်တော် အချစ်နဲ့ ပတ်သက်ပြီး မခံစားချင်သေးဘူး။ ဇာတ်ကားတွေရိုက်ရင်းတော့ အချစ်အကြောင်း အချိုခံစားချက်ကလေးတွေဆိုရင် တော်တော် သဘောကျတယ်။ စိတ်ကူးလည်းယဉ်မိတယ်။ လူတိုင်းက ကျွန်တော့်ကိုမေးတယ် ရည်းစားရပြီလားတဲ့။ ဒီမေးခွန်းအတွက် ခိုင်လုံတဲ့အဖြေ ကျွန်တော့်ဆီမှာ မရှိသေးဘူး။

**မေး ။ အနုပညာအလုပ်အပြင် ဘဝအတွက် ခိုင်မာတဲ့ စီးပွားရေးလုပ်ငန်းမျိုးတွေ လုပ်ကိုင်တာရှိလား။ လုပ်ဖို့အစီအစဉ်ရောရှိသလား။**

ဖြေ ။ ရှိပါတယ်။ အနုပညာနဲ့ ဆက်နွှယ်တဲ့ စီးပွားရေးလုပ်ဖို့ စိတ်ကူးထားတယ်။ ဥပမာဗျာ Post House တွေ ဖွင့်တာမျိုး၊ ရိုက်ကူးရေးပိုင်းနဲ့ပတ်သက်ပြီး ကင်မရာတို့ Lighting တို့ စတဲ့ ပစ္စည်းတွေရောင်းတာမျိုးကို စိတ်ဝင်စားတယ်။ အထူးသဖြင့် အနုပညာအလုပ်ကို အထောက်အကူဖြစ်စေတဲ့ လုပ်ငန်းမျိုးကို လုပ်ဖို့ရည်ရွယ်နေတယ်။

**မေး ။ ကျွန်ဇာတ်ကားနဲ့ ပတ်သက်ပြီးတော့ရော ကိုနေတိုးရဲ့အမြင်ကို ပြောပြပေးပါဦး။**

ဖြေ ။ အနုပညာဖန်တီးမှုနဲ့ ပတ်သက်ပြီးတော့ ဦးညွန့်မြင့်မာညီညီအောင်ကို ပြောစရာဘာမှမရှိပါဘူး။ သူဟာ အရည်အချင်း ပြည့်ဝတဲ့ ဖန်တီးသူတစ်ယောက်ပါ။ ဒေသခံတွေနဲ့ ပတ်သက်ပြီးတော့ ဇာတ်ကားအပေါ်မှာ ဝေဖန်မှုတွေ ဖြစ်လာတာပေါ့နော်။ ဒီဘက်ခေတ်ဒီဘက်အခါမှာ အကြောင်းအရာတစ်ခုခုကို ဆွဲထုတ်လိုက်တိုင်း နောက်ကနေ အဲဒီအစတစ်ခုကို ဆုပ်ကိုင်ပြီး ထပ်ဆွဲနေကြတဲ့သူက ပိုများတယ်။ ဒီဇာတ်ကားအနေနဲ့ တရားစွဲဆိုခံရတယ်ဆို ဘယ်လိုအကြောင်းနဲ့ တရားစွဲဆိုလဲဆိုတာတော့ တော်တော်ကို အံ့သြမိပါတယ်။ ကျွန်တော့်အနေနဲ့ကတော့ ဘယ်လိုဆက်ဖြစ်လာ မလဲဆိုတာ သေချာမပြောတတ်ဘူး။

**မေး ။ ကျွန်တော်တို့နိုင်ငံမှာ အနုပညာကိုဖန်တီးကြတဲ့ ပညာရှင်တွေအနေနဲ့ ကျဉ်းမြောင်းတဲ့ ပတ်ဝန်းကျင် တစ်ခုတည်းကနေ ဖန်တီးနေရတယ်လို့ ပြောလာခဲ့ရင် ကိုနေတိုး လက်သင့်ခံနိုင်သလား။**

ဖြေ ။ ကျွန်တော်တို့ဆီမှာက စနစ်ကျနဖို့ အများကြီးလိုနေသေးတယ်လို့ မြင်ပါတယ်။ စနစ်ကျဖို့ဆိုတာ ဖန်တီးထားတဲ့ အနုပညာ တစ်ခုက ကျွန်တော်တို့ စနစ်တကျနဲ့ ဖန်တီးထားတဲ့ အနုပညာဆိုလို့ရှိရင်ပြီးရော ထောက်ပြစရာမရှိအောင်လုပ်နိုင်ဖို့ လိုအပ် နေသေးတယ်။ ဘာဖြစ်လို့လဲဆိုရင် ကျွန်တော်တို့က ပရိသတ်ကိုပြသရမယ့် ဇာတ်ကားဖြစ်နေတော့ ထောက်ကွက်၊ ဟာကွက်တွေ နည်းနိုင်သမျှနည်းအောင် အပြစ်မရှိအောင် ဖန်တီးပေးနိုင်ရင် အကောင်းဆုံးလို့ထင်ပါတယ်။ ဒီလိုအရာတွေက ကျွန်တော်တို့ဆီမှာ တင်မဟုတ်ပါဘူး၊ ပြည်ပနိုင်ငံတွေမှာလည်း ဇာတ်ကားရိုက်ကူးတိုင်း ဝေဖန်ထောက်ပြသူတွေအများကြီးနဲ့ ကြုံနေကြရတာပဲ။ ဒါပေမယ့် မဖန်တီးခင်ကတည်းက Risk တွေကို ကြိုတင်ခန့်မှန်းပြီး စနစ်တကျနဲ့ ဖန်တီးတာကို လေ့ကျင့်ရမှာပဲ။

**မေး ။ ကိုနေတိုးအနေနဲ့ အနုပညာသက်တမ်းလည်း ကြာမြင့်လာတော့ ဇာတ်ရုပ်ကိုရော ရွေးချယ်ရိုက်ကူးလာတာမျိုးရှိလား။**

ဖြေ ။ အထူးသဖြင့် ရုပ်ရှင်ဇာတ်ကားတွေ ရိုက်တဲ့အခါ ပိုပြီးတော့ ဂရုစိုက်ပြီး ရွေးချယ်ဖြစ်ပါတယ်။ နောက်ထပ်လည်း ရုပ်ရှင် ဇာတ်ကားကြီး သုံးကားလောက် ကျွန်တော် ထပ်ရိုက်ထားတာရှိသေးတယ်။ အဲဒီမှာလည်း ဇာတ်ရုပ်က ကျွန်တော်ရိုက်ကူးနေကျ ပုံစံကနေ ကွဲထွက်နေတာကို မြင်ရမှာပါ။ ဇာတ်ကားကို ရွေးရင် ဇာတ်လမ်းဇာတ်အိမ်ကို နားလည်သဘောပေါက်အောင် ဖတ်ရှုပြီးမှ လက်ခံပါတယ်။ ကျွန်တော်အခုနောက်ပိုင်း ရိုက်ကူးထားတဲ့ ဇာတ်ကားတွေကတော့ ဇာတ်ရုပ်က အထူးခြားကြီးမဟုတ်ပါဘူး။ ဇာတ်လမ်းတင်ပြမှု အပိုင်းလေးတွေ စိတ်ဝင်စားလို့ ကြိုက်တာဖြစ်ပါတယ်။ ॥

# ပေါ့ပေါ့ပါးပါးဇာတ်ရုပ်ကိုပဲ ရွေးချယ်ရိုက်ကူးဖြစ်တယ်ဆိုတဲ့ ရွှေရေးထင်ထင်

NZA

**ဇာတ်ညွှန်းရေးသားခြင်းနှင့် သရုပ်ဆောင်အလုပ်များ ဆက်တိုက်ဆိုသလို လုပ်ဆောင်ဖြစ်နေတဲ့ ရွှေရေးထင်ထင်နှင့် သူ၏လတ်တလော အနုပညာလှုပ်ရှားမှုများအကြောင်း မေးမြန်းတင်ပြလိုက်ရပါသည်။**

**လတ်တလောအနုပညာလှုပ်ရှားမှု ပြောပြပေးပါဦး။**

လတ်တလော အနုပညာလှုပ်ရှားမှုအနေနဲ့ "အလင်းဖွဲ့အိပ်မက်" ဆိုတဲ့ ဇာတ်ကားကို ရိုက်ကူးနေပါတယ်။ ဒါရိုက်တာက သိန်းဟန် (ဖီးနစ်)၊ ကိုနေဒွေး၊ ကိုရဲအောင်၊ ဦးထူးသာတို့နဲ့ ဖြစ်ပါတယ်။

**ဘယ်လိုဇာတ်ရုပ်မျိုးသရုပ်ဆောင်ဖြစ်လဲ။**

သရုပ်ဆောင်အနေနဲ့ ရိုက်ကူးထားတာ လေးကားရှိပါပြီ။ ရွှေရေးက သရုပ်ဆောင်တာ မကျွမ်းကျင်သေးတဲ့အတွက် ပေါ့ပေါ့ပါးပါး ဇာတ်ရုပ်ကိုပဲ ရွေးပြီးရိုက်ကူး ဖြစ်ပါတယ်။

**သရုပ်ဆောင်တစ်ယောက်အဖြစ် ရေရှည်ရပ်တည်ဖို့ အစီအစဉ်ရှိလား။**

သရုပ်ဆောင်အဖြစ် ရေရှည်ရပ်တည်ဖို့အစီအစဉ် မရှိပါဘူး။ သရုပ်ဆောင် အဖြစ် ဇာတ်ကားရိုက်ကူးရေးတွေပြီးတဲ့အခါ ရုပ်ရှင်ကားကြီး ဇာတ်ညွှန်းရေးပါ့မယ်။ ရုပ်ရှင်ကားကြီး ဇာတ်ညွှန်းရေးပြီးတဲ့အခါ ဇာတ်လမ်းတွဲ ဇာတ်ညွှန်းဆက်ရေးဖြစ်ပါမယ်။ ဇာတ်လမ်းတွဲ ဇာတ်ညွှန်းကတော့ ရွှေရေးအတွက် တတိယ မြောက်ဇာတ်လမ်းတွဲဇာတ်ညွှန်း ဖြစ်ပါတယ်။



**ဇာတ်ညွှန်းရေးတဲ့အပိုင်းကရော။**

ဇာတ်လမ်းတွဲ ဇာတ်ညွှန်းအနေနဲ့ ဒါရိုက်တာ သိန်းဟန် (ဖီးနစ်) ရိုက်ကူးတဲ့ "မာန်" MRTV-4 ဇာတ်လမ်းတွဲ၊ ဒါရိုက်တာ ကိုပေါက် ရိုက်ကူးတဲ့ "ရွှေကြာဖူးသစ်" MTRV-4 ဇာတ်လမ်းတွဲတွေကို ဇာတ်ညွှန်းရေးသားဖြစ်ခဲ့ပါတယ်။ "ရွှေကြာဖူးသစ်" ကတော့ ရွှေရေးပထမဆုံး ထွက်ရှိထားတဲ့ လုံးချင်းဝတ္ထုကို ဇာတ်လမ်းတွဲ အဖြစ် ပြန်လည်ပုံဖော်တာဖြစ်ပါတယ်။ "ရွှေကြာဖူးသစ်" ဇာတ်လမ်းတွဲက အခုရိုက်ကူးနေဆဲပါ။ "မာန်"ဇာတ်လမ်းတွဲ ကတော့ မကြာ ခင်မှာ MRTV-4 က ပြသတော့မှာ ဖြစ်ပါတယ်။

**ဇာတ်ညွှန်းအပြင် တခြားစာပေတွေရော ရေးဖြစ်လား။**

ရေးသားမှုအပိုင်းကတော့ ရုပ်ရှင်ဇာတ်ညွှန်း၊ ဗီဒီယို ဇာတ်ညွှန်းတွေအပြင် ဇာတ်လမ်းတွဲ ဇာတ်ညွှန်းတွေ ရေးသားပါတယ်။ ဇာတ်လမ်းတွဲ ဇာတ်ညွှန်းတွေ ရေးသားတဲ့အခါမှာ အချိန်ကာလ ကြာရှည်စွာ အချိန်ပေးရပါတယ်။ ဇာတ်ညွှန်းတွေဘက်ကို ပိုအလေးပေး ရေးသားဖြစ်တဲ့အတွက် အရင်လို ကဗျာ၊ ဝတ္ထုတိုတွေရေးဖို့ အချိန်သိပ်မပေးဖြစ်တော့ပါဘူး။

**ဘယ်လိုဖက်ရှင်မျိုး ဝတ်ဆင်ရတာနှစ်သက်လဲ။**

အလုပ်ကိစ္စနဲ့ ပွဲတက်တွေကလွဲရင် ရာသီမရွေးဝတ်ဆင်ဖြစ်တာက ရှပ်အင်္ကျီပွပွနဲ့ ကွာတားဘောင်းဘီပါပဲ။ သွားလာရတာလွတ်လပ်ပေါ့ပါးလို့ပါ။

**ရွှေရေးရဲ့မိသားစုက...**

မိသားစုက မေမေနဲ့ရွှေရေး နှစ်ယောက်တည်း တစ်ကမ္ဘာပါပဲ။

ဘဝမှာအမှတ်အရဆုံး အဖြစ်အပျက်ရှိမှာပေါ့။ ဘဝမှာ အမှတ်အရဆုံး ဖြစ်ရပ်ကတော့ ကိုယ့်ရဲ့ စာမူကို ပုံနှိပ်စာလုံး အဖြစ် ပထမဆုံးမြင်တွေ့ရတဲ့အချိန်ပါ။

**အခက်အခဲတွေကြုံလာရင် ဘယ်လိုဖြတ်ကျော်လဲ။**

အခက်အခဲတွေ ကြုံလာချိန်မှာတော့ စိတ်တည်ငြိမ်မှုရှိအောင် ဘုရား၊ တရား ပိုလုပ် ဖြစ်တယ်။

**အနာဂတ်ရည်မှန်းချက်က ဘာဖြစ်မလဲ။**

အနာဂတ်ရည်မှန်းချက်ကတော့ ကိုယ်ဖန်တီးချင်တဲ့ ဇာတ်လမ်းပေါင်းများစွာကို ပုံဖော်ဖန်တီးဖို့ပါပဲ။

**အားလပ်ချိန်ကို ဘယ်လိုအသုံးချဖြစ်လဲ။**

အားလပ်ချိန်တွေမှာ စာဖတ်တယ်။ ရုပ်ရှင်ကြည့်တယ်။ Facebookမှာ သူငယ်ချင်း၊ ပရိသတ်တွေ ပို့ထားတဲ့စာတွေပြန်ဖြစ်တယ်။ ပရိသတ်တွေနဲ့ အချိန်ပေးစကား ပြောဖြစ်ပါတယ်။

**မိုးရာသီဆိုတော့ ရိုက်ကူးရေးအလုပ်တွေ အဆင်ပြေလား။**

မိုးရာသီကရိုက်ကူးရေးလုပ်ဖို့ ခက်ခဲပေမယ့် မိုးရာသီရဲ့ အေးမြမှုကိုနှစ်သက်ပါတယ်။

**ပရိသတ်တွေကိုဘာများ ပြောလိုပါလဲ။**

ရွှေရေးရဲ့ကဗျာ၊ စာ၊ သရုပ်ဆောင်မှုအစရှိတဲ့ အနုပညာမှန်သမျှကိုအားပေးတဲ့ ပရိသတ်ကြီးကို ကျေးဇူးအထူးတင်ပါတယ်လို့ပြောချင်ပါတယ်။

**ဘဝမှာ အမှတ်အရဆုံး ဖြစ်ရပ်ကတော့ကိုယ့်ရဲ့ စာမူကို ပုံနှိပ်စာလုံးအဖြစ် ပထမဆုံးမြင်တွေ့ရတဲ့အချိန်ပါ။**



# ကပ္ပိယဇာတ်ကားတွင် မြင်နေကျဇာတ်ရုပ်မဟုတ်သည့် ဖွေးဖွေး ဆမ်ဆောင်း၏ သံတမန်အဖြစ် ရွေးချယ်ခံရ

ကိုလင်း

လက်ရှိ ရုံတင်ပြသနေသည့် ကပ္ပိယရုပ်ရှင်ဇာတ်ကားကြီးတွင် ပရိသတ်များ မြင်နေကျမဟုတ်သည့် ဇာတ်ရုပ်ဖြင့် မြင်တွေ့ရမည်ဖြစ်ကြောင်း ဖွေးဖွေးက ပြောသည်။

"ဖွေးဖွေးက Heavy ဇာတ်ကားတွေ ကြိုက်တယ်။ ဒါပေမယ့်လည်း ကိုယ်ကြိုက်တာတွေပဲ လုပ်လို့မဖြစ်သေးဘူး။ ပေါ့ပေါ့ပါးပါးလေးနဲ့ ကိုယ့်စီနီယာအစ်ကိုတွေကို ပံ့ပိုးတဲ့ ဇာတ်ကားတွေရိုက်မှ အညီအမျှဖြစ်မယ်ဆိုပြီး ဟာသဆန်ဆန် ပေါ့ပေါ့ပါးပါးလေးတွေ လက်ခံပြီး ရိုက်ဖြစ်တာပါ" ဟု ယင်းဇာတ်ကားလက်ခံရိုက်ကူးဖြစ်သည့်အကြောင်း ပြောသည်။

ယင်းဇာတ်ကားတွင် ဖွေးဖွေးက ကျေးရွာ၌ ကွမ်းတောင်ကိုင်တစ်ဦးအဖြစ် ပါဝင်သရုပ်ဆောင်ထားပြီး ဖွေးဖွေးနှင့်အတူ ပြေတီဦးနှင့် ကောင်းပြည့်တို့က ပါဝင်သရုပ်ဆောင်ထားသည်။

"ဒီကားမှာက အခန်းလည်း သိပ်မပါဘူး။ လုပ်ကွက်လည်းမများတော့ ပုံစံလေးနဲ့ပဲ ပရိသတ်ကို ဆွဲဆောင်နိုင်မယ်။ ဖွေးဖွေးပုံလေး ထွက်လာရင် အပျင်းပြေတာပေါ့။ ဆံရစ်ဝိုင်းတို့ ဘာတို့ ကိုယ်လည်း ငယ်ငယ်ကတည်းက လုပ်ချင်ဖူးတဲ့ဖက်ရှင်ဆိုတော့ မြချစ်ကို လုပ်ပေးလိုက်တာပါ။ ကိုဝိုင်းက ရုပ်ရှင်ဇာတ်ကားရဲ့အသက်က ဇာတ်ညွှန်းပဲပေါ့။ ဇာတ်ညွှန်းကို သူက စိတ်တိုင်းမကျသေးဘူး။ နှစ်ခါရှိပြီပြင်တာ။ ဖွေးဖွေးကလည်း အဲဒီတော့ နားလည်ပေးတာပေါ့။ ကိုဝိုင်း ဇာတ်ညွှန်းအကောင်းဆုံးဖြစ်မှပဲ ရိုက်ပါတော့မယ်တဲ့။ ဘယ်အချိန်မှ ရိုက်ရမလဲမသိဘူး။ အချိန်အကန့်အသတ်မရှိ နောက်ဆုတ်တယ်ဆိုတော့" ဟု ဖွေးဖွေးက ဖြစ်ရပ်မှန်ဇာတ်ကား ရိုက်ကူးရေးနှင့်ပတ်သက်၍ ပြောသည်။

သူ့အနေဖြင့် ဒါရိုက်တာဝိုင်း ရိုက်ကူးမည့် ဖြစ်ရပ်မှန် ဇာတ်ကားတွင်လည်း ပါဝင်သရုပ်ဆောင်ရန်ရှိပြီး လတ်တလောအနေဖြင့် ကြော်ငြာများရိုက်ကူးထားကာ Samsung Myanmar ၏ Brand Ambassador အဖြစ် ခန့်အပ်ခံရပြီး အနုပညာအလုပ်တွေကို ဆက်လက်ဖန်တီးလုပ်ကိုင်သွားရန် ရှိကြောင်းလည်း သိရှိရသည်။

# စိုးပြည့်သဇင်ရဲ့ "စည်း"

"မိုးည အိပ်မက်မြူ" ရုပ်ရှင်ဇာတ်ကားကြီးနှင့် အကယ်ဒမီရရှိခဲ့သည် သရုပ်ဆောင် စိုးပြည့်သဇင်က လူမှုကွန်ရက်မှတစ်ဆင့် လူအများနှင့်နေထိုင်သည့်အခါ လိုက်နာသင့်သည့် အခြေခံစောင့်ထိန်းသင့်သည့်အရာများကို ရေးသားခဲ့သဖြင့် ပရိသတ်များဖြင့် အနုပညာ မောင်နှမများ၏ ကြိုက်နှစ်သက်မှုများစွာကို ရရှိခဲ့ကြောင်း သိရသည်။

ပေါင်းသင်းဆက်ဆံရေးမှာ "စည်း"တွေရှိပါတယ်၊ မိဘနဲ့ သားသမီး၊ မောင်ရင်းနှမ၊ ဇနီးမောင်နှံ၊ ဆရာတပည့်၊ ဆွေမျိုး၊ မိတ်ဆွေအပေါင်းအသင်း၊ ငယ်ပေါင်းလူရင်း၊ အလုပ်ရှင် အလုပ်သမား၊ ဈေးသည် ဈေးဝယ်စတဲ့ ဘယ်လိုဆက်ဆံရေးမျိုးမှာမဆို နှစ်ဦးနဲ့အထက်ရှိတိုင်း အချင်းချင်းကြား ထားရှိရမယ့် နားလည်မှု ဆင်ခြင်မှု အပိုင်းအကန့်တစ်ခုဟာ "စည်း" ပါပဲ။ ယုတ်စွအဆုံး အခုလူတိုင်းနီးပါးသုံးနေတဲ့ လူမှုကွန်ရက်မှာလည်းပဲ "စည်း" ဆိုတာ ရှိပါတယ်၊ ရှိဖို့လိုအပ်ပါတယ်။ 'စည်း' ဆိုတာဟာ တကယ်တော့ အသိဉာဏ်၊ ယဉ်ကျေးမှုနဲ့ ကိုယ်ချင်းစာနာခြင်း သုံးမျိုးပေါင်းစပ်ထားတဲ့ လူတစ်ယောက်ချင်းစီရဲ့အသိစိတ်ဓာတ်ပါ"ဟု စိုးပြည့်သဇင်က ပြောကြားခဲ့ခြင်းဖြစ်သည်။

စည်းကို ကျော်ခွနင်းသူများ၊ ကျူးကျော်တတ်သူများ၊ အသိဉာဏ်ချို့တဲ့သဖြင့် မသိမသာ ကျော်လွှန်လာသူများ ရှိကြပြီး စည်းအပေါ် လူတစ်ဦးချင်း၏ ခံယူမှုသည်လည်း ကွာခြားတတ်ကြောင်း၊ ကိုယ်ပေါင်းသင်းဆက်ဆံမည့် သူ၏ စံသတ်မှတ်ထားသည့် စည်းများကို လေ့လာသဘောပေါက်မှသာ လူအချင်းချင်းပေါင်းသင်းဆက်ဆံရေး ပိုမိုအဆင်ပြေနိုင်ကြောင်း ရေးသားထားခြင်း ဖြစ်သည်။

စိုးပြည့်သဇင်၏ ရေးသားချက်များအပေါ် ဝေဖန်သူ၊ ထောက်ခံသူအများအပြားရှိခဲ့ပြီး ငယ်ရွယ်သော်လည်း အလုပ်လုပ် နိုင်စွမ်းရည်နှင့် အတွေးအခေါ်မြင့်မားသည်ဟု ထောက်ခံသူများက မှတ်ချက်ပေးကြသကဲ့သို့ ပြဿနာတစ်စုံတစ်ရာအတွက် ဖြေရှင်းနေခြင်းဟု ယူဆသူများလည်းရှိသည်။ သို့သော် အနုပညာရှင်များထံမှ ရှားပါးသည့် ထင်မြင်ချက်အဖြစ် အားပေးသူများက ပိုမိုများပြားနေသည်ကို မြင်တွေ့ရသည်။

"ကိုယ့်စည်းပဲ ကိုယ်သိပြီး သူတစ်ပါးစည်းကိုတော့ ဂရုမစိုက်ရင် တရားမျှတမှု၊ ကိုယ်ချင်းစာနာမှု ခေါင်းပါးသူ၊ အတ္တကြီးသူ ဖြစ်လာမှာပါ။ ဖြစ်တော့ ဘာဖြစ်သလဲဆိုရင် ဘာမှတော့ မြင်သာထင်သာ မဖြစ်ပါဘူး။ သို့သော် လူအများရဲ့ ကိုယ့်အပေါ်မြင်တဲ့ မှတ်ချက်မှာ အနုတ်လက္ခဏာတွေ များလာမှာပါ။ သိပ်များလာရင် ကိုယ်ဟာ မှတ်ချက်ဆိုးများနဲ့ ကျော်ကြားသူ ဖြစ်လာမှာပါ။ ကျွန်မတို့ငယ်ငယ်ကလို ထုပ်ဆီးတိုးတမ်းကစားမှ မဟုတ်ပါဘူး။ လူ့လောကကြီးမှာ နေရာတကာ ထမင်းရည်ပူစည်းဆိုတာ ရှိပါတယ်။ စည်းကိုကျော်မိရင် ထမင်းရည်ပူလောင်မှာပါ"ဟု စိုးပြည့်သဇင်က ရေးသားထားခြင်း ဖြစ်သည်။

**ကိုလင်း**



## အဆိုတော် ၁၁ဦးပါဝင်ထားသည့် "အချစ်အိမ်" အခွေ ဖြန့်ချိမည်

ယခုလ ၁၆ တွင် စတင်ဖြန့်ချိမည့် "အချစ်အိမ်"ဟု အမည်ပေးထားသည့် တေးစီးရီးတွင် အဆိုတော်နီတာ၊ D ဖြိုး၊ ဆိုတေး၊ အိုင်ရင်းဇင်မာမြင့်၊ ချောငယ်၊ စိုင်းသူ၊ MOH၊ နေလုံး၊ ဆာရာဆောင်းဦး၊ မိန်းနှင့် ဒီရဲဂျာတို့က သီဆိုထားပြီး တေးရေး ဇဝါ၊ ဟဲ လေး၊ D ဖြိုး၊ ဆိုတေး၊ ကောင်းကောင်း၊ ဂျွန်ဟိန်း၊ စိမ့်၊ ခင်ဆွေလင်း၊ ဘရန်မိုင် (EZ)၊ နေလုံး၊ Sky (Rose Buma)၊ မင်းနွယ်စိုး၊ မိုးည၊ ကျော်မင်းစိန် (Power Plus)တို့ကရေးသားထားသည့် သီချင်းစုစုပေါင်း ၁၇ပုဒ် ပါဝင်ကြောင်း သိရသည်။

"ဒီအခွေလေးထဲက သီချင်းအားလုံးက ကိုယ်ပိုင်သံစဉ်လေးတွေချည်းပဲ ဖန်တီးထားတာတာပါ။ ကျွန်တော်တို့ ပါဝင်တဲ့ အဆိုရှင်တွေ ကိုယ်တိုင် စိတ်ကြိုက် ရွေးချယ်ထားတဲ့ သီချင်းတွေချည်းပါပဲ။ အခွေအတွက် တစ်နှစ်ကျော်လောက်အချိန်ပေးခဲ့ရတယ်။ တစ်ကိုယ်တော်ခွေထွက်ထားတဲ့ အဆိုတော်တွေနဲ့ ကျွန်တော်တို့ အရင်ကတည်းက လုပ်နေကျအဆိုတော် D ဖြိုး၊ ဆိုတေး၊ အိုင်ရင်းဇင်မာမြင့်၊ ချောငယ်၊ ကျွန်တော်ရယ် အားလုံး စုပေါင်းလုပ်ထားတဲ့ အခွေလေးပါ။ အဖွဲ့လိုက် ပေါင်းလုပ်တာက အခုဆိုပိုလည်းထိရောက်တယ်။ ပရိသတ်အတွက်လည်း တန်ပါတယ်။ ကိုယ်တွေလုပ်ရတဲ့ သူတွေလဲကြိုက်တယ် ။ နှစ်ပုဒ်ဆို နှစ်ပုဒ်လောက်ပဲ မပင်ပန်းတော့ဘူး။ ကိုယ့်စိတ်ကြိုက် သီချင်းလေးတွေ ဖန်တီးပြီးပရိသတ်ကိုချပြနိုင်တယ်။ တစ်ကိုယ်တော်ခွေကြတော့ သီချင်းအများကြီး လုပ်ပြရတယ်။ အခွေမထွက်ခင် စုပေါင်းလုပ်တဲ့ထဲမှာ အရင်လုပ်ပြီးမှ ထွက်ရင်ပိုကောင်းတယ်ထင်လို့ ကျွန်တော်ဆိုနောက်ပိုင်းအဲ့လိုလေး တွေ လုပ်ဖြစ်တာပါ"ဟု တေးသံရှင် နီတာက ဆိုသည်။

အဆိုတော် နီတာအနေဖြင့် အတွဲခွေ များစွာတွင် တွေ့လာရပြီး တစ်ကိုယ်တော်အခွေအဖြစ် နေသာချိန်၊ အချိန်မရွေးစသည့် စီးရီးများထွက်ရှိခဲ့ပြီး တတိယ တစ်ကိုယ်တော် အခွေကိုလည်း မွေးနေ့တွင် ထွက်ရှိနိုင်ရန် ပြင်ဆင်နေကြောင်း သိရသည်။

"အခုနောက်ထက် တတိယထွက်မယ့် အခွေက "နောက်မဆုတ်ကြေး" လို့ အမည်ပေးထားပါတယ်။ သီချင်းလေးတွေကို ကိုဇဝါ ကရေးပေးထားတာများတယ်။ သီချင်းတွေကို နာမည်ပေးတာကလည်း ဖြစ်ရပ်လေးတွေအပေါ် အခြေခံပြီး ပရိသတ်နဲ့ ထပ်တူကျစေမယ့် အရာလေးတွေကို ရွေးပေးဖြစ်တာပါ ။ ကျွန်တော်က သူများတွေလို သီချင်းအားလုံးစုံမှ ခေါင်းစဉ်ရွေးပေးတာမဟုတ်ပါဘူး ။ သီချင်းခေါင်းစဉ်ကို အရင်ရွေးပြီးမှ ကျွန်တော်က နောက်သီချင်းတွေ ထပ်ဖန်တီးလိုက်တာပါ"ဟု ဆိုသည်။

အဆိုပါ တေးစီးရီးတွင် တေးသီချင်း ၁၉ပုဒ်ရွေးချယ်ထားပြီး ထိုအထဲမှ အပြီးသတ် ၁၄ပုဒ် ရွေးချယ်သွားမည် ဖြစ်ကြောင်းသိရသည်။ အွန်လိုင်းတွင်လည်း မင်းသားစွမ်းဇာနည်က ကြိုက်နှစ်သက်၍ Live လွှင့် သီဆိုပြရာမှ ပရိသတ်ပေါင်းသောင်းကျော် အားပေးမှုရခဲ့ကြောင်း အဆိုတော် နီတာအနေဖြင့် ဘုရားသီချင်းအဖြစ် တစ်ကိုယ်တော်ခွေထွက်ရန်ပြင်ဆင်ထားကြောင်း သိရသည်။

**ကိုလင်း**

# တတိယအကြိမ်ကမ္ဘာ့ဘာသာပေါင်းစုံမဟာမိတ်များ၏ ငြိမ်းချမ်းရေးအစည်းအဝေးကျင်းပမည်

**ရန်ကုန် ဇူလိုင် ၇**

တတိယအကြိမ်ကမ္ဘာ့ဘာသာပေါင်းစုံ မဟာမိတ်များ၏ ချစ်ကြည်ငြိမ်းချမ်းရေး အစည်းအဝေး(3[rd] AWARPS) ကို တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့၌ စက်တင်ဘာ ၁၇ ရက်မှ ၁၉ ရက်အထိ Heavenly Culture, World Peace, Restoration of Light (HWPL) က ဦးဆောင်၍ ကျင်းပမည် ဖြစ်သည်။

တတိယအကြိမ် ကမ္ဘာ့ဘာသာပေါင်းစုံမဟာမိတ်များ၏ ချစ်ကြည်ငြိမ်းချမ်းရေး အစည်းအဝေးသို့ နိုင်ငံတကာမှ ဘာသာရေးခေါင်းဆောင်များနှင့် ကမ္ဘာ့ငြိမ်းချမ်းရေးဗဟုသုတများကို ကမ္ဘာသူ၊ ကမ္ဘာသားများထံ အသိပညာဖြန့်ဝေပေးနိုင်ရေးအတွက် နိုင်ငံတကာ မီဒီယာများ တက်ရောက်နိုင်ရန် ဖိတ်ကြားထားပြီး မြန်မာနိုင်ငံမှ ဘာသာပေါင်းစုံခေါင်းဆောင်များ တက်ရောက်ကြမည်ဖြစ်ကြောင်း www.hwpl.kr ၏ ပြန်ကြားရေးတာဝန်ခံက ပြောကြားသည်။

၂၀၁၄ ခုနှစ် စက်တင်ဘာ ၁၆ရက်မှ ၁၈ရက်အထိ ကျင်းပသည့် ကမ္ဘာ့ဘာသာပေါင်းစုံ မဟာမိတ်များ၏ချစ်ကြည်ငြိမ်းချမ်းရေးအစည်းအဝေးကြီးတွင် သီတဂူဆရာတော် အရှင်ဉာဏိဿရ (အဂ္ဂမဟာပဏ္ဍိတ၊ Ph.D., D.Litt.)က ဘာသာရေး ခေါင်းဆောင်များ၊ စိတ်ဓာတ်ရေးရာခေါင်းဆောင်များ၊ လူမှုရေးခေါင်းဆောင်များ၊ နိုင်ငံရေးခေါင်းဆောင်များ အားလုံး မေတ္တာ၊ ကရုဏာ၊ ခန္တီ၊ သစ္စာ၊ သီလနှင့် ခွင့်လွှတ်ခြင်း၊ သည်းခံခြင်း၊ ကိုယ်ကျိုးစွန့်လွှတ်ခြင်း၊ အယူမသီးခြင်း၊ အစွန်းမရောက်ခြင်းတို့ဖြင့် တူညီသော ဘုံလမ်းကြောင်းပေါ်တွင် လက်တွဲလမ်းလျှောက်နိုင်ကြပါစေကြောင်း ထည့်သွင်းမိန့်ကြားခဲ့သည်။

ကမ္ဘာ့ဘာသာပေါင်းစုံ ချစ်ကြည်ငြိမ်းချမ်းရေးညီလာခံကို ၂၀၁၃ ခုနှစ်တွင်စ၍ ဆောင်ရွက်ခဲ့ပြီး ကမ္ဘာ့လူငယ်များ ခွန်အားတက်စေရန်နှင့် ငြိမ်းချမ်းရေး တည်ဆောက်မှုဖြစ်စဉ်အတွက် ငြိမ်းချမ်းရေး ယဉ်ကျေးမှုထွန်းကားလာစေရန် ငြိမ်းချမ်းရေးအသိတရားများ ပြန့်ပွားလာစေရန်ရည်ရွယ်၍ နိုင်ငံမတူ၊ ဘာသာမတူသူများ၊ လူမျိုးကွဲများအကြား ငြိမ်းချမ်းစွာပြောမယ်၊ ငြိမ်းချမ်းစွာလျှောက်လှမ်းကြမယ်၊ အစွန်းရောက်မှုများမှ ကာကွယ်ကြပါစို့ ကို နိုင်ငံပေါင်း ၄၃ နိုင်ငံရှိ မြို့ကြီး ၈၅ မြို့တွင် ငြိမ်းချမ်းရေး လှုပ်ရှားမှုများကို ကျင်းပခဲ့ပြီး ဆိုးလ်၊ နယူးယောက်၊ ပါရီ၊ ဂျီနီဗာ၊ ပေကျင်း၊ တိုကျို၊ ဒေလီ၊ ကိတ်တောင်းနှင့် ဆစ်ဒနီမြို့များတွင်လည်း ကျင်းပခဲ့သည်။

အလားတူ နိုင်ငံပေါင်းစုံငြိမ်းချမ်းရေးဆွေးနွေးပွဲများကို ယူကရိန်းနိုင်ငံ၊ နိုင်ဂျီးရီးယား၊ မလေးရှား၊ အယ်ဂျီးရီးယားတို့တွင် အွန်လိုင်းမှဆွေးနွေးပွဲများကို ပြုလုပ်ခဲ့ပြီး ယူကရိန်း၊ ရုရှား၊ တောင်ကိုရီးယား၊ ဂရိနိုင်ငံတို့တွင် နိုင်ငံတကာ လူထုပါဝင်သည့် ငြိမ်းချမ်းရေးမြှင့်တင်မှုများ လုပ်ဆောင်ရန် အကြံပြုဆွေးနွေးခဲ့ကြသည်။

ဇူလိုင်လတွင် (HWPL) ရန်ကုန်ရုံးခွဲ၏ ဘာသာပေါင်းစုံချစ်ကြည်ငြိမ်းချမ်းရေးဆွေးနွေးပွဲကို ကျင်းပမည်ဖြစ်ပြီး မြန်မာနိုင်ငံတွင်လည်း လာမည့်နှစ်တွင် ဘာသာပေါင်းစုံငြိမ်းချမ်းရေး ညီလာခံကို ကျင်းပသွားနိုင်မည်ဖြစ်ကြောင်း (HWPL)ရန်ကုန်ရုံးခွဲ၏ ပြန်ကြားရေးတာဝန်ခံမစ္စတာ Ericu က ပြောသည်။

**သန့်ဇင်ဝင်း**

# လှိုင်ကော်မြို့နောင်ယားကန်သာယာတွင် ရဲကင်းထားရှိကာ လုံခြုံရေးတာဝန်ဆောင်ရွက်လျက်ရှိ

**လှိုင်ကော် ဇူလိုင် ၇**

ကယားပြည်နယ် လှိုင်ကော်မြို့နောင်ယား (ခ) ရပ်ကွက်အတွင်းရှိ နောင်ယားကန်သာယာ၌ ညအချိန်လာရောက် အပန်းဖြေအနားယူသူများ ဘေးကင်းလုံခြုံစွာအပန်းဖြေ အနားယူနိုင်စေရေးအတွက် လှိုင်ကော်မြို့မရဲစခန်းက အဆိုပါ နောင်ယားကန်သာယာ၌ ရဲကင်းထားရှိကာ ကူညီစောင့်ရှောက်မှုများပြုလုပ်ပေးလျက်ရှိကြောင်း သိရသည်။



နောင်ယားကန်သာယာသည် ယခင်က ချုံနွယ်ပိတ်ပေါင်းများ ဖုံးအုပ်လျက် ညအချိန်တွင် ဒုစရိုက်သမားများ ခိုအောင်းရာနေရာတစ်ခုသဖွယ် ဖြစ်နေခဲ့ရာမှ ၂၀၁၂ ခုနှစ်တွင် ချုံနွယ်ပိတ်ပေါင်းများ ရှင်းလင်းကာ ကန်ပတ်လမ်းဖောက်လုပ်ခြင်း၊ နားနေဆောင်များ ဆောက်လုပ်ခြင်း၊ နားနေစရာထိုင်ခုံငယ်များ တည်ဆောက်ပေးခြင်း၊ လျှပ်စစ်မီးတိုင်များ စိုက်ထူခြင်း၊ ပန်းအလှပင်များ စိုက်ပျိုးခြင်း၊ စားသောက်ဆိုင်များဖွင့်လှစ်ခြင်းစသည်ဖြင့် အပန်းဖြေနားနေစရာနေရာတစ်ခုအဖြစ် ဖန်တီးတည်ဆောက်ပေးခဲ့ရာ နေ့အချိန်တွင် သာမက ညအချိန်ပါ အပန်းဖြေအနားယူသူများဖြင့် စည်ကားလျက်ရှိသည်။

ဤသို့ နောင်ယားကန်သာယာသို့ နေ့ရော ညအချိန်ပါ အပန်းဖြေ အနားယူသူများ လာရောက်လျက်ရှိရာ ညအချိန်လာရောက်အပန်းဖြေသူများအား ဆိုးသွမ်းလူငယ်တချို့က နှောင့်ယှက်ခြင်း၊ ပစ္စည်းအလစ်သုတ်ခြင်းတို့အပြင် အပန်းဖြေအနားယူရန် တည်ဆောက်ပေးထားသည့် ထိုင်ခုံငယ်များ၊ အမှိုက်ပုံးများ၊ မီးသီး၊ မီးချောင်းများအား ဖျက်ဆီးခြင်းများရှိနေခဲ့ကြောင်း သိရသည်။

သို့ဖြစ်၍ နောင်ယားကန်သာယာသို့ အပန်းဖြေအနားယူရန် လာရောက်သူများ အနှောင့်အယှက်ကင်းစွာဖြင့် အပန်းဖြေနိုင်ရေး၊ ၎င်းတို့၏ စက်ဘီး၊ ဆိုင်ကယ်များ ပျောက်ဆုံးမှုမဖြစ်ပေါ်စေရေးတို့အတွက် လှိုင်ကော်မြို့မရဲစခန်းက အဆိုပါကန်တွင် ရဲကင်းတစ်ခုထားရှိကာ လုံခြုံရေးတာဝန် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ကြီးမြင့်နိုင်(လှိုင်ကော်)**

# မိုးညှင်းမြို့နယ်အတွင်း လယ်ယာမြေသုံး ဓာတ်မြေသြဇာများသယ်ယူရန်အခက်ကြုံ

**မိုးညှင်း ဇူလိုင် ၇**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ်အတွင်း တောင်သူလယ်သမားများ၏ လယ်ယာမြေများတွင် ဓာတ်မြေသြဇာများအသုံးပြုရန်အတွက် လိုအပ်လျက်ရှိသော်လည်း သယ်ယူရာတွင် အခက်အခဲများရှိနေကြောင်း သိရသည်။

အဆိုပါလယ်ယာသုံး ဓာတ်မြေသြဇာများကို မော်တော်ယာဉ်များဖြင့် သယ်ယူလျက်ရှိရာ မော်ဟန်ကျေးရွာအနီးရှိ စစ်ဆေးရေးဂိတ်ရှေ့သို့ ဇွန် ၂၆ ရက်မှ စတင်ဖြတ်သန်းသွားလာသည့် လယ်ယာသုံး ဓာတ်မြေသြဇာ အိတ်သယ်ဆောင်သည့် ၁၂ ဘီးကားများအား နိုင်ငံတော်လုံခြုံရေးအရ ဖောက်ခွဲရေးပစ္စည်းအဖြစ်အသုံးပြုနိုင်သည့် အမိုနီယမ်နိုက်ထရိတ်များပါဝင်မှုရှိ မရှိကို စစ်ဆေးနေပြီး ချက်ချင်းပြန်မလွှတ်ပေးနိုင်သဖြင့် တောင်သူများ အခက်တွေ့နေသကဲ့သို့ မော်တော်ယာဉ်များမှာလည်း ရက်ကြာရှည်စောင့်ဆိုင်းနေရသဖြင့် အခက်အခဲနှင့်ကြုံတွေ့နေရကြောင်း မော်တော်ယာဉ်မောင်းတစ်ဦးက ပြောသည်။



အဆိုပါမော်ဟန်စစ်ဆေးရေးဂိတ်တွင် ဓာတ်မြေသြဇာ အမျိုးအစားမျိုးစုံ၊ တံဆိပ်မျိုးစုံပါဝင်သော ဓာတ်မြေသြဇာအိတ်များတင်ဆောင်လာသော မော်တော်ယာဉ် ၁၂ စီးတို့ကို ဇွန် ၂၆ ရက်မှ စတင်တားဆီးစစ်ဆေးခဲ့ရာ စုစုပေါင်း ဓာတ်မြေသြဇာအိတ် ၁၇၄၃ အိတ်ကို သယ်ယူခွင့်မရရှိသေးကြောင်း တောင်သူလယ်သမားများထံမှ သိရသည် ။

တောင်သူများအတွက် ယခုကဲ့သို့ ကြန့်ကြာမှုများမရှိနိုင်အောင် မြို့နယ်အတွင်းရှိတောင်သူများနှင့် ဓာတ်မြေသြဇာအရောင်းဆိုင်များက နယ်ဝေးမှ သယ်ယူလျှင် ဝယ်ယူမည့်သူ၏ အမည်နှင့် ဓာတ်မြေသြဇာအိတ် အရေအတွက်စာရင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး၏ထောက်ခံစာ၊ မြို့နယ်စိုက်ပျိုးရေးရုံးမှ ထောက်ခံစာ၊ တရားဝင်ရောင်းချကုန်ဖြစ်ကြောင်း ကုမ္ပဏီမှ စာရွက်စာတမ်းများ ယူဆောင်သွားရန်လိုအပ်ကြောင်း မြို့နယ်အုပ်ချုပ်ရေးမှူးက ပြောပြသည်။

(ဝမ်)

# ဖန်းမော်မြို့၌ သီတဂူစက္ကူအလင်းတန်း မျက်စိအထူးကုဆေးရုံ အုတ်မြစ်ချမင်္ဂလာကျင်းပ

**ဖန်းမော် ဇူလိုင် ၇**

သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်အဓိပတိဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ၏ သြဝါဒခံယူပြီး ကချင်ပြည်နယ် ဖန်းမော်မြို့တံခွန်တိုင်ကျောင်းတိုက် ဆရာတော် အရှင်ဣန္ဒာသဖအား ဦးစီးနာယကပြုလျက်တည်ဆောက်မည့် ရွှေကျီးနားမဟာစေတီတော်မြတ်အနီး သီတဂူစက္ကူအလင်းတန်း မျက်စိအထူးကုဆေးရုံ အုတ်မြစ်ချမင်္ဂလာအခမ်းအနားကို ဇူလိုင် ၅ ရက်က ကျင်းပခဲ့သည်။



အခမ်းအနား ဖန်းမော်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးထွေးမြင့်နှင့်ဌာနဆိုင်ရာများ၊ အမှတ် (၂၁) စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ် ဒုတိယစစ်ဆင်ရေးကွပ်ကဲရေးမှူး ဗိုလ်မှူးကြီးသိန်းနိုင်၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အေးသွင်နှင့် အလှူရှင်ပရိသတ်တို့က ဘုရား၊ တရား၊ သံဃာရတနာတော်မြတ်သုံးပါး ပူဇော်ကန်တော့၍ သီရိမင်္ဂလာကံဦး ပရိယတ္တိစာသင်တိုက် ဆရာတော် ဘဒ္ဒန္တကေသဝထံမှ ရှစ်ပါးသီလခံယူခြင်း၊ ဆရာတော်များက ပရိတ်တရားတော်များ ရွတ်ဖတ်ပေးသည်။

ထို့နောက် ခရိုင်အုပ်ချုပ်ရေးမှူးနှင့် အလှူရှင်များက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဆရာတော်ကြီးများ ဦးဆောင်၍ သတ်မှတ်နေရာတွင် ရွှေအုတ်၊ ငွေအုတ်၊ မြအုတ်၊ ပတ္တမြားအုတ်များချပေးခြင်းနှင့် အမွှေးနံ့သာရည်များ ပက်ဖျန်းပေးပြီး ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် အလှူရှင်ပရိတ်သတ်များတို့က သတ်မှတ်နေရာများတွင် ဆောင်ရွက်အုတ်မြစ်ချမင်္ဂလာအခမ်းအနား ကျင်းပခဲ့သိရသည်။ **(ခရိုင် ပြန်/ဆက်)**

## စာပေဗိမာန်စာအုပ်အသင်း စာအုပ်ဖြန့်ချိ

**ရန်ကုန် ဇူလိုင် ၇**

ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်စာအုပ်အသင်းက (၂၀၁၄) ခုနှစ် စာပေဗိမာန်စာမူဆုဝတ္ထုတိုပေါင်းချုပ် ဒုတိယဆုရ ထွန်းလှိုင် (မြိုင်)ရေးသားသည့် "မထိုးတစ်ကျပ် ထိုးတစ်ကျပ်နှင့်ကိုယ်တွေ့ဝတ္ထုတိုများ" စာအုပ်ကို စာအုပ်အသင်း၏ ၁၄၅ အုပ်မြောက်စာအုပ်အဖြစ် စာအုပ်အသင်းဝင်များသို့ ဖြန့်ချိလျက်ရှိပါသည်။

ရန်ကုန်မြို့ရှိစာအုပ်အသင်းဝင်များသည် အမှတ်(၅၂၉/၅၃၁)၊ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်အသင်းတွင် လာရောက်ထုတ်ယူနိုင်ပြီး ကျန်အသင်းဝင်များသို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနခရိုင်ရုံးများမှ တစ်ဆင့်လည်းကောင်း၊ စာတိုက်မှတစ်ဆင့်လည်းကောင်း ပေးပို့လျက်ရှိပါသည်။

စာပေဗိမာန်အသင်းဝင်လိုပါက အတွင်းရေးမှူး၊ စာပေဗိမာန်စာအုပ်အသင်း အမှတ် (၅၂၉/၅၃၁) ကုန်သည်လမ်း၊ ရန်ကုန်မြို့၊ဖုန်း ၀၁-၂၄၉၀၃၁၊၃၈၀၄၄၈ သို့ လိပ်မူ၍ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ယဉ်ကျေးမှုပြတိုက် ဆောက်လုပ်ပြီးစီးရန် အလှူငွေပေးအပ်

**တနင်္သာရီ ဇူလိုင် ၇**

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့၌ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များကို တစုတစည်းတည်း ထိန်းသိမ်းစုဆောင်း၍ သမိုင်းအမွေအနှစ်များကို အစဉ်ထိန်းသိမ်းထားရှိနိုင်ရန်ရည်ရွယ်ကာ ယဉ်ကျေးမှုပြတိုက်ကို ဆောက်လုပ်လျက်ရှိရာ အမြန်ဆောက်လုပ်ပြီးစီးနိုင်ရန်အတွက် စေတနာရှင်များက ဇူလိုင် ၅ ရက်က ချောင်းကြီးရပ်ကွက် Family စားသောက်ဆိုင်၌ အလှူငွေပေးအပ်ခဲ့သည်။

စေတနာရှင်များက လှူဒါန်းသည့် စုစုပေါင်းငွေကျပ် ၁၁ သိန်းကို မြို့နယ်စည်ပင်သာယာရေးကော်မတီအဖွဲ့ဝင် ဦးအေးသော်က လက်ခံရယူခဲ့ကြောင်း သိရသည်။ **နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)**

# လမ်းမြေပေါ်ရောက်ရှိနေသည့် ဈေးသည်များအား ပြန်လည်နေရာချထားပေးနိုင်ရေး ရှင်းလင်း



**မိတ္ထီလာ ဇူလိုင် ၇**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် ပေါက်ချောင်းရပ်ကွက်တွင်ရှိသော ပေါက်ချောင်းပျံ့ကျဈေးမှ လမ်းမြေပေါ်ရောက်ရှိနေသည့် ဈေးသည်များအား စနစ်တကျပြန်လည်နေရာချထားပေးနိုင်ရေးအတွက် ဇူလိုင် ၄ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီတာဝန်ရှိသူများက ရှင်းလင်းဆောင်ရွက်ကြောင်း သိရသည်။

"အရင်တုန်းက ဈေးသည်တွေက သတ်မှတ်နေရာအတွင်းမှာပဲ ရောင်းချနေရာက လူသွားလမ်းမမြေနေရာပေါ်ကို တဖြည်းဖြည်း ရောက်ရှိလာတယ်။ ဒီလမ်းကနေဖြတ်သွားကြတဲ့ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နဲ့ လမ်းသွားလမ်းလာတွေအနေနဲ့ လမ်းမပေါ်ရောက်နေတဲ့ ဈေးသည်တွေကြောင့် လမ်းပိတ်ဆို့မှုတွေ ဖြစ်နေတာကြောင့် အခုလိုလမ်းပေါ်ရောက်တဲ့ ဈေးသည်တွေရဲ့ နေရာများကို ဖယ်ရှားရှင်းလင်းတာပါ။ ပြီးတော့ အဲဒီဈေးသည်တွေကို လမ်းပေါ်မရောက်အောင် စနစ်တကျ နေရာပြန်လည်ချထားပေးသွားမှာ ဖြစ်ပါတယ်"ဟု မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဒေါ်နီလာဝင်းကပြောသည်။

"ဒါပေမယ့် လမ်းပိတ်ဆို့တာ အဲဒီဈေးသည်တွေကြောင့်ချည်းမဟုတ်ဘူး အဲဒီလမ်းမြောက်ဘက်ကပ်လျက် မြို့နယ်အားကစားကွင်းပရိဝုဏ်မှာ ဖွင့်လှစ်ရောင်းချတဲ့ ဈေးဆိုင်ခန်းများရဲ့ ရှေ့မှာရပ်နားထားတဲ့ ဈေးရောင်းဈေးဝယ်တွေရဲ့ မော်တော်ဆိုင်ကယ်တွေ၊ တွန်းလှည်းတွေကြောင့်လည်း ဖြစ်တာမို့ အဲဒါတွေကို ဖယ်ရှားရှင်းလင်းပေးမှ လမ်းပိတ်ဆို့တာ သက်သာလျော့နည်းသွားမှာပါ"ဟု ပေါက်ချောင်းရပ်ကွက်ဒေသခံတစ်ဦးက ပြောသည်။ ပေါက်ချောင်းပျံ့ကျဈေး၏ ပင်မ ရုံ ၁၊ ရုံ ၂၊ ရုံ ၃ နေရာများတွင် ဈေးသည် ၁၂၈ ဦး၊ မြောက်ဘက်ကပ်လျက်တွင် ဈေးသည် ၆၂ဦး၊ ဈေးတောင်ဘက်ကပ်လျက်တွင် ၅၇ ဦး ဖွင့်လှစ်ရောင်းချနေပြီး ပေါက်ချောင်းပျံ့ကျဈေးတွင် ရောင်းချလျက်ရှိကြောင်း သိရသည်။ **ချမ်းသာ (မိတ္ထီလာ)**

# တိုင်းဒေသကြီးနှင့်ပြည်နယ် ဘိလိယက်နှင့်စနူကာပြိုင်ပွဲတွင် အောင်ပွဲရ မန္တလေးတိုင်းဒေသကြီးအသင်းအားဂုဏ်ပြု

**မန္တလေး ဇူလိုင် ၇**

မန္တလေး မဟာအောင်မြေမြို့နယ် အားကစားပြိုင်ဝင်းအတွင်း မန္တလေးတိုင်းဒေသကြီး ဘိလိယက်နှင့် စနူကာဆပ်ကော်မတီမှ ကိုယ့်အားကိုယ်ကိုးဖြင့် တည်ဆောက်ပြီးစီးသွားသော ဘိလိယက်နှင့်စနူကာအားကစားခန်းမသစ်ဖွင့်ပွဲ၊ လွှဲပြောင်းပေးအပ်ပွဲနှင့် တိုင်းဒေသကြီးနှင့်ပြည်နယ် ဘိလိယက်နှင့် စနူကာပြိုင်ပွဲတွင် အောင်ပွဲရမန္တလေးတိုင်းဒေသကြီး ဘိလိယက်အသင်းအား ဂုဏ်ပြုပွဲအခမ်းအနားကို ဇူလိုင် ၅ ရက်က အဆိုပါ အားကစားခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစိုင်းကျော်ဇော၊ တိုင်းဒေသကြီးအားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝေဇင်နှင့် တိုင်းဒေသကြီး ဘိလိယက်နှင့်စနူကာ ဆပ်ကော်မတီဥက္ကဋ္ဌ ဦးဆောင်ဆောင်စိန်တို့က ဘိလိယက်နှင့် စနူကာခန်းမအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် တိုင်းဒေသကြီးတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းဒေသကြီးဘိလိယက်နှင့် စနူကာဆပ်ကော်မတီဥက္ကဋ္ဌက ကိုယ့်အားကိုယ်ကိုးဖြင့် တည်ဆောက်ပြီးစီးပြီဖြစ်သော အားကစားသမားများလေ့ကျင့်မည့် ဘိလိယက်နှင့်စနူကာအားကစားခန်းမနှင့်ပတ်သက်၍ ရှင်းပြသည်။

ဆက်လက်၍ အောင်ပွဲရ တိုင်းဒေသကြီး ဘိလိယက်နှင့်စနူကာအုပ်ချုပ်သူ



ဦးမျိုးတင့်က အားကစားသမားများနှင့်မိတ်ဆက်ကာ ပြိုင်ပွဲအတွေ့အကြုံများကို ရှင်းလင်းတင်ပြပြီး ပထမဆွတ်ခူးရရှိခဲ့သော တံခွန်စိုက်ဆုဖလားအား တိုင်းဒေသကြီး တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးထံ ပြန်လည်လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဘိလိယက်နှင့်စနူကာဆပ်ကော်မတီမှ အောင်ပွဲရအားကစားသမားများကို ဂုဏ်ပြုဆုငွေကျပ် ၁၁ သိန်းချီးမြှင့်ခဲ့ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

## မြစိမ်းရောင်စီမံကိန်းလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**နောင်ချို ဇူလိုင် ၇**

နောင်ချိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများသည် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်မည့် မြစိမ်းရောင်စီမံကိန်းကျေးရွာများဖြစ်သော ဒိုးပင်ကျေးရွာအုပ်စု၊ လုံခံကျေးရွာ၊ ငုက္ခကျေးရွာအုပ်စု၊ ငါးဆူကျေးရွာအုပ်စု၊ ကံကြီးအုပ်စု၊ ပိန္နဲကုန်းကျေးရွာ၊ တောင်ရှည်ကျေးရွာအုပ်စု၊ မက်လွတ်ကျေးရွာ၊ အင်းဖိုကျေးရွာ၊ ရွှေကူလက်ပံကုန်းကျေးရွာနှင့် ခိုအုံအုပ်စု၊ ယင်းငူပင်ကျေးရွာများ၌ ဇူလိုင် ၃ ရက်က မြစိမ်းရောင်စီမံကိန်းအကြောင်း မိတ်ဆက် ရှင်းလင်းခဲ့သည်။ ကျေးရွာအဆင့်တွင် ဖွဲ့စည်းထားရှိရန်လိုအပ်သည့် မြစိမ်းရောင်ရန်ပုံငွေကြီးကြပ်မှု ကော်မတီနှင့် မြစိမ်းရောင်ဘဏ္ဍာရေးကော်မတီများအား ဖွဲ့စည်းပေးအပ်ခဲ့ပြီး သင်တန်းများဆက်လက်ပို့ချနိုင်ရေး ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**စိုးဝင်း**

# ရွှေလင်ပန်းစက်မှုဇုန် တပင်ရွှေထီးလမ်းမကြီးဘေးကျူးကျော်တဲအချို့စတင်ဆောက်လုပ်နေထိုင်လျက်ရှိ

**ရန်ကုန် ဇူလိုင် ၇**

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် ရွှေလင်ပန်းစက်မှုဇုန် တပင်ရွှေထီးလမ်းမကြီးဘေး၌ ဇူလိုင် ၅ ရက်က ကျူးကျော်တဲနှစ်လုံးစတင်နေထိုင်လျက်ရှိရာ လှိုင်သာယာမြို့နယ်တွင် ကျူးကျော်တဲများ မရှင်းလင်းနိုင်မီ ထပ်မံ၍ တိုးပွားဆောက်လုပ်လာနိုင်သည့်အတွက် ကျူးကျော်မှုပြဿနာကို အဆမတန် ကြီးထွားမလာမီ ရှင်းလင်းမှသာ ဖြေရှင်းနိုင်မည်ဖြစ်သည်။



တပင်ရွှေထီးလမ်းမကြီးတွင် ကျူးကျော်တဲ ၅၀ ကျော် ဆောက်လုပ်နေထိုင်ကြသည်မှာ နှစ်နှစ်ကျော်ပြီဖြစ်ပြီး ယခုဆောက်လုပ်သောတဲနှစ်လုံးနေရာမှာ ကားလမ်းဘေး မြေလွတ်မြေရိုင်းဖြစ်သောကြောင့် မြေနေရာအရောင်းအဝယ် အရှုပ်အရှင်းဖြင့် ကျူးကျော်တဲများထပ်မံတိုးပွားလာမည်ကို အမြန်ဆုံးရှင်းလင်းဖယ်ရှားရန် လိုအပ်နေကြောင်း သိရသည်။

**(၁၆၄)**

## အင်္ဂလိပ်စကားပြော သင်တန်းဆင်းပွဲကျင်းပ

**သီပေါ ဇူလိုင် ၇**

ရှမ်းတောင်တန်းဒေသလူငယ်ကွန်ရက်မှ ကြီးမှူးဖွင့်လှစ်ခဲ့သော (၇)ကြိမ်မြောက် အင်္ဂလိပ်စကားပြောသင်တန်းဆင်းပွဲအခမ်းအနားကို ဇူလိုင် ၅ ရက်က ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့ မန်ဟဲကျေးရွာ သီရိမင်္ဂလာရွာဦးဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ရှမ်းလူငယ်ကွန်ရက်နာယက ဦးဆန်စိုင်း(မန်ဟဲ)က အမှာစကားပြောကြားသည်။

ထို့နောက် သင်တန်းတွင် အလှူငွေများ ထောက်ပံ့ကူညီသူ များနှင့်သင်တန်းသားများ ဂုဏ်ပြုလွှာနှင့် သင်တန်းဆင်းလက်မှတ်များကို တာဝန်ရှိသူများက ပေးအပ်ခဲ့ကြသည်။ အဆိုပါသင်တန်းသို့ သီပေါ၊ ကျောက်မဲ၊ လားရှိုး၊ မူဆယ်၊ နမ့်ခန်း၊ သိန်းနီ၊ မြစ်ကြီးနား၊ ပူတာအိုမြို့နယ်တို့မှ ရှမ်းတိုင်းရင်းသားလူငယ်မောင်မယ် ၁၅၀ ကျော် တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ တစ်လခွဲကြာမြင့်ခဲ့ကြောင်း သိရသည်။

**စိုင်း(သီပေါ)**



အကန့်အသတ်မဲ့တဲ့
မြန်နှုန်းမြင့် 4G
မြန်မာ့ပထမဆုံးနဲ့
အမြန်ဆုံး 4G အင်တာနက်ဟာ
ပိုပြီးမြန်ဆန်လာပါပြီ
ooredoo
ပျော်ရွှင်ခံစား အင်တာနက်စွမ်းအား
PLUS
4G


A Sincere THANK YOU to people across Myanmar.
Today, we proudly provide our service through 20 showrooms in 7 divisions nationwide.
Sagaing
Mandalay
Magway
NayPyiTaw
Yangon
Pathein
Mawlamyine
ဆူဇူကီးရဲ့မြန်မာပြည်သူပြည်သားများကို အထူးကျေးဇူးတင်ရှိကြောင်း ဖော်ပြရန်
ကျွန်တော်တို့ရဲ့ဆူဇူကီး(မြန်မာ)ကုမ္ပဏီမှ မြန်မာပြည်အတွက် နောက်ထပ် ကတိကဝတ်တွေကို အကောင်အထည်ဖော်ဖို့ စီစဉ်ထားပါတယ်။
(၁) ၂၀၁၈ ခုနှစ်မှ စတင်ပြီး သီလဝါအထူးစီးပွားရေးဇုန်မှာ ဆူဇူကီး(မြန်မာ)ရဲ့ခေတ်မီသစ်လွင်တဲ့ မော်တော်ကားထုတ်လုပ်ရေးစက်ရုံ စတင်လည်ပတ်ပါမယ်။
(၂) အရည်အသွေးနဲ့ စွမ်းရည်တိုးမြှင့်ထားတဲ့ ထုတ်လုပ်ရေးစွမ်းအားကြောင့် အရေအတွက်ပိုများတဲ့ မော်တော်ကားများကို ထုတ်လုပ်ဖြန့်ဖြူးနိုင်ရန် ပြင်ဆင်ထားပြီးဖြစ်ပါတယ်။
(၃) မြန်မာပြည်အနှံ့က ဒေသတွေမှာ ဆူဇူကီး တရားဝင်အရောင်းပြခန်းတွေကို ထပ်မံတိုးချဲ့ဖွင့်လှစ်သွားဖို့ စီစဉ်ထားပါတယ်။
(၄) မြန်မာပြည်က ဆူဇူကီးကားအသုံးပြုသူများအတွက် အရည်အသွေးမြင့်မားတဲ့ဝန်ဆောင်မှုများ ပေးနိုင်ရန် ဆောင်ရွက်လျက်ရှိပါတယ်။
JAPAN STANDARD
ERTIGA
Ciaz
Sagaing
Mandalay
Magway
NayPyiTaw
Pathein
Yangon
Mawlamyine
လူကြီးမင်းက မြန်မာပြည်အတွက် ပိုမိုတောက်ပတဲ့အနာဂတ်တစ်ခု တည်ဆောက်ပေးချင်တယ်ဆိုရင် ကျွန်တော်တို့ရဲ့ဆူဇူကီး(မြန်မာ)က လူကြီးမင်းကို ဆူဇူကီးရဲ့တရားဝင်အရောင်းပြခန်းကွန်ရက်ကို အားဖြည့်တိုးချဲ့ရင်း တိုးတက်ဖွံ့ဖြိုးမှုဆီသို့ ကျွန်တော်တို့နဲ့အတူ လျှောက်လှမ်းဖို့ ဖိတ်ခေါ်ပါရစေ။
Contact us at CALL CENTER 01-2399-777
Dealership Network
Yangon
(1) Lwin and Swan 01-393070
(2) Aung Motor 01-655813
(3) Myo Motor 01-400399
(4) Yenadi Motor 01-201619
(5) CACT 09-454247772
(6) MC Ayeyar 01-578262
(7) Garmanit Zaya 09-777884888
(8) Yangon Suzuki 09-777735353
(9) MMC 09-444785775
(10) Farmer Auto 09-456844645
(11) MADP 09-425473949
Mandalay
(12) United Eleven 09-257199911
(13) MADP-AIG 09-73040366
(14) Century 09-777777085
Sagaing
(15) CKA 09-975551944
Pathein
(16) CGDC 09-771212985
Nay Pyi Taw
(17) Ayeyar Hinthar 09-787148795
(18) Farmer Auto 09-5601364
Magway
(19) Farmer Auto 09-421035998
Mawlamyine
20) Mawlamyine Suzuki 09-422615945
Suzuki (Myanmar) Motor Co., Ltd.
Plot No. 476 (C), Moegoke St., Block No.(23), Industrial Zone,
South Dagon Township, Yangon, Myanmar.
www.facebook.com/Suzuki-Myanmar-Motor-Co-Ltd
SUZUKI THILAWA MOTOR CO., LTD.
Plot No.A-1, Zone A, Thilawa Special Economic Zone.
SUZUKI
Way of Life!

စိန်ရွှေရတနာ ဝေဖြာထွန်းတောက် ပြီးမြောက်အောင်မြင်

# TW သိဒ္ဓိဝင် စိန်ရွှေရတနာဆိုင်

## ကျေးဇူးတင် ဝမ်းမြောက် ဂုဏ်ယူကြောင်း သဝဏ်လွှာ

သိဒ္ဓိဝင် စိန်ရွှေရတနာဆိုင် ဒုတိယအကြိမ်မြောက်ကားကံထူးရှင်ရွေးချယ်ပွဲကြီးကို ၂-၇-၂၀၁၇(တနင်္ဂနွေနေ့) Western Park (Polo Club) တွင်စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ပြီးဖြစ်ရာ HONDA FIT ကားကံထူးရှင်များ ဖြစ်ကြသော ကားကံထူးရှင်(၁)-ပေါက်မဲနံပါတ်(၁၃၇၉) မစန်းစန်းသိန်း (မှတ်ပုံတင်-၅/ယမပ(နိုင်)၀၀၄၅၁၀)၊ ကားကံထူးရှင်(၂)-ပေါက်မဲနံပါတ်(၂၈၇၈) မစန်းစန်းဝင်း (မှတ်ပုံတင်-၁၂/အစန(နိုင်)၀၂၆၃၅၅) နှင့် ရွှေတစ်ကျပ်သားကံထူးရှင် တို့အတွက်သိဒ္ဓိဝင်မိသားစုမှ အထူးပင်ဝမ်းမြောက်ဂုဏ်ယူမိပါသည်။









ကံစမ်းမဲဖွင့်ပွဲသို့ တက်ရောက်ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိလူကြီးမင်းများ အားလည်းကောင်း၊
ဝယ်ယူအားပေးကြသော ရွှေချစ်သူအပေါင်းအားလည်းကောင်း၊ အခမ်းအနားစီစဉ်ဆောင်ရွက်ပေးပါသော
မတင်မိုးလွင်(Talents & Models Agency)နှင့်တကွ မော်ဒယ်ညီငယ် ညီမငယ်များအားလည်းကောင်း၊
Western Park (Polo Club) မှမန်နေဂျာနှင့်ဝန်ထမ်းများအားလည်းကောင်း၊
အဖက်ဖက်မှ ဝိုင်းဝန်းကူညီပေးကြသော ကျေးဇူးတင်ထိုက်သူများအားလုံးကို
အထူးပင်ကျေးဇူးတင်ရှိပါကြောင်းမှတ်တမ်းတင်အပ်ပါသည်။ သိဒ္ဓိဝင် လီမိတက် မိသားစု



City College Yangon

PEARSON BTEC Center No: 96045

# UK ENGINEERING DEGREE

Good Engineers in Great Demand
Myanmar Times, Feb. 9, 2017

Civil, Mechanical
Electrical and Electronic

July Intake ENROLL NOW

## WHO CAN ATTEND HND ENGINEERING

- တက္ကသိုလ်ဝင်တန်း(သို့မဟုတ်) IGCSE အောင်မြင်ပြီးသူဖြစ်ရမည်။
- မည်သည့် တက္ကသိုလ်၊ မည်သည့်မေဂျာတွင်မဆို လက်ရှိပညာသင်ကြားနေသူများတက်ရောက်နိုင်သည်။
- AGTI ပထမနှစ်(သို့မဟုတ်)ညီမျှသော Engineering သင်တန်းတစ်ခုခု အောင်မြင်ပြီးသူများတက်ရောက်နိုင်ပါသည်။

## တက္ကသိုလ်ဝင်တန်း ကျရှုံးခဲ့သူများအတွက် ဒုတိယအခွင့်အရေး

- City College ၏ Selection Process အရ ရွေးချယ်ခံရသူများသည် Preparation Course (10) လတက်ရောက်ပြီးနောက် HND Engineering သင်တန်းများ ဆက်လက်တက်ရောက်နိုင်ပါသည်။

Early Registration Discount 200,000 KS

## လုပ်ငန်းခွင် အတွေ့အကြုံများ (Internship)

- HND သင်တန်းများ ပြီးဆုံးချိန်တွင်ကုမ္ပဏီကြီးများသို့အလုပ်သင်အင်ဂျင်နီယာငယ်များအဖြစ်စေလွှတ်ပေးပါမည်။

တက္ကသိုလ်ဝင်တန်းဂုဏ်ထူး (D) Scholarship

| | | |
|---|---|---|
| 1D - 10% | 2D - 20% | 3D - 30% |
| 4D - 40% | 5D - 50% | 6D - 80% |

Diamond Condo, Tower (A), 1st Floor, Hledan, Pyay Road, Yangon. facebook.com/citycollegeyangon 09 450 634402 / 403 / 404

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူ လျှောက်ထားခြင်း**

ယာဉ်အမှတ် ၅၇ယ/၃၂၇၇၀ Honda Scoopy -110, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်မြင့်မြင့်သန်း ၉/သစန(နိုင်)၀၃၁၉၆၅ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊မန္တလေးမြို့**

အဝလွန်၍ စိတ်ညစ်နေသူများ ဗိုက်ပူခါးတုတ်၍ အလိုမကျဖြစ်နေသူများအတွက်
**မလိုအပ်သော သွေးထဲမှ အဆီများ အသားထဲမှ အဆီများကို ဖယ်ထုတ်ပေးပြီး ကိုယ်ခန္ဓာကို ကျစ်လျစ်သွားစေသည့်**

# ကေသီပန် မြတ်သုခ အဆီကျဆေး



အမှတ်တံဆိပ်

နေ့စဉ်သုံးစွဲခြင်းဖြင့် တစ်လအတွင်း သိသာစွာ ကျစ်လျစ်ပေါ့ပါးသွားစေပါမည်။

မှတ်ချက်။ ။ ပိန်ဆေးမဟုတ်ပါ

ကေသီပန်တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး

ပင်ရင်း ယခုလိပ်စာအသစ် ။ ။ မြေအမှတ် 4C(A)၊ အေးသာယာလမ်း၊ ဘောက်ထော်။
ဖုန်း-၀၁-၄၀၁၁၀၀၊ ၀၁-၅၄၅၂၅၉၊ ၀၁-၈၆၀၄၃၆၆

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ရွှေကြာပင်၊ မြေကွက်အမှတ်(၁၂၄၈)၊ ဧရိယာ ၀ဒသမ ၀၈၂၈ကေရှိ ဦးဘိုးအေး (ဘ) ဦးဂေါ်ပြား ၉/လ၀န(နိုင်)၁၀၉၉၅၂ အမည်ပေါက်ပါမစ်မြေကွက်အား ဦးဘိုးအေး ကွယ်လွန်သွားသဖြင့် ဇနီးဖြစ်သူ ဒေါ်ပျုံကြည် (ဘ) ဦးသန်းဟန်မှ လက်ဝယ်ထားရှိပိုင်ဆိုင်ကြောင်း မြေပေးစလစ်မူရင်း၊ တရားရုံးကျမ်းကျိန်လွှာ၊ အိမ်ထောင်စုစာရင်းများတင်ပြ၍ မြေပေးမိန့်လျှောက်ထားလာခြင်းအား ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ပျောက်ဆုံးကြောင်း

ကျွန်တော်စိုင်းနောင်နောင် ၅/ရဘန(နိုင်)၂၁၄၈၄၇၈၏ မြန်မာနိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၅၁၆၃၀၅၃**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁-တိုးချဲ့)၊ လူနေရပ်ကွက်အမှတ်-မင်းနန္ဒာအိမ်ရာ(၂)၊ မြေကွက်အမှတ်(၂၈၁)၏ မြေငှားစာချုပ်(ဂရန်)မူရင်းမှာ ပျောက်ဆုံးသွားပါသဖြင့် မြေငှားစာချုပ်(မိတ္တူမှန်) ထုတ်ယူခွင့်ပြုပါရန် ဒေါ်သီတာဇော် ၁၂/ကမရ(နိုင်)၀၂၈၁၁၄ (KMYT-၀၀၆၈၆၅) မှ လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ မြေယာဌာနခွဲ၊ နေပြည်တော်သို့ သက်ဆိုင်ရာ စာရွက်စာတမ်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေငှားစာချုပ် (မိတ္တူမှန်) ထုတ်ပေးရေးကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြေယာဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**
**နေပြည်တော်**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁-တိုးချဲ့)၊ လူနေရပ်ကွက်အမှတ်-မင်းနန္ဒာအိမ်ရာ(၂)၊ မြေကွက်အမှတ်(၂၈၄)၏ မြေငှားစာချုပ်(ဂရန်)မူရင်းမှာ ပျောက်ဆုံးသွားပါသဖြင့် မြေငှားစာချုပ်(မိတ္တူမှန်) ထုတ်ယူခွင့်ပြုပါရန် ဒေါ်သီတာဇော် ၁၂/ကမရ(နိုင်)၀၂၈၁၁၄ (KMYT-၀၀၆၈၆၅) မှ လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ မြေယာဌာနခွဲ၊ နေပြည်တော်သို့ သက်ဆိုင်ရာ စာရွက်စာတမ်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေငှားစာချုပ် (မိတ္တူမှန်) ထုတ်ပေးရေးကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြေယာဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**
**နေပြည်တော်**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

